PDF Compressor Free Version

သစ်ထောင်ကြီးမုံ

၂၀၂၂ ခုနှစ်၊ မေလေါ်ဝါရီလ

"လူသားနှင့် သဘာဝပတ်ဝန်းကျင် အကျိုးပြုရေး
ရေဝပ်ဒေသများ ထိန်းသိမ်းပေး"

"Wetlands Action for People and Nature"

World Wetlands Day
2 February 2022
Wetlands Action for People and Nature

၂၀၂၂ခုနှစ်၊ မေလေါ်ဝါရီလ(၂)ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အား ဂုဏ်ပြုလိုက်ပါသည်။

PDF Compressor Free Version

မာတိကာ

မျက်နှာပုံး

✧ ကမ္ဘာ့ရေဝပ်ဒေသများနေ့ –၂၀၂၂ — မျက်နှာဖုံး

ခေါင်းကြီး

✧ ရေအောက်သယံဇာတများတည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေး — ၁

သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂–၆

ဘာသာရပ်သိုင်ဂ (ဗဟုသုတ) ကဏ္ဍ

✧ သစ်တောပညာဌာနမှ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ရာပြည့်ခရီး - **ကျော်ကျော်လွင် (၈၂)** — ၈–၁၀

✧ တောင်ငူခရိုင်အတွင်းရှိ ကျွန်းစိုက်ခင်းများ၏ (Growth and Yield Model)အား ဖော်ထုတ်ခြင်းနှင့် ..... - **ရန်မျိုးနိုင်၊ ဦးစီးအရာရှိ** — ၄၁–၄၂

သစ်တောလုပ်ငန်းကဏ္ဍ

✧ ကုလားကံကောင်းတယ် (၆) - **ရောင်နီ (သစ်တော)** — ၂၁–၂၄

✧ သစ်တောသုတေသနဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ (၃) - **သစ်တောသုတေသနဌာန** — ၂၅–၂၇

✧ ယာဉ်ပါပေ့ -**အုန်းလွင်လေး** — ၁၇–၂၀

အခြားသောသက်ဆိုင်ကဏ္ဍ

✧ သိပ္ပံနည်းကျမြန်မာ့သစ်တောပညာအစ - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** — ၇

✧ မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ်လွင်ထင်ရှားထူးခြားမှုများ (၃) - **ဦးဘကောင်း(၃-ညွှန်ချုပ်၊ အပူပိုင်းဒေသစိမ်းလန်းဖိုပြည်ရေးဦးစီးဌာန)** — ၁၁–၁၃

✧ အပြာရောင်စီးပွားရေး (သို့မဟုတ်) ဘလူးအီကော်နော်မီ- **ဒေါက်တာ သောင်းနိုင်ဦး** — ၁၄–၁၆၊ ၂၀

✧ စကားမို့ဆို၊ ပျားမို့ချို၊ စာမို့လို့ရေး(၃)- **ဦးတော်ဦး (ညွှန်မှူး-ပြိမ်း)** — ၃၁–၃၄

✧ အဝိုးတန်ရေချိုသယံဇာတအား အကျိုးရှိစွာ ချွေတာသုံးစွဲကြပါစို့- **သက်သက်ဆွေ (ဦးစီးအရာရှိ)** — ၄၆–၄၈

ဂီဝမျိုးစုံမျိုးကွဲကဏ္ဍ

✧ နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ ရည်ရွယ်ချက်နှင့် ... - **ဝန်းကျင်/သားငှက်** — ၄၉

✧ ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၂ - **ဒေါက်တာ သိန်းအောင်** — ၂၈–၃၀

ရသကဏ္ဍ

✧ လွမ်းဆွတ်သတိရခြင်း(၄) - **ချစ်ဦး(ဧ၂)** — ၃၅–၃၆

✧ အမှောင်ခြားတဲ့နေ့ညများနဲ့ ကျွန်တော် - **အောင်ကျော် (ရမည်းသင်း)** — ၃၇–၃၈

ကဗျာ / ကာတွန်းကဏ္ဍ

✧ ကာတွန်း - **အော်ပီကျယ်** — ၄၂

အင်္ဂလိပ်ကဏ္ဍ

✧ Efficient Use of Renewable Energy for Community Livelihood at Taninthayi Nature Reserve - **U Sein Thet** — ၄၃–၄၅

နောက်ကျောဖုံး

✧ ယမနေပင် - **ဦးဟုတ်လင်း** — ၃၉–၄၀

နောက်ကျောဖုံး

စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ

ဦးဖြိုးစင်မွန်နိုင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့.ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ–၀၀၄၀၀)

စာတည်း

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

စာတည်းအဖွဲ့ဝင်များ

ဦးအောင်ကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် ဦးစီးအရာရှိ (English Editor)

ပုံနှိပ်သူ

ဦးရဲလွင်ဌေး(မြ–၀၁၁၅၅)
ပေါ်ပြူလာမီဒီယာစုပုံနှိပ်တိုက်
(၀–၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ စမ္ဘူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ဝန်ကြီးဌာနခွဲ
extension@forest.gov.mm

PDF Compressor Free Version

ရေနေအက်သယံဇာတများတည်တံ့ခိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြပါ

မြန်မာနိုင်ငံတွင် သန္တာကျောက်တန်းဧရိယာ စုစုပေါင်း(၁၈၇,၀၀၀) ဟက်တာခန့်ရှိမည်ဟု တွက်ချက်ခန့်မှန်းထားပြီး သန္တာကျောက်တန်း မျိုးစိတ် ပေါင်း(၅၁၂)ခန့်ရှိသည်ဟု လေ့လာတွေ့ရှိရပါသည်။ မြေတ်ကျွန်းစု၏ ပင်လယ်ရေအောက်ကြမ်းပြင်တွင် ရေအောက်သယံဇာတများစွာတည်ရှိပါသည်။ ပင်လယ်ရေအောက်မှာရှိသောသက်ရှိများသည် လူသားများ အသက်ရှင်နေထိုင်မှုနှင့် ဆက်စပ်နေသည့်အတွက် ယင်းတို့အပေါ် ချစ်မြတ်နိုးတတ်ဖို့ လိုအပ်လှပါသည်။

ပင်လယ်ရေအောက်ကြမ်းပြင်က သန္တာကျောက်တန်းများသည် ရေအောက်မှာရှိသောအကောင်ပေါက်ကလေးများ၊ ပင်လယ်ထဲမျောနေသည့် မျောလေးများကိုစားပြီး ပင်လယ်၏ အမျိုးမျိုးသောဂေဟစနစ်များကို ထိန်းသိမ်းပေးနေသော ကျောရိုးမဲ့သက်ရှိများဖြစ်ပါသည်။ အဆိုပါသန္တာကျောက်တန်းများသည် အလင်းရောင်နှင့်အစာချက်ကြပြီး ပင်လယ်ရေအောက်ထဲတွင် နှစ်ပေါင်းများစွာ အချိန်ယူကြီးထွားနေသောသက်ရှိများဖြစ်ပါသည်။ သန္တာကျောက်မာအမျိုးအစားဖြစ်သည့် TURBINARIA CORAL၊ အကိုင်းအခက်နှင့် STAGHORN CORAL၊ လူဦးနောက်နှင့်တူပြီး ပင်လယ်ထဲတွင် သက်တမ်း ၉၀၀ ခန့်ရှင်သန်နေထိုင်နိုင်သော BRAIN CORAL ၊SOFT CORAL နှင့် SEA LILY ဆိုသည့် သစ်ရွက်ဆုံနှင့်တူသော FEATHER STAR များသည် ပုံစံအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးဖြင့် ပင်လယ်ထဲတွင် ရှင်သန်နေထိုင်ကြပါသည်။

ပင်လယ်ထဲမှ သတ္တဝါများသည် အဆိုပါသန္တာကျောက်တန်းများကို အမှီပြုနေထိုင်ရင်းပေါက်ဖွားကြပါသည်။ လူသားများကုန်းမြေပေါ်တွင် နေထိုင်သည့်အခါ သစ်ပင်များဟာ အရေးကြီးသကဲ့သို့ ရေထဲမှာလည်း သန္တာကျောက်တန်းများဟာ အရေးကြီးသည့်အတွက် ပင်လယ်၏ အမြစ်မီး သစ်တောကြီးများဟုခေါ်ဆိုနိုင်ပါသည်။ ပင်လယ်ထဲမှ ငါးပုစွန်များ၏ ပြန့်ပွားမှုသည် လူသားများအသက်ရှင်နေထိုင်ခြင်းကို အဓိက အထောက်အကူပေးနေပါသည်။

ငါး၊ ပုစွန် ဘဝစက်ဝန်းကြီး ကောင်းစွာလည်ပတ်နိုင်မှ လူသားများအသက်ရှင်နေထိုင်မှုမှာလည်း ကောင်းစွာလည်ပတ်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေပိုင်နက်၏ ကန့်သတ်ဧရိယာများတွင် ငါးဖမ်းနေကြသော ငါးဖမ်းစက်လှေကြီးများ၏ BABY TRAW များက ဆွဲယူလိုက်သည့်အခါတွင် သန္တာကျောက်ခက်များသည် ကျိုးပဲ့ကြေမွပြီး ဒဏ္ဍတ်တိုက်ပါသွားခဲ့ရပါသည်။ လှေကြီးများ၏ ငါးဖုံးခွဲမှုများကြောင့် အုပ်စုလိုက် ကူးခတ်နေကြသော ငါးပေါက်သေးလေးများ သေကြေပျက်စီးခဲ့ကြရပြီး ပင်လယ်ရေအောက်ကြမ်းပြင်တွင် လေလွင့်ခဲ့ကြရပါသည်။ မိုင်းဒဏ်ကြောင့် ပင်လယ်ရေအောက်မှ ထုထည်လိုက်၊ အခက်လိုက်ရှိနေကြသော CORAL များသည် အစိတ်စိတ် အမွှာမွှာပြိုကွဲပြီး ယမ်းနံ့ကြောင့် သန္တာများ မျိုးမပွားနိုင်ဖြစ်ရပါသည်။

နောက်လာမည့် လူသားမျိုးဆက်များအထိ ငါးဖမ်းခွင့်ရစေရန်၊ ငါး၊ ပုစွန်စက်ဝန်းကြီး ရေရှည်တည်တံ့စေရန် ရေအောက်သယံဇာတများကို ချစ်တတ်ရပါမည်။ မြန်မာပြည်ရေပိုင်နက်ထဲက ကန့်သတ်ဧရိယာထဲကို ငါးဖမ်းလှေကြီးများဝင်ရောက်မလာရေးဟာလည်း အရေးကြီးလှပါသည်။ ရေရှည်အကျိုးကိုမျှော်ကိုးသောဦးနောက်နှင့် နှလုံးသားရှိသောလူသားပီပီ ရေအောက်ထဲမှသယံဇာတများကို ဝိုင်းဝန်းထိန်းသိမ်းဖို့ရန် တာဝန်ကိုယ်စီရှိသည်ဆိုသည်ကို သိနားလည်ရန်လိုအပ်လှပါတယ်။

အာရှဒေသ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ နောက်ဆုံးခံတပ်အဖြစ် သတ်မှတ်ခံထားရသော မြေတ်ကျွန်းစုနှင့်ဝင်း၏ ရေအောက်သယံဇာတများပျောက်ကွယ်မသွားစေရန် ရေရှည်တည်တံ့စေသော စီမံအုပ်ချုပ်မှုနည်းလမ်းကောင်းများဖြင့် ထိန်းသိမ်းကာကွယ်ကြပါစို့ ဟုတိုက်တွန်းရေးသားလိုက်ရပါသည်။

FOREST

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောဂယက်ကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမှုတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း
လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း
ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းပြေနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နီးကြားထက်ကြွသည့် အသိရှင်သန်နေစေခြင်း
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နီးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

သတင်းများကဏ္ဍ

အမျိုးသားအဆင့်ဘူမိဥယျာဉ်ဆိုင်ရာတော်မတီ ပထမအကြိမ် အစည်းအဝေးခြင်း

အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီပထမအကြိမ်အစည်းအဝေးအား (၃–၁–၂၀၂၂)ရက်နေ့၊ နံနက် (၁၀း၀၀)နာရီ အချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရိုက UNESCO သည် ကမ္ဘာ့ဘူမိဥယျာဉ်(Global Geopark) အစီအစဉ်ကို ၂၀၀၁ တွင်စတင်ခဲ့ပြီး လက်ရှိနိုင်ငံပေါင်း ၄၄ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၆၉ ခုရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ်သတ်မှတ်ခံရရန် အလားအလာကောင်းများ ပိုင်ဆိုင်သည့်နေရာအများအပြားရှိသည့်အနက် ပုပ္ပါးတောင်ဒေသသည် အလားအလာအကောင်းဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းအဆိုမပြုမီ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုပ္ပါးတောင်ဒေသအမျိုးသားအဆင့်ဘူမိဥယျာဉ်ကို ဘူမိနယ်မြေ(Geosite) (၁၅)နေရာဖြင့် အဆိုပြုသွားမည်ဖြစ်ပြီး ယင်းနေရာများတွင် မီးတောင်ကျောက်မျိုးများ၊ ချော်ကျောက်များ၊ အင်ကြင်းကျောက်မျိုးများ၊ ကျောရိုးရှိသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများစွာကို တွေ့ရှိလေ့လာနိုင်မည့်အပြင် ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဆိုပါက ဘူမိခရီးသွားလာရေး Geotourism လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေပြီး အဆိုပါဒေသများအား တန်ဖိုးထားကာကွယ်ထားမှုကို လာရောက်သည့်ခရီးသွားညွှန်ပြသည့်များအား ပြသနိုင်မည့်အပြင် နောင်လာနောက်သားများအတွက်လည်း အတုယူစရာဖြစ်လာစေမှာဖြစ်ကြောင်း၊ ကမ္ဘာ့ဘူမိဥယျာဉ်သည် ကျယ်ပြန့်သောနယ်မြေတစ်ခုကိုလွှမ်းခြုံပြီး ထိန်းသိမ်းကာကွယ်မှု၊ သိမြင်နိုးကြားမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု စသည့်ဒေါက်တိုင်(၃)ခုအပေါ် အခြေခံနေသည့်အတွက် သက်ဆိုင်ရာစီမံခန့်ခွဲမှုဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မှာဖြစ်ကြောင်းပြောကြားသည်။ ဆက်လက်၍ ပုပ္ပါးတောင်ဒေသအား အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်မှုကို ကော်မတီအတွင်းရေးမှူးကလည်းကောင်း၊ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဆိုပြုလွှာမူကြမ်းကို မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌကလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး၊ တင်ပြချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ခြင်းများကို ဆောင်ရွက်သည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး UNESCO အမျိုးသားကော်မရှင်နှင့် မြန်မာနိုင်ငံဘူမိသိပ္ပံ အသင်းအဖွဲ့ဝင်များက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရှိရပါသည်။

သစ်တောဦးစီးဌာန ပြည်နယ်/တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

သစ်တောဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား(၆–၁–၂၀၂၂) ရက်နေ့၊ နံနက်(၀၉း၀၀)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရိုက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်နှင့် သဘာဝဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဓဂဟစနစ်ညီညွတ်မျှတပြီး ပျက်စီးပြုန်းတီးမှုမရှိစေရန် ရည်ရွယ်

PDF Compressor Free Version

ပြီး အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း၊ ခရိုင်သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊

သစ်တောပြုန်းတီးမှုလျှော့ချနိုင်ရန်နှင့် သစ်တောထိန်းသိမ်းမှုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှစတင်၍ ကျွန်းမူရင်းဒေသ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုကို (၁၀)နှစ် ရပ်နားခဲ့ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ကျွန်းနှင့်သစ်မာထုတ်လုပ်မှုကို နှစ်စဉ်တောထွက်၏ ၅၅ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်းထိ အသီးသီးလျှော့ချထုတ်လုပ်စေခဲ့ကြောင်း၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော (၁၂၇၀)ခု နိုင်ငံဧရိယာ၏ (၂၅.၇၂%) ကိုလည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ (၄၇)ခု နိုင်ငံဧရိယာ၏ (၆.၀၉%)ကိုလည်းကောင်း၊ သတ်မှတ်ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊

နိုင်ငံဧရိယာ၏ ၈၀% ကျော်သည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်လျက်ရှိပါသဖြင့် ရေဝေရေလဲဒေသသစ်တောများထိန်းသိမ်းရေးသည်လည်း အလွန်အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အဓိကမြစ်ချောင်းများ၊ ဆည်တာတမံများ၏ ရေဝေရေလဲဒေသထိန်းသိမ်းရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် မိုးရာသီသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ လမ်းဘေးဝဲယာသစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောစိုက်ခင်းများတည်ထောင်ခြင်းနှင့် ဒီရေတောများကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင်သွားရန်လိုအပ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် နှစ်တို၊ နှစ်ရှည်လျာထားလုပ်ငန်းများကို အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အကြီးအကဲနှင့် အထက်ဌာနအဆင့်ဆင့်များ၏ လမ်းညွှန်ချက်များ၊ တာဝန်ပေးအပ်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အထူးအလေးထားမှာကြားလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်/တိုင်းဒေသကြီးများအလိုက် တရားမဝင်သစ် ဖမ်းဆီးရမိမှု အများဆုံး ပထမဆု–ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆု–စစ်ကိုင်းတိုင်းဒေသကြီး၊ တတိယဆု–ရန်ကုန်တိုင်းဒေသကြီးတို့အားဆုများပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောဦးစီးရုံးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

လမ်းနယ်များစိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၂၂ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးမည့် အစီအစဉ်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

လမ်းနယ်များ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပြီးစီးမှုနှင့် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးမည့်အစီအစဉ်နှင့် ပတ်သက်သည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၃–၁–၂၀၂၂)ရက်နေ့၊ နံနက်(၁၀းဝဝ)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ၂၀၂၁ ခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း(၅၂.၃၇၅)သန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ၏ နိုင်ငံအတွင်းရှိ ကားလမ်းများ၊ လမ်းနယ်များ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောကွက်များ

PDF Compressor Free Version

စနစ်တကျဖော်ထုတ်စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်ချက်နှင့်အညီ လမ်းနယ်များစီမံလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနမှ ပျိုးပင်များ ဖြန့်ဝေခဲ့ရာ သစ်တောဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာ့မီးရထားတို့မှ ၂၀၂၁ ခုနှစ်၊ မိုးရာသီတွင် အမြင့်(၂)ပေအထက် ပျိုးပင်ပေါင်း (၂၇၅၀၀၀)ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်အောင်မြင်မှု ကောင်းမွန်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီတွင် ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူ၍ ၂၀၂၂ ခုနှစ် မိုးရာသီတွင် အောင်မြင်စွာဆောင်ရွက်သွားနိုင်ရေးအတွက် သစ်တောဦးစီးဌာနမှ အရည်အသွေးပြည့်မီသည့် ပျိုးပင်များ ဖြန့်ဝေပေးသွားမည့်အပြင် စိုက်ပျိုးခြင်းနှင့်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် နည်းပညာများကူညီ ပံ့ပိုးခြင်းဆောင်ရွက်သွားမည်ဖြစ်ပြီး တက်ရောက်လာသူများ ကလည်း မိမိတို့အတွေ့ကြုံများအပေါ်မူတည်၍ ပိုမိုကောင်းမွန်အောင် အကြံပြုဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းဖေက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ လမ်းနယ်များအတွင်း အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်းဖြင့် လမ်းတာဘောင် ရေတိုက်စားမှုကိုကာကွယ်ခြင်း၊ လမ်းဘေးတစ်လျှောက် အမြင်တင့်တယ်ခြင်း၊ အပူချိန်လျှော့ချပေးခြင်း၊ လမ်းမကြီးများတွင် လမ်းနယ်ကျူးကျော်မှုကိုပါ ကာကွယ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မိုးရာသီတွင် လမ်းနယ်များ စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း(၁၅၃၀၀၀)ကျော် စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ လမ်းနယ်များအတွင်း ၂၀၂၁ ခုနှစ်၊ မိုးရာသီစိုက်ပျိုးပြီးစီးခဲ့သော သစ်ပင်စိုက်ပျိုးခြင်းကိစ္စရပ်များနှင့် ၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးမည့်အစီအစဉ်များနှင့်ပတ်သက်ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးမှ ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ အဖြေတစ်ခုထွက်အောင် ပူးပေါင်းဆောင်ရွက်ကြိုးစားပေးကြပါရန် ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ Vritual စနစ်ဖြင့်တက်ရောက်ခဲ့ကြပါသည်။

အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူးများအဖွဲ့ အစည်းအဝေးကျင်းပခြင်း

အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူးများအဖွဲ့အစည်းအဝေးအား(၂၅-၁-၂၀၂၂)ရက်နေ့၊ နံနက်(၀၉း၃၀)နာရီတွင် ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က အမျိုးသားမြေအသုံးချမှုကောင်စီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၂၁ နှင့် ၃၀၀၇/၂၀၂၁ တို့ဖြင့်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားမြေအသုံးချမှုကောင်စီအစည်းအဝေးမှ လိုအပ်သည့် အထောက်အကူပြုလုပ်ငန်းကော်မတီများနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့များ ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊

ပြန်လည်ဖွဲ့စည်းခဲ့သည့် အထောက်အကူပြုလုပ်ငန်းကော်မတီများနှင့် နည်းပညာအကြံပေးအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏လုပ်ငန်းတာဝန်များ မြန်ဆန်ထိရောက်စေရန်အတွက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူးများအဖွဲ့ကို ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ(၆) ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့်ဖွဲ့စည်းခဲ့ကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသည့်အဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ကော်မတီ၊ အဖွဲ့အများအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို အမျိုးသားမြေအသုံးချမှုကောင်စီထံသို့ ပြန်လည်တင်ပြနိုင်ရေး ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးရန် ပြောကြားပါသည်။

ယင်းအစည်းအဝေးတွင် အထောက်အကူပြုကော်မတီများ၏ အတွင်းရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အလိုက်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

PDF Compressor Free Version

စီမံကိန်းလုပ်ငန်းများ လမ်းညွှန်ကြီးကြပ်မှု ကော်မတီ (Project Monitoring Committee) (၂/၂၀၂၁-၂၀၂၂) အစည်းအဝေး ကျင်းပခြင်း

စီမံကိန်းလုပ်ငန်းများ လမ်းညွှန်ကြီးကြပ်မှု ကော်မတီ (Project Monitoring Committee) (၂/၂၀၂၁-၂၀၂၂) အစည်းအဝေးအား (၁၂-၁-၂၀၂၂)ရက်နေ့၊ နံနက် (၀၉း၃၀) နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတော်ရန်ပုံငွေဖြင့် သစ်တောလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်မှုရှိစေရန်၊ လက်တွေ့ကျပြီး အကျိုးရှိထိရောက်သည့်ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရန်၊ နိုင်ငံနှင့်ပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိပြီး ထင်သာမြင်သာသည့်ရလဒ်များ ကျန်ရစ်စေရန်တို့ကို ဦးစားပေးစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောဦးစီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ပူးပေါင်းဆောင်ရွက်ဆဲ စီမံကိန်းအရေအတွက် (၃၇)ခုရှိသည့်အနက် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတကာငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် စီမံကိန်း (၁၂)ခု၊ NGOs, INGOs များနှင့်အတူ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်း (၂၅)ခုရှိကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စီမံကိန်းများ၏ မူလရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်ပြီး ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရေးဆွဲချမှတ်ပြီး၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရမည့်အခက်အခဲပြဿနာများကို ကြိုတင်စဉ်းစားပြင်ဆင်မှသာ စီမံကိန်း၏ ရည်မှန်းချက်များကို ပေါက်မြောက်အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် သတိပြု ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားပါသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံကိန်း တာဝန်ခံများနှင့်တာဝန်ရှိသူအဖွဲ့ဝင်များ တက်ရောက်ကြပြီး စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရှင်းလင်းတင်ပြမှုများအပေါ် ဝိုင်းဝန်းသုံးသပ်အကြံပြုဆွေးနွေးကြပါသည်။

GPS ကိုင်တွယ်အသုံးပြုခြင်းနှင့် ArcGIS Software အသုံးပြု၍ မြေပုံရေးဆွဲခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း

GPS ကိုင်တွယ်အသုံးပြုခြင်းနှင့် ArcGIS Software အသုံးပြု၍ မြေပုံရေးဆွဲခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားအား(၁၇-၁-၂၀၂၂) ရက်နေ့၊ နံနက်(၀၈း၅၀) နာရီတွင် သစ်တောသုတေသနဌာနရေဆင်း၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံခန့်ခွဲရေး) ဦးသိန်းတိုးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က ယခုဖွင့်လှစ်သည့်သင်တန်းသည် RS/GIS အဆင့်မြင့်နည်းပညာများကို လူငယ်မျိုးဆက်သစ်များ ကျွမ်းကျင်စွာအသုံးပြုလာနိုင်စေရေး၊ အရည်အသွေးပြည့်မီသည့် မြေပုံများကို မြို့နယ်၊ ခရိုင်၊တိုင်းဒေသကြီးများတွင် ကိုယ်တိုင်ရေးဆွဲလာနိုင်စေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် ၁၈၅၇ ခုနှစ်မှ စတင်၍ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို သစ်တောအုပ်ချုပ်မှုနယ်မြေများအလိုက် ရေးဆွဲပြဋ္ဌာန်းပြီး စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ခရိုင်(၆၉)ခုအတွက်

PDF Compressor Free Version

ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းကာလ (၅)နှစ်မြောက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်းလုပ်ငန်းများအပေါ် ပြန်လည်ဆန်းစစ်သုံးသပ်ပြီး တိကျခိုင်မာသည့်ကိန်းဂဏန်းအချက်အလက်များ၊ သတင်းအချက်အလက်များနှင့်မြေပုံများကို GIS tools များနှင့် တိုက်ဆိုင်စစ်ဆေးပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် စီမံကိန်းများအဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊

RS/GIS နည်းပညာများကို အသုံးပြုခြင်းဖြင့် နိုင်ငံအဆင့် သစ်တောဖုံးလွှမ်းမှုပမာဏ၊ သစ်တောအမျိုးအစားအလိုက်၊ နေရာဒေသအလိုက်သစ်တောပြုန်းတီးမှု၊ ကာဗွန်ထုတ်လွှတ်မှု၊ မြေအသုံးချမှုပြောင်းလဲလာမှု စသည့် အဆင့်မြင့်မြေပုံများကို အရည်အသွေးမီရေးဆွဲနိုင်မည် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီးခြင်းကြောင့် တက်ရောက်လာသောသင်တန်းသားများ အနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ရာတွင် အရည်အသွေးပြည့်ဝပြီး သတင်းအချက်အလက်များပါဝင်သည့် ခေတ်မီမြေပုံများ ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် RS/GIS နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း)၊ ညွှန်ကြားရေးမှူးများ၊ ဆရာ/ဆရာမများနှင့် ပြည်နယ်/ တိုင်းဒေသကြီးများမှ တောအုပ်ကြီးအဆင့် သင်တန်းသား/သူ (၂၆)ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီလ (၁၅) ရက်နေ့မှ (၂၁)ရက်နေ့အထိ (၅)ရက်တာ ဖွင့်လှစ်ခဲ့ပါသည်။

နေပြည်တော်၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၁၇-၁-၂၀၂၂) ရက်မှ (၂၃-၁-၂၀၂၂) ရက်နေ့အထိ နေပြည်တော်/ ပြည်နယ်/ တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၄၂.၇၄၃၀)တန်၊ သစ်မာ (၆၄.၁၂၇၄)တန်၊ အခြား(၁၀၁.၆၉၃၆)တန်၊ စုစုပေါင်း (၂၀၈.၅၆၄၀)တန်၊ တရားခံ(၂၀)ဦး၊ ယာဉ်/ယန္တရား (၁၃)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၂၀-၁-၂၀၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမ်ပြီနယ်၊ ဗေဒါ(၁)ဘိနယ်၊ တောင်ညိုကြီးပြင်ကာကွယ်တော အကွက်အမှတ် (၁၀၃၊ ၁၁၄၊ ၁၄၈)တို့မှ တရားမဝင် တောင်သရက်ခွဲသား (၅၉)ချောင်း၊ (၁၁.၈၀၄၂)တန်အား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပါသည်။

'မှတ်တမ်းတင်ဂုဏ်ပြုခြင်း'

(၂၉-၁-၂၀၂၂) ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူသော ဦးကျော်စော၊
ဒုတိယအမြင့်တမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးချုပ်နှင့်
(၆-၂-၂၀၂၂)ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူသော ဦးဝင်းမော်(၃)၊
ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်တို့သည်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင်
စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ သက်ပြည့်အငြိမ်းစားယူသည့်အချိန်ထိ
နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခဲ့သောကြောင့်
ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

PDF Compressor Free Version

သိပ္ပံနည်းကျ မြန်မာ့သစ်တောပညာ အစ

သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံရှိ သစ်တောများနှင့်ပတ်သက်၍ ပထမဦးဆုံး အကြံပြုခဲ့သူမှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ရက္ခဗေဒဥယျာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်သည့် ဆရာဝန် ဒေါက်တာ ဝေါလစ် (Dr. Wallic) ဖြစ်ကြောင်းသိရပါသည်။ ၎င်းသည် ၁၈၂၇ ခုနှစ်က မော်လမြိုင်မြို့သို့ရောက်ရှိခဲ့ရာ မြန်မာ့သစ်တောများသည် ၎င်းတွေ့ရှိခဲ့ဖူးသော သစ်တောများတွင် ပြိုင်စံမရှိသော သစ်တောများ (unrivalled in comparison with anything) ဖြစ်ကြောင်း၊ အရွယ်ရောက်ရှိပြီးနှင့် အိုမင်းနေသည့် သစ်ပင်များကိုခုတ်လှဲဖို့၊ ပြန်စိုက်ဖို့နှင့် ကျွန်းကို အစိုးရကိစ္စတစ်ခုတည်းအတွက်သာ သုံးဖို့ရန် အကြံပြုခဲ့ပါသည်။ ထိုအချိန်သည် ၁၈၂၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲအပြီး အင်္ဂလိပ်တို့က မြန်မာပိုင် ရခိုင်နှင့်တနင်္သာရီတို့ကို သိမ်းပိုက်ပြီးချိန် ဖြစ်ပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ခုမှာ ထိုအချိန်ထိ အင်္ဂလန်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးတွင် သစ်တောပညာရှင် တစ်ဦးတစ်ယောက်မှ မပေါ်ပေါက်သေးခြင်းဖြစ်ပါသည်။ ရက္ခဗေဒပညာတတ်သည့် ဆရာဝန်များနှင့် ရက္ခဗေဒဥယျာဉ်မှူးအချို့သည့် အိန္ဒိယတွင် မူလအလုပ်လုပ်ကိုင်ရင်း သစ်တောပညာကို လေ့လာလိုက်စားကြကြောင်း ဒေါက်တာ ဂစ်ဘ်ဆန် (Dr. Gibson) ဆိုသည့် ရက္ခဗေဒဥယျာဉ်မှူးသည် ဘုံဘေမှာ ၁၈၄၈ ခုနှစ်က သစ်တောမင်းကြီးလုပ်ကြောင်း၊ ဒေါက်တာကလက်ဟွန်း (Dr. Cleghorn) ဆိုသူသည် ပန်ဂျပ်တွင် ဆရာဝန်လုပ်ရင်း သစ်တောပညာလိုက်စားသည့်အတွက် သစ်တောမင်းကြီးဖြစ်ရာမှနောက် အိန္ဒိယနိုင်ငံ သစ်တောအင်စပက်တော်ချုပ် (Inspector General of Forests) ဖြစ်လာကြောင်း၊ ဒေါက်တာဝေါလစ်နှင့် ဒေါက်တာ မက်ကလဲလင်းဒ် (Dr. Mc. Clelland) တို့မှာမူ မြန်မာပြည်ထိ ရောက်ရှိလာကြောင်းမှတ်သားရပါသည်။

မြန်မာနိုင်ငံအတွက် ပြိတိသျှတို့က ပထမဦးဆုံး အဖြစ် ၁၈၄၁ ခုနှစ်က ခန့်အပ်သော သစ်တောအရာထမ်းမှာ ကက်ပတိန်ထရီမန်ဟီး (Captain Tremenheere) ဖြစ်ပြီး သစ်တောဝန်ထောက် (Supreintendent of Forests) အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယမြောက် ၁၈၅၂ ခုနှစ်တွင် ဆက်ခံခဲ့သော သစ်တောဝန်ထောက်မှာ ဒေါက်တာ မက်ကလဲလင်းဒ် ဖြစ်ပါသည်။ ၎င်းလက်ထက်တွင် သစ်တောခုတ်ခြင်းနှင့်ပတ်သက်၍ စည်းကမ်းတင်းကြပ်ရန် ပြိတိသျှအစိုးရထံ အစီရင်ခံစာတစ်စောင် တင်သွင်းသည့်အတွက် ဘုရင်ခံချုပ် ဒါလဟိုဇီမြို့စားက အောက်ဖော်ပြပါ စာချွန်တော်ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်–

(၁)မြန်မာဘုရင်များလက်ထက်ကအတိုင်း ကျွန်းပင်ထောင်၊ သင်းပင်နှင့် သစ်လုံးဟောင်းအားလုံး အစိုးရကပိုင်သည်၊

(၂)သစ်တောထွက်ပစ္စည်းများသည် သစ်ကုန်သည်၏ အကျိုးတစ်ခုတည်း မဖြစ်စေရ၊

(၃)သစ်ခုတ်ယူရာတွင် စနစ်တကျဖြစ်စေရမည်။

ဤစာချွန်တော်သည် သစ်တောမူဝါဒ၏ရှေ့ပြေးလမ်းစဉ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၈၅၆ ခုနှစ်တွင် ပြိတိသျှတို့က ဂျာမန်သစ်တောပညာရှင် ဒေါက်တာဘရန်းဒစ် (Dr. Brandis) ကို မြန်မာပြည်တွင်အမှုထမ်းရန် ခန့်အပ်ပါသည်။ ဒေါက်တာဘရန်းဒစ်သည် ရက္ခဗေဒပညာတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကာ သစ်တောပါရဂူဘွဲ့ရရှိထားသူဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ၌ အမှုထမ်းစဉ် ယနေ့ထက်တိုင် လက်ခံကျင့်သုံးနေရသည့် နာမည်ကျော် တောင်ယာစနစ် (Taungya System)နှင့် မြန်မာရွေးချယ်ခုတ်လှဲနည်းစနစ် (Myanmar Selection System) တို့ကို တီထွင်ဖော်ထုတ်ခဲ့ပါသည်။ ပြိတိသျှအင်ပါယာတွင် သစ်တောများကို သိပ္ပံနည်းကျ စီမံအုပ်ချုပ်ခြင်းကို မြန်မာနိုင်ငံက စပါသည်။ ဒေါက်တာဘရန်းဒစ်သည် မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ပြီးနောက် အိန္ဒိယနိုင်ငံ၌ သစ်တောအင်စပက်တော်ချုပ် အဖြစ်လုပ်ကိုင်ရင်း သူ၏ သစ်တောပညာများကို အိန္ဒိယနှင့် ပြိတိသျှအင်ပါယာတို့တွင် ဖြန့်ဖြူးခဲ့ရာ ရှေးဦးပထမ မြန်မာ သစ်တောပညာရှင်များသည် ဒေါက်တာဘရန်းဒစ်၏ တပည့်များ၏ တပည့်များ ဖြစ်လာကြပါသည်။

(အငြိမ်းစား သစ်တောမင်းကြီးချုပ် သိရိပျံချို ဦးချိန်ဟိုး ရေးသားသော ' ဒို့ကျွန်းရွှေဝါ'၊ ဇူလိုင် ၁၉၆၅ နှင့် 'ပမာ့ကျွန်း' (မြန်မာ့ကျွန်း)၊ မေ ၁၉၆၆ တို့ကို ကိုးကားပါသည်။)

စာရေးသူ၏ ခွင့်ပြုချက်အရ 'ဝင်းချစ်၏ စာစုများ" စာအုပ် (၂၀၀၈၊ ဇွန်) မှ ဖော်ပြခြင်းဖြစ်ပါသည်။

PDF Compressor Free Version

ရာပြည့်အကြိ၊
ဆောင်းပါး

သစ်တောပညာဌာနမှ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရာပြည့်ခရီး

ကျော်ကျော်လွင် (၈၂)

၁။ ၁၈၆၆ သစ်တောပညာသင်ကြားရေးနှင့် ပတ်သက်၍ သစ်တောပညာ(၂)နှစ် သင်တန်းတက်ရောက်ရန် ပြင်သစ်ပြည်သို့ (၅) ယောက်နှင့် ဂျာမနီသို့ (၂) ယောက် စေလွှတ်ခဲ့ခြင်းမှ အစပြုခဲ့သည်။

၂။ ၁၉၂၃ ခုနှစ်တိုင်အောင် မြန်မာနိုင်ငံ သစ်တောဌာနကို အိန္ဒိယပြည်သစ်တောဌာန လက်အောက်ခံ အဖြစ် ထားရှိခဲ့သည်။

၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ဖြင့် အိန္ဒိယမှခွဲထုတ်၍ သီးခြားအုပ်ချုပ်ခဲ့ပြီးနောက် မြန်မာ့သစ်တောများကို ပိုမိုထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန် သစ်တောဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းတည်ထောင်ခဲ့သည်။

မြန်မာနိုင်ငံသစ်တောများကိုစီမံအုပ်ချုပ်ရန် မြန်မာနိုင်ငံအစိုးရအား ၁၉၂၂ ခုနှစ်၌ လွှဲပြောင်းပေးသည့်အချိန်မှစ၍ မြန်မာနိုင်ငံသစ်တောဝန်ထမ်း (Burma Forest Services –BFS) အဖွဲ့အစည်းတွင် ဝင်ရောက်မည့်သူများအား သစ်တောပညာရပ်ကို သင်ကြားပေးရန်အတွက် ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဌာန (Department of Forestry) အား ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဥပစာသိပ္ပံတန်း Intermediate in Arts and Science အောင်မြင်ပြီးသူများအား တက္ကသိုလ်မှဘွဲ့ရသည်အထိ (၂)နှစ်ကြာ သင်ကြားပေးခဲ့သည်။ နှစ်စဉ်သင်တန်းသား (၄)ဦးမှ (၆)ဦးထိ ခေါ်ယူသင်ကြားပို့ချခဲ့သည်။ သစ်တောပထမနှစ်တွင် Geology, Mathematics, English နှင့် Law, ဒုတိယနှစ်တွင် Silviculture, Utilization, Working Plan, Management, Survey & Drawing, Forest Engineering, Botany, First Aid to injured ဘာသာရပ်များ သင်ကြားသည်။

၃။ ဘွဲ့ရသင်တန်းသားများ ၁၉၂၅ ခုနှစ်မှ စတင်ဝင်ရောက်အမှုထမ်းကြသည်။ ရှေးဦးဆုံးမှာ ဦးမြ ဖြစ်သည်။ မြန်မာသစ်တောပညာကို မြန်မာတို့အပြင် နိုင်ငံခြားသားများက လိုလားကြောင်းကို မလေးရှား၊ ယိုးဒယား၊ ထိုင်း၊ မြောက်ဗီယက်နမ်နှင့် နီပေါနိုင်ငံများမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် သိရှိနိုင်ပေသည်။ နောက်ပိုင်းတွင် နိုက်ဂျီးရီးယားမှ စေလွှတ်လိုသော်လည်း သင်တန်းများကို မြန်မာဘာသာဖြင့်ပို့ချရန် ဆောင်ရွက်ဆဲဖြစ်သဖြင့် ဝမ်းနည်းစွာဖြင့် ငြင်းပယ်ခဲ့ရသည်။

၄။ ၁၉၂၆ ခုနှစ်တွင် သစ်တောပညာဌာန၌ ဘာသာရပ်များအား ထိရောက်စွာသင်ကြားလေ့ကျင့်ပေးနိုင်ရန်အတွက် သင်တန်းကာလအား(၃)နှစ်အထိ တိုးမြှင့်ခဲ့သည်။ ထိုအချိန်က သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအား ရွေးချယ်ရေးဘုတ်အဖွဲ့မှ လူတွေ့စစ်ဆေးပြီး ပဏာမရွေးချယ်ကာ ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးအတွက် (၂၅)မိုင် လမ်းလျှောက်စေပြီး ဆေးစစ်၍ အောင်မြင်သူများကို ရွေးချယ်ခဲ့သည်။

၅။ ၁၉၃၀ ခုနှစ်တွင် သစ်တောဝန်ကြီးအောက်တွင် ရှေးဦးဆုံးပညာတော်သင်အဖြစ် အမှုထမ်းသူ မြန်မာလူမျိုးမှာ ဦးချိန်ဟိုးဖြစ်သည်။

၆။ ၁၉၃၄ ခုနှစ်တွင် ကမ္ဘာစီးပွားရေးကပ်ဆိုက်မှုကြောင့် သစ်တောပညာဌာနတွင် ၁၉၃၄ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ သင်ကြားပို့ချခြင်းရပ်နားထားခဲ့သည်။

မြန်မာနိုင်ငံမှ သစ်တောပညာ အစဦးဆုံးသွားရောက် သင်ကြားခဲ့ရာ ဒွါရဒွန်းသစ်တောကျောင်း

PDF Compressor Free Version

၇။ ၁၉၅၀ ခုနှစ်တွင် ရန်ကုန်သစ်တောပညာဌာနအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းအား ရန်ကုန်တက္ကသိုလ် ဆီးနိတ်မှအတည်ပြုခဲ့သည်။ သင်ကြားပို့ချခဲ့သော ဘာသာရပ်များမှာ – Silviculture, Forest Policy, Law and Administration, Survey and Drawing, Wood Technology, Engineering, Extraction, Forest Pathology, Mensuration, Protection, Aerial Photo, Utilization, Management, Forest Economics, Motor Vehicle Maintenance, Carpentry and Care of Animal Power တို့ဖြစ်သည်။

၈။ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် သစ်တောသိပ္ပံခန်းမဆောင်၌ သစ်တောသိပ္ပံမဟာဌာနဖွင့် လှစ်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ပါမောက္ခချုပ် ဒေါက်တာ ထင်အောင်၊ စည်သူဦးမှန်၊ သီရိပျံချီဦးချိန်ဟိုး တက်ရောက်ခဲ့ပြီး ဌာနမှူးမှာ C.W.D ကာမ်ဖ် ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် Department of Forestry အစားသိပ္ပံ (သစ်တော)ဘွဲ့ပေးရန် Faculty of Forestry ဟုတိုးမြှင့်ဖွဲ့စည်းခဲ့သည်။ ၁၉၅၀–၁၉၅၁ ပညာသင်နှစ်မှ ၁၉၆၂–၁၉၆၃ ပညာသင်နှစ်အထိ နှစ်စဉ် ကျောင်းသားဦးရေ (၁၀)ဦးမှ (၁၅)ဦးသာ လက်ခံသင်ကြားပို့ချခဲ့သည်။

၉။ ၁၉၆၄ ခုနှစ်တွင် စနစ်သစ်ပညာသင်ကြားရေး စနစ်အရ Faculty of Forestry ကို Department of Forestry အဖြစ် ပြန်လည်ဖွဲ့စည်းပြီးသိပ္ပံဘွဲ့ (သစ်တော)ပေးနိုင်ရန် သင်တန်းကာလအား(၆)နှစ်ထိ သတ်မှတ်ပြီး နှစ်စဉ်ကျောင်းသားဦးရေ (၅၀)ခန့် လက်ခံ သင်ကြားရန် စီစဉ်ခဲ့သည်။

၁၀။၁၉၇၆–၁၉၇၇ ပညာသင်နှစ်မှစတင်၍ (၁၀)တန်းအောင်ပြီးသူများကို ဒေသကောလိပ် (၂)နှစ်တက်ရောက်ပြီးမှ သစ်တောပညာဌာနတွင် (၄)နှစ်ဆက်လက်သင်ကြားပို့ချပေးခဲ့သည်။

၁၁။၁၉၈၅ ခုနှစ်အထိ နောက်ဆုံးနှစ်ကျောင်းသားများအား ရန်ကုန်တက္ကသိုလ်၊ သစ်တောပညာဌာနတွင် သင်ကြားပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရှိ သစ်တောပညာဌာနအား ပျဉ်းမနားမြို့မှ(၁၃) မိုင်မျှသာ ကွာဝေးသော ရေဆင်းရွာရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ပြီး ဌာနခွဲတစ်ခုအနေဖြင့် ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

၁၂။၁၉၈၈ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် သစ်တောပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အား ခေတ္တပိတ်ထားခဲ့သည်။

၁၃။၁၉၈၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့အထိ သစ်တောပညာဌာနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်လက်အောက်၌ ထားရှိခဲ့သည်။

၁၄။၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၁၆)ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနသည် စိုက်ပျိုးရေးတက္ကသိုလ်လက်အောက်ရှိ သစ်တောပညာဌာနအား သစ်တောတက္ကသိုလ်အဖြစ်ဖွင့်လှစ်ကြောင်းအမိန့်၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေ အခန်း(၂) ပုဒ်မ ၄ အရ သစ်တောတက္ကသိုလ်ကို တက်ကျွမ်းမှုပညာရေး ဆိုင်ရာတက္ကသိုလ် Professional Institute သတ်မှတ်ကြောင်း အမိန့်နှင့် ၁၉၇၃ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတက္ကသိုလ် ပညာရေးဥပဒေ အခန်း(၆) ပုဒ်မ ၁၀ အရ သစ်တောတက္ကသိုလ်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကြောင်းအမိန့်များကို ထုတ်ပြန်ခဲ့သည်။

၁၅။၁၉၉၂ ခုနှစ် သြဂုတ်လ (၂၁)ရက်နေ့တွင် သစ်တောပညာဌာနကို သစ်တောတက္ကသိုလ်အဆင့်အထိ တိုးမြှင့်ဖွဲ့စည်းရန်အတွက် ပညာရေးဝန်ကြီးဌာနမှ သစ်တောရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး သစ်တောတက္ကသိုလ် (Institute of Forestry) အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။

၁၉၉၂ ခုနှစ်တွင် သစ်တောတက္ကသိုလ်အား သီးခြားတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန လက်အောက်တွင် ထားရှိခဲ့ပါသည်။

၁၉၉၂ ခုနှစ် သြဂုတ်လ(၂၁)ရက်နေ့တွင် သစ်တောတက္ကသိုလ်ကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးရဲမြင့်က အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

၁၆။သင်ကြားပို့ချသော ဘာသာရပ်များမှာ – Myanmar, English, Botany, Chemistry, Physics, Geology, Mathematics, Zoology, Political Science တို့ကို ပထမနှစ်နှင့် ဒုတိယနှစ်တွင် သင်ကြားပြီး တတိယ

PDF Compressor Free Version

နှစ်မှစ၍ သစ်တောဘာသာရပ်များဖြစ်သော Foundation of Silviculture, Soil Science, Forest Protection, Forest Entomology, Dendrology, Plantation Silviculture, Forest Pathology, Forest Engineering, Survey & Drawing, Forest Policy & Law, Statistics, Tree Breeding, Forest Management I & II, Utilization, Timber Harvesting, Inventory & Aerial Photography, Forest Mensuration, Wood Technology, Tropical Silviculture, Milling & Marketing, Forest Economic တို့ကို သင်ကြားခဲ့သည်။

၁၇။၁၉၉၅ ခုနှစ်တွင် သစ်တောတက္ကသိုလ်၌ ခေါ်ယူသူ အရေအတွက်၏ (၁၀) ရာခိုင်နှုန်းမှ (၁၂)ရာခိုင်နှုန်း အထိ ကျောင်းသူ(၁၂)ဦးအား စတင်လက်ခံသင်ကြားခဲ့ပါသည်။ ၂၀၀၃–၂၀၀၄ စာသင်နှစ်တွင် ခေတ္တရပ်ဆိုင်းထားခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သစ်တောတက္ကသိုလ်သည် ကျောင်းသူများ စတင်ခေါ်ယူသင်ကြားခဲ့ပါသည်။

၁၈။၁၉၉၆ ခုနှစ်တွင် သစ်တောတက္ကသိုလ်သည် စနစ်သစ်သိပ္ပံ(သစ်တော) (၅)နှစ်သင်တန်းကို စတင်ခဲ့သည်။ ပဌမနှစ်အကုန်တွင် စူးစမ်းလေ့လာမှု သုတေသနစာတမ်းကို တင်သွင်း/လက်ခံပြီးမှ သိပ္ပံ(သစ်တော)ဘွဲ့ကိုအပ်နှင်းသည်။

၁၉။၁၉၉၆ ခုနှစ်တွင် သစ်တောတက္ကသိုလ်၌ အခြားဘွဲ့ရများနှင့် သစ်တောပညာဘွဲ့ရများ တက်နိုင်သော မဟာသိပ္ပံသင်တန်းကို ၁၉၉၆–၁၉၉၇ ပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။

၂၀။၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ(၂၃)ရက်နေ့မှစ၍ သစ်တောတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများဖွင့်လှစ်ခဲ့သည်။

၂၁။၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် သစ်တောတက္ကသိုလ် Institute of Forestry အစား University of Forestry ဟု ပြောင်းလဲခဲ့သည်။

၂၂။၂၀၀၆–၀၇ ခုနှစ်မှစ၍ သစ်တောတက္ကသိုလ်သို့ သင်တန်းသား (၁၀၀)ဦး လက်ခံခဲ့ပါသည်။
၂၀၀၇–၀၈ ၊၂၀၀၈–၀၉ နှင့် ၂၀၀၉–၁၀ ပညာသင်နှစ်များတွင် တစ်နှစ်လျှင် သင်တန်းသား (၂၀၀)ဦးအထိ လက်ခံခဲ့ပြီး ၂၀၁၀–၁၁ မှစ၍ (၁၀၀)ဦးသို့ လျှော့ချခဲ့ပါသည်။

၂၃။၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၅)၏ သဘောတူခွင့်ပြုချက်ဖြင့် သစ်တော

တက္ကသိုလ်သည် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းခြင်းပြုမည်ဖြစ်ပါသဖြင့် လွှဲပြောင်းခြင်းမပြုမီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့မှ စတင်သီးခြားဌာနကြီးတစ်ရပ်အဖြစ်ရပ်တည်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၂၄။(၁၀–၁၀–၂၀၁၇) ခုနှစ်တွင် University of Forestry and Environmental Science ဟု အမည်ပြောင်းလဲခေါ်တွင်ခဲ့ပါသည်။

၂၅။လွတ်လပ်ရေးရပြီး သစ်တောပညာဌာန ပါမောက္ခများ ဦးအောင်ဒင်၊ Mr.CWD Kermode ၊ ဦးသိန်းဟန်၊ ဦးကြည်၊ ဦးတွန်းကျော်၊ ဦးခင်မောင်အေ၊ ဦးရဲလှိုစွမ်း၊ ဦးဗိုးကြည်နှင့် ဦးစောရန်အောင်စီဒုံး

၂၆။ပါမောက္ခချုပ်များ

(၁) ဦးစောရန်အောင်စီဒုံး	(၁၉၉၂ – ၉၅)
(၂) ဦးစိုးတင့်	(၁၉၉၅ – ၉၆)
(၃) ဦးအောင်ကြင်	(၁၉၉၆ – ၉၉)
(၄) ဦးအောင်သန်း	(၂၀၀၀ – ၀၂)
(၅) ဦးဝင်းကြည်–၁	(၂၀၀၂ – ၀၅)
(၆) ဦးခင်မော်ဖော်	(၂၀၀၅ – ၀၉)
(၇) Dr. မြင့်ဦး	(၂၀၁၀ – ၁၉)
(၈) Dr. ဆန်းဝင်း	(၂၀၁၉ – ၂၀)
(၉) Dr. ခင်မောင်ဆင့်	(၂၀၂၀ – ယနေ့တိုင်)

၂၇။ယနေ့သင်ကြားပေးနေသော ဘာသာရပ်များမှာ–ယခင်ဘာသာရပ်များအပြင် RS-GIS, Biodiversity, Climatology, Social Forestry, Forestry Extension, Agroforestry, Wildlife Management, Tree Improvement, Protected Area System, Research Management in Forestry, Ecotourism Practices, Environmental Management တိုးချဲ့ပို့ချခဲ့သည်။

PDF Compressor Free Version



မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ် လွင်ထင်ရှား ထူးခြားမှုများ (၃)

သစ်တောရေးရာဂျာနယ် ၂၀၁၀ ခုနှစ်၊ မေလ တွင်ဖော်ပြပါရှိခဲ့သည့် ဦးဘကောင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ဆောင်းပါးအား သစ်တောပညာရာပြည့်အကြံ့အဖြစ် ပြန်လည်ဖော်ပြအပ်ပါသည်။

၁၉၂၀–၁၉၃၀ ကာလ (Peroid 1920 to 1930)

ဤကာလအတွင်း မြန်မာ့သစ်တောဌာနသည် အထွဋ်အထိပ်ကာလသို့ ရောက်ရှိခဲ့ပါသည်။

(က) စီမံခန့်ခွဲအုပ်ချုပ်မှု (Administration)

၁၉၂၀ ပြည့်နှစ်တွင် ဝန်ထမ်းအင်အားကို သိသာစွာ တိုးမြှင့်ခဲ့ပါသည်။ သစ်တောတိုင်းကြီး ၇ ခုထိ တိုးချဲ့ဖွဲ့စည်းခဲ့သည့်အပြင် လုပ်ကိုင်စီမံကိန်းတိုင်းနှင့် သစ်အသုံးချရေးတိုင်းများကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။ သစ်တောပြုစောင့်ရှောက်ရေးဝန် (Silviculturist) နှင့် သစ်တောရုက္ခဗေဒဝန် (Botanist) ရာထူးများ သတ်မှတ်ခန့်ထားပြီး ၁၉၂၇–၂၈ တွင် သတ္တဗေဒဝန် (Zoologist)နှင့် ၁၉၂၈–၂၉ တွင် သစ်တောဘောဂဗေဒဝန် (Forest Economist) ရာထူးများကိုလည်း ခန့်ထားနိုင်ခဲ့ပါသည်။ ခရိုင်သစ်တောဌာန (၄၂)ခု (၁၉၂၆–၂၈ တွင် ၄၄ ခုထိ ရောက်ရှိခဲ့) ဖွဲ့စည်းနိုင်ခဲ့ပြီး သစ်ဆိပ်ဌာန ၃ ခုနှင့် သစ်ထုတ်လုပ်ရေးဌာန ၁ ခုကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။ ဝန်ထမ်းအင်အား တိုးတက်လာမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်– အိန္ဒိယသစ်တောအရာထမ်း (Indian Forestry Service-IFS) ၆၃ ဦးမှ ၁၁၃ ဦး၊ ပြည်နယ်သစ်တောဝန်ထမ်း (Provincial Forest Service) ၇၂ ဦးမှ ၁၀၆ ဦး၊ တောအုပ်ကြီး ၁၇၈ ဦးမှ ၂၃၀ ဦး၊ ဒုတိယတောအုပ် ၃၀၆ ဦးမှ ၄၈၂ ဦး၊ တောခေါင်း (Forester)နှင့် တောကြပ် (Forest Guard)မှာ ၁၇၀၉ ဦးမှ ၁၈၈၅ ဦး ဖြစ်ပါသည်။ ထို့အပြင် အထူးအမိန့်ပြန်တမ်းဖြင့် သစ်တောအင်ဂျင်နီယာ ၂၀ ဦးကိုလည်း ခန့်ထားနိုင်ခဲ့ပါသည်။

၁၉၂၂ ခုနှစ် ပြင်ဆင်မှုများအရ သစ်တောများသည် သစ်တောရေးရာဝန်ကြီး (Forest Minister)၏ ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပြီးသောပစ္စည်း (Transferred Subject) ဖြစ်လာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်အတွင်းရှိ သစ်တောများကို ရှမ်းပြည်နယ် ကော်မရှင်နာမင်းကြီး၏ လက်အောက်တွင်ထားရှိအုပ်ချုပ်၍ မြန်မာပြည်သစ်တောဌာနမှ ဝန်ထမ်းများ ခန့်ထားဆောင်ရွက်စေခဲ့ပါသည်။

(ခ)သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများနှင့် မြေတိုင်းလုပ်ငန်း (Working Plans and Survey)

၁၉၂၀ ပြည့်နှစ်တွင် မစ္စတာဝပ့်ဆင် (Mr.H.W.A Watson)၏ ဦးဆောင်သော လုပ်ကိုင်စီမံကိန်းတိုင်း (Working Plans Circle) ဖွဲ့စည်းတည်ထောင်ပြီး နောက်ပိုင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲပြုစုခြင်းလုပ်ငန်းများစွာ တိုးတက်ခဲ့ပါသည်။ ရှေးဦး ပြုပြင်ဆောင်ရွက်မှုများအနက်တစ်ခုမှာ သစ်တောခရိုင်အားလုံးအတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ဝန်ထမ်းအင်အား တိုးတက်ခန့်ထားနိုင်ခြင်းကြောင့် စီမံကိန်းရေးဆွဲရေးလုပ်ငန်းဌာနအဖွဲ့ဝင် ၇ ဦးထိ ရှိလာခဲ့ပါသည်။ ဤကာလအစောပိုင်းတွင် ကြိုးပိုင်းဧရိယာ ၁၀,၈၅၅ စတုရန်းမိုင် (စုစုပေါင်း၏ ၃၆%)အတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲအုပ်ချုပ်နိုင်ခဲ့ပြီး ၃၂၅ စတုရန်းမိုင်အတွက် ရေးဆွဲဆောင်ရွက်ဆဲဖြစ်ပါသည်။ ဤကာလအကုန်ပိုင်းတွင်မူ အတည်ပြုပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းဖြင့် အုပ်ချုပ်လုပ်ကိုင်သည့် ကြိုးပိုင်းဧရိယာ ၂၂၆၈၅ စတုရန်းမိုင် (စုစုပေါင်း၏ ၆၉%)ထိ ရှိလာသည့်အပြင် ကြိုးပိုင်းဧရိယာ ၄၂၇၂ စတုရန်းမိုင် (စုစုပေါင်း၏ ၁၃%)အတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ရေးဆွဲနေဆဲအခြေအနေသို့ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်တောပြုစုစောင့်ရှောက်မှုစနစ်ပိုင်းတွင်လည်း ကြီးမားစွာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်က မိုးညှင်းနှင့် သာယာဝတီခရိုင် ၂ ခုမှအပ ကျန်သစ်တောဧရိယာများတွင် မြန်မာ့ရွေးချယ်ခုတ်လှဲမှုစနစ် (Burma Selection System) ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။ သာယာဝတီ

PDF Compressor Free Version

ခရိုင်၏ တောင်ယာစိုက်ခင်းဖြင့် ကျွန်းမျိုးဆက်ခြင်းလုပ်ငန်း အောင်မြင်မှုအတွေ့အကြုံကြောင့် အဆိုပါနည်းမှာ အနှံ့အပြားလူကြိုက်များလာခဲ့ပါသည်။ သို့ရာတွင် ကျွန်းမှအပ အခြားသစ်များထုတ်လုပ်ရန်လွယ်ကူသည့် ကြိုးဝိုင်းတောများတွင်သာ အောင်မြင်နိုင်ပါသည်။ သို့ဖြစ်၍ ဖော်ပြပါ အချက်နှင့် ပြည့်စုံသည့်ကြိုးဝိုင်းများတွင် တောင်ယာစိုက်ခင်းဖြင့် ကျွန်းမျိုးဆက်ခြင်းကို ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် ကျန်သွားလာထုတ်လုပ်ရန်ခက်ခဲသောကြိုးဝိုင်းများ၌မူ ရွေးချယ်ခုတ်လှဲမှုစနစ်ကိုကျင့်သုံးရန် မူဝါဒချမှတ်ခဲ့ပါသည်။ အခြားအရေးပါသည့် တိုးတက်မှုတစ်ရပ်မှာ ကျေးရွာများနှင့်နီးစပ်သည့်တောများအား ခုတ်စဉ်များ (Felling Series) ဖွဲ့စည်းကာ ခုတ်ပတ်တို (Short rotation)ဖြင့် အုပ်ချုပ်လုပ်ကိုင်၍ ဒေသခံလူထုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုများအား ကြီးကြပ်စိစစ်ခြင်းလုပ်ငန်းကို လုပ်ငန်းစီမံကိန်းမင်းကြီး (Working Plans Conservator) လက်အောက်တွင်ထားရှိ၍ သစ်တောမင်းကြီးချုပ်ကိုယ်စား စီမံဆောင်ရွက်ခဲ့သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲရေးလုပ်ငန်းတိုးတက်မှုမှာ မြေပုံများရရှိနိုင်မှုအပေါ်မျှားစွာ မူတည်ပါသည်။ ဤကာလအတွင်း ၂ လက်မ = ၁ မိုင်စကေး (သို့) ၎င်းထက်ပိုကြီးသော စကေးဖြင့် မြေပုံထုတ်လုပ်နိုင်ခဲ့သည့်ကြိုးဝိုင်းဧရိယာမှာ ၁၈၀၀၀ မှ ၂၂၀၀၀ စတုရန်းမိုင် (စုစုပေါင်း၏ ၆၆.၅ %) ခန့် ဖြစ်ပါသည်။

၁၉၂၄ ခုနှစ်တွင် ရောဝတီမြစ်ဝကျွန်းပေါ်ရှိ ကြိုးဝိုင်းတော ၈၃၅ စတုရန်းမိုင်အား ကောင်းကင်ဓာတ်ပုံနည်းပညာဖြင့် ၁ လက်မ = ၁ မိုင်စကေးဖြင့် မြေပုံထုတ်နိုင်ခဲ့ပါသည်။ အဆိုပါမြေပုံမှာ ပါဝင်ပင်ဖော်ပြသည့်မြေပုံ (Stock Map)မျိုးဖြစ်၍ အဓိကသစ်တောအမျိုးအစား၊ တောင်ယာဧရိယာပမာဏစသည့် ယခင်က ရှင်းလင်းစွာမဖော်ပြနိုင်သည့်အချက်အလက်များကို ထည့်သွင်းဖော်ပြနိုင်ခဲ့ပါသည်။

(ဂ) ကြိုးဝိုင်းဖွဲ့စည်းခြင်း (Reservation)

ဤကာလအတွင်း ကြိုးဝိုင်းဧရိယာမှာ ၂၉၈၅၄ စတုရန်းမိုင်မှ ၃၃၀၀၈ စတုရန်းမိုင်အထိ တိုးတက်လာခဲ့ပါသည်။ ကြိုးဝိုင်းဖွဲ့စည်းမှုဆိုင်ရာ မူဝါဒပြင်ဆင်ချက်ကို အစိုးရမှ ၁၉၂၅ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

(ဃ) သစ်တောပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း (Silviculture)

၁၉၂၀ ပြည့်နှစ် မြန်မာနိုင်ငံ သစ်တောပြုစုစောင့်ရှောက်ရေးဝန်ခန့်ထားပြီးနောက်ပိုင်း မျိုးဆက်ခြင်းနှင့် ပင်ကျပ်နှုတ်ခြင်းလုပ်ငန်းများ ဂရုပြုတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၎င်းအပြင် သစ်တောပြုစုစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာနှင့် သစ်တောစာရင်းအင်းဆိုင်ရာမှတ်တမ်းများ ကိုလည်း စနစ်တကျပြုစုထားရှိနိုင်ခဲ့ပါသည်။ သာယာဝတီခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ တောင်ယာစနစ်ဖြင့် မျိုးဆက်ခြင်းလုပ်ငန်း ဆောင်ရွက်အောင်မြင်ခဲ့သဖြင့် တောင်ယာနည်းဖြင့် သစ်တောစိုက်ခင်းအများအပြားတည်ထောင်ရန် အလားအလာများ ပေါ်ပေါက်လာခဲ့ပါသည်။ သို့ရာတွင် လုပ်ငန်းအတွေ့အကြုံအရ အဆိုပါစနစ်ကောင်းစွာအောင်မြင်မှုရရှိရန် စိုက်ခင်းတည်ထောင်ခြင်းမပြုမီ သင့်လျော်သည့်မြေနေရာ ဟုတ်၊ မဟုတ်အထူးဂရုပြုရွေးချယ်ရန် လိုအပ်ကြောင်းသိရှိခဲ့ကြပါသည်။ ယခင်စိုက်ခင်းများတွင် ကျွန်းနှင့် ရှားသစ်မျိုးများ အဓိကထားစိုက်ပျိုးခဲ့သော်လည်း ဤကာလအတွင်း ပျဉ်းကတိုးနှင့် အခြားသစ်မျိုးစိုက်ခင်းများကိုပါ စိုက်ပျိုးတည်ထောင်ခဲ့ကြပါသည်။ မျိုးဆက်လုပ်ငန်းအပြင် စိုက်ခင်းများနှင့် အထက်မြန်မာနိုင်ငံ၊ အထူးသဖြင့် ကသာခရိုင်ရှိ အင်တောများအတွင်း (ဓမ္မတာမျိုးဆက်ခြင်းကို အားပေးရန်) ပင်ကျပ်နှုတ်ခြင်းလုပ်ငန်းကိုလည်း ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြပါသည်။ ဤကာလအစဦးပိုင်းတွင် စိုက်ခင်းဧရိယာ ၈၀၀၀၀ ဧကခန့်ရှိခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ဧက ၁၂၀၀၀၀ ခန့်ထိ တိုးတက်လာခဲ့ပါသည်။

(c) မီးကာကွယ်ခြင်း (Fire Protection)

ဤကာလအစဦးပိုင်းတွင် ယေဘုယျအားဖြင့် ကျယ်ပြန့်သော သစ်တောဧရိယာများအား မီးကာကွယ်ခြင်းလုပ်ငန်းကိုပြန်လည်ဆောင်ရွက်ခဲ့ပါသည်။ ဖော်ပြပါဧရိယာများအတွင်း ခြောက်သွေ့ရာသီမရောက်မီ မီးလုန့်ခြင်း (early burning)ကို ၁၉၂၃ ခုနှစ်တွင် စမ်းသပ်ပြုလုပ်ခဲ့သော်လည်း မီးကာကွယ်ခြင်း အစားထိုးလုပ်ငန်းအဖြစ် လုံလောက်မှုမရှိကြောင်း တွေ့ရှိခဲ့ရပါသည်။

(စ)တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ခြင်း (Protection of the Fauna)

သစ်တောအက်ဥပဒေအရ သစ်တောဌာနသည် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန် ၁၉၂၅–၂၆ ခုနှစ်အထိ သီးခြားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ၁၉၂၅–၂၆ ခုနှစ်၊ မစ္စတာဝပ်ဆင် (H.W.A Watson) သစ်တောမင်းကြီးချုပ် ဖြစ်လာချိန်တွင် ဤကိစ္စအား အထူးအလေးထား စိတ်အားထက်သန်စွာ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၂၆–၂၇ ခုနှစ်တွင် မစ္စတာ စမစ်(H.C Smith)အား တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး အတွက်လေ့လာရန် အထူးတာဝန်ပေးအပ်ခဲ့ပါသည်။ ၁၉၂၇ ခုနှစ် နှစ်ကုန်တွင် သစ်တောအက်ဥပဒေနှင့် ဆင်များကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ (Elephants Protection Act) များအရရေးဆွဲထားသည့် တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးနည်းဥပဒေ (Game Rules)များကို ပြင်ဆင်ရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။ တစ်

PDF Compressor Free Version

ချိန်တည်းမှာပင် မစ္စတာစမစ်အား တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးမှူး (Game Warden) အဖြစ် ခန့်အပ်ခဲ့ပါသည်။ ၎င်းသည် တောဆင်ရိုင်းများ ဖမ်းဆီး လေ့ကျင့်သင်ကြားမှုလုပ်ငန်းကို ပြန်လည်ကြပ်မတ်ဖွဲ့စည်း ပေးခဲ့ပြီး အထူးဘေးမဲ့တောဥယျာဉ်များလည်း တည်ထောင်ခဲ့ပါသည်။

(ဆ)ဝန်ထမ်းများ ရွေးချယ်ခန့်အပ်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း
(Recruitment and Training of Staff)

၁၉၂၂ ခုနှစ်တွင် မြန်မာအစိုးရသို့ သစ်တောများ အုပ်ချုပ်မှုကို လွှဲပြောင်းခဲ့ပြီးနောက် အိန္ဒိယသစ်တော ဝန်ထမ်းအရာရှိ တိုက်ရိုက်ခန့်ထားမှုများ ၁၉၂၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပါသည်။ လိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသည့် ယာယီသစ်တောအရာရှိများ ခန့်အပ်မှုမှာလည်း မအောင်မြင်ခဲ့သဖြင့် ကာလအတန်ကြာ အထက်တန်း ရာထူးများသို့ ခန့်ထားမှုအနည်းငယ်သာရှိခဲ့ပါသည်။ ၁၉၂၈–၂၉ ခုနှစ်တွင် မြန်မာပြည်သစ်တောဝန်ထမ်း အရာရှိပထမတန်းခန့်ထားနိုင်ရေးကို စတင်အကောင် အထည်ဖော်ခဲ့ပြီး ၁၉၃၀–၃၁ ခုနှစ်မှ စတင်၍ လူသစ်များ ခန့်ထားနိုင်ခဲ့ပါသည်။ လူသစ်များထဲတွင် မြန်မာနိုင်ငံ၌ ရွေးချယ်၍ အောက်စဖို့နှင့် အီဒင်ဘာ့ဂ်တက္ကသိုလ်များသို့ စေလွှတ်ကာ သစ်တောဘွဲ့သင်ယူစေခဲ့သည့် မြန်မာလူမျိုး များလည်းပါဝင်လာခဲ့ပါသည်။ မြန်မာပြည်သစ်တော ဝန်ထမ်းအရာရှိဒုတိယအတန်းအတွက် ရန်ကုန်တက္ကသိုလ် တွင် သစ်တောဘွဲ့(၂) နှစ် (နောင် ၃ နှစ်သို့တိုးချဲ့ခဲ့)ကို ဖွင့်လှစ်သင်ကြားပို့ချခဲ့ပါသည်။ လက်အောက်အမှုထမ်း များအတွက် အင်္ဂလိပ်စာနှင့်မြန်မာဘာသာတို့ဖြင့် အဆင့် အတန်း(၂)မျိုးခွဲခြားသင်ကြားသော သင်တန်းများကိုလည်း ပျဉ်းမနားသစ်တောကျောင်းတွင် ဆက်လက်ပို့ချခဲ့ပါသည်။

(ဇ) သစ်ထုတ်လုပ်ခြင်း (Extraction)

ဤကာလအစောပိုင်း၌ ယခင် ဥရောပကုမ္ပဏီကြီး ၅ ခုသို့ ချထားပေးခဲ့သော ၁၅ နှစ် ကျွန်းသစ်ထုတ်လုပ် ခွင့်လိုင်စင်များ သက်တမ်းစေ့ရောက်သဖြင့် သက်တမ်း ၁၅နှစ် ထပ်မံတိုးပေးခဲ့ပါသည်။ ထို့အပြင် ဒေသခံ ကန် ထရိုက်တာများသို့ သစ်ထုတ်ခွင့်လိုင်စင်များ ချပေးထား ခြင်းကိုလည်း စတင်ဆောင်ရွက်ခဲ့ပါသည်။ ပထမကမ္ဘာစစ် နောက်ပိုင်း ကျွန်းအပြင် အခြားသစ်မျိုးများပါ အဝယ် လိုက်လာသဖြင့် ပျဉ်းမနား၊ တောင်ငူနှင့် ရွှေဘိုခရိုင်များ တွင် သစ်ထုတ်ရထားလမ်းများ ဖောက်လုပ်လိုင်စင်ရယူ၍ အဆိုပါသစ်မျိုးများ အများအပြားထုတ်လုပ်ခဲ့ကြပါသည်။ ကာလအတန်ကြာ အဆိုပါလုပ်ငန်းများ အောင်မြင်မှုရရှိခဲ့ သော်လည်း ၁၉၃၀ ပြည့်နှစ် အစောပိုင်းကာလများ အ တွင်းစီးပွားရေးပျက်ကပ်ကြောင့် အဝယ်ကျဆင်းလာခြင်း နှင့် စျေးနှုန်းကျဆင်းလာခြင်းတို့ကြောင့် နောက်ပိုင်းတွင် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

(စ) ဌာနဆိုင်ရာ ကျွန်းသစ်ထုတ်လုပ်ရေးအဖွဲ့နှင့် သစ်သုတေသနအဖွဲ့များဖွဲ့စည်းခြင်း
(Organization of Departmental Teak Extraction and Timber Research)

၁၉၂၀ ခုနှစ်တွင် သစ်အသုံးချမှုဆိုင်ရာ သစ်တော မင်းကြီး (Conservator of Forests for Utilization) ခန့်အပ်ခဲ့သည့်အချိန်မှစ၍ မြန်မာမြစ်မခရေဝေမှ ကျွန်း သစ်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများအတွက် သီးခြားဌာနဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာခဲ့ ပါသည်။ သစ်ထုတ်လုပ်ရေးနှင့် အစိုးရကျွန်းသစ်ရောင်းချ ရေးအတွက် သီးခြားဌာနခွဲများ ဖွဲ့စည်းတည်ထောင်ခဲ့ပါ သည်။ ကျွန်းသစ်ရောင်းချရေးဌာနခွဲအနေဖြင့် အလုံသစ် ဆိပ်၌ ထုတ်လုပ်ရရှိလာသော ကျွန်းသစ်များရွေးချယ်ခြင်း နှင့်ရောင်းချမှုဆိုင်ရာကိုယ်စားလှယ်အဖြစ် ဆောင်ရွက် ခဲ့ပါသည်။ အလုံ၌ပင် သုတေသနဌာနတည်ထောင်ခဲ့ပါ သည်။ ၎င်းတွင် သစ်စက်၊ သစ်အခြောက်ခံစက် စမ်းသပ် သစ်ပေါင်းဖို၊ လက်သမားရုံတို့ပါဝင်ပြီး သစ်တောဘောဂ ပေဒဝန်တစ်ဦးကိုလည်း ၁၉၂၈–၂၉ ခုနှစ်၌ ခန့်ထားခဲ့ ပါသည်။ သစ်သုတေသနလုပ်ငန်းလေ့လာမှုများအရ ရုံး သား (Anogeissus acuminate)သည် တူ/ ပုဆိန် စသည် တို့အတွက် လက်ကိုင်ရိုးပြုလုပ်ရန်နှင့် ရေနံတွင်းများတွင် စုပ်ခွက်အရိုးပြုလုပ်ရန် အထူးသင့်တော်ကြောင်း တွေ့ရှိခဲ့ ကြပါသည်။ ၎င်းအပြင် အဆင့်မြင့်ပရိဘောဂများ ပြုလုပ် ရန်သင့်လျော်သည့် အခြားမြန်မာသစ်မျိုးများစွာကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

(ည) ဘဏ္ဍာရေး (Finance)

၁၉၂၆–၂၇ ခုနှစ်သည် ဤကာလအတွက်သာမက မြန်မာ့သစ်တောဌာန၏ ၁၉၅၅ ခုနှစ်အထိ နှစ်(၁၀၀) သက်တမ်းကာလအတွင်း သစ်တောအခွန်တော်ငွေ အရရှိ ဆုံးနှစ်အထွဋ်အထိပ်ပင်ဖြစ်ပါသည်။

အခွန်တော်	–ရူပီးငွေ ၂၃၅.၉၆ သိန်း
အသုံးစရိတ်	–ရူပီးငွေ ၈၈.၁၈ သိန်း
ပိုငွေ	–ရူပီးငွေ ၁၄၇.၇၈ သိန်း

(စုစုပေါင်း အခွန်တော်ငွေ၏ ၆၂.၆)

မှတ်ချက်– သစ်တောဦးစီးဌာန၊ နှစ်၁၀၀ပြည့်အထူးထုတ်၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်သစ်တောကြေးမုံမှ H.R. Blanford **ရေးသားသော**' HIGHLIGHTS OF ONE HUNDRED YEARS OF FORESTRY IN BURMA' **ကို ဘာသာ ပြန်ဆိုပါသည်။**

PDF Compressor Free Version

အပြာရောင် စီးပွားရေး (သို့မဟုတ်) ဘလူးအီကော်နော်မီ

ဒေါက်တာ သောင်းနိုင်ဦး

အပြာရောင် စီးပွားရေး

ပြောင်းလဲခြင်းများနှင့်အတူ ပတ်ဝန်းကျင်ရေးရာနှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်များအပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီးတွင် ဝေါဟာရအသစ်များ၊ သဘောတရားအသစ်များ ပေါ်ထွက်လာလျက်ရှိသည်။

၂၀၁၂ ခုနှစ်၊ ဇွန်လတွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုညီလာခံ (Rio+20)၏ ရလဒ်တစ်ခုအဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး မူဘောင်အတွင်းမှ အစိမ်းရောင်စီးပွားရေးသဘောတရား တစ်ရပ်ပေါ်ထွက်ခဲ့သည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကိုအကြောင်းပြု၍ အစိမ်းရောင်စီးပွားရေး သဘောတရားပေါ်ထွက်ခဲ့ပြီး ကမ္ဘာနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်လျက်ရှိသည်။

Rio+20 ညီလာခံ စတင်ပြင်ဆင်ချိန်ကာလကပင် ပင်လယ်၊ သမုဒ္ဒရာ၊ ကမ်းရိုးတန်းနိုင်ငံများအနေဖြင့် 'အစိမ်းရောင်စီးပွားရေး' ကဲ့သို့ပင် အပြာရောင်စီးပွားရေး သဘောတရားနှင့် ချဉ်းကပ်မှုများကို စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ယခုအခါတွင် ပင်လယ်၊ သမုဒ္ဒရာသဘာဝသယံဇာတများကို စနစ်တကျကြီးကြပ်စီမံအုပ်ချုပ်ခြင်းကိုအကြောင်းပြု၍ အပြာရောင်(သို့မဟုတ်) ဘလူးအီကော်နော်မီ သဘောတရားပေါ်ပေါက်လာခဲ့ပြီး ကျယ်ပြန့်စွာ အကောင်ထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိကြသည်။

'အပြာရောင် စီးပွားရေး' သည် အထူးသဖြင့် ပင်လယ်၊ သမုဒ္ဒရာ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချမှုနှင့်အတူ လူ့ဘောင်အဖွဲ့အစည်း ပြည်သူလူထု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှုတို့ကို ချိတ်ဆက်ဆောင်ရွက်ကြရမည့် သဘောတရားလုပ်ငန်းစဉ်များဖြစ်သည်။ ဘုံချမ်းသာကြွယ်ဝမှုကို အထူးအလေးထားပြီး ပင်လယ်နှင့် ကမ်းရိုးတန်းသယံဇာတများကို ညီမျှမှုနှင့် ပြည်သူများပူးပေါင်းပါဝင်မှုတို့ဖြင့် ဆုံးဖြတ်စီမံအုပ်ချုပ်ရန် ဖြစ်သည်။ 'အပြာရောင်စီးပွားရေး' သဘောတရားသည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) ကိုလည်း ပံ့ပိုးရန်ဖြစ်ပြီး အထူးသဖြင့် SDG 14 "Life below Water" ကို အထူးအလေးပေး အကောင်အထည်ဖော်မည်ဖြစ်သည်။

အပြာရောင်စီးပွားရေး သဘောသဘာဝ

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများသည် ပင်လယ်၊ သမုဒ္ဒရာနှင့်စပ်လျဉ်းသော လုပ်ရိုးလုပ်စဉ်စီးပွားရေးလုပ်ငန်းများအဖြစ် ပင်လယ်သဘာဝသယံဇာတများရှာဖွေခြင်း၊ သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အကြီးစား ငါးဖမ်းခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်း၊ သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်းစသည်တို့ကိုဆောင်ရွက်လေ့ရှိပြီး သဘာဝသယံဇာတများနှင့်ပတ်ဝန်းကျင်အပေါ် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာလျက်ရှိသည်။ အဆိုပါလုပ်ရိုးလုပ်စဉ်များသည် ပစ္စည်းပွန်နှင့် အနာဂတ်မျိုးဆက်တို့အပေါ်တွင် သက်ရောက်မှုများရှိလာမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်များ၊ ပင်လယ်များနှင့်ဆက်စပ်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့်လည်း ဆိုးကျိုးသက်ရောက်မှုများခံစားရပြီး အလားအလာအခွင့်အလမ်း အလွန်ကောင်းသော ပင်လယ်သယံဇာတများလျှော့ပါးဆုံးရှုံးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးခြင်း၊ အစားအစာ လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာပြဿနာများကို ရင်ဆိုင်ကြရသည်။ 'အပြာရောင်စီးပွားရေး' သဘောတရားသည် ပင်လယ်၊သမုဒ္ဒရာနှင့် စပ်လျဉ်းသော စီးပွားရေးဖွံ့ဖြိုးမှုသက်သက်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ စဉ်ဆက်မပြတ်တည်မြဲရေး၊ ပင်လယ်သမုဒ္ဒရာဂေဟာစနစ်တည်ငြိမ်ရေး၊ ပင်လယ်များနှင့်ဆက်စပ်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကို ဖြစ်စေမည့်စီးပွားရေးပုံစံဖြစ်သည်။

တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေးကဲ့သို့ပင် 'အပြာရောင်စီးပွားရေး' သဘောတရားသည် လူအများ ချမ်းသာကြွယ်ဝပြီး လူမှုရေးညီညွတ်မှုတမှ ရှိစေရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ စွန့်စားမှုများနှင့်ဂေဟာစနစ်ဆိုင်ရာ စွန့်လွှတ်ရမှုများကိုလျှော့ချရန် ရည်

PDF Compressor Free Version

ရှယ်ပါသည်။ အပြာရောင်စီးပွားရေးကို အားလုံးပါဝင်သော ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ရန် ဖြစ်ပြီး ပင်လယ်ကမ်းရိုးတန်းနိုင်ငံများအနေဖြင့် အထူးသဖြင့် သယံဇာတများ စနစ်တကျစီမံအုပ်ချုပ်ရာတွင် စွမ်းဆောင်ရည် နည်းပါးသောနိုင်ငံများအနေဖြင့် အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အောင်မြင်သော အပြာရောင်စီးပွားရေး ဖြစ်စေရန်အတွက် အကျိုးဆက်စပ်ပတ်သက်သူများ၊ ဆက်စပ်ဌာနများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

အခြေခံ သဘောတရား (၂) ရပ်

အရိုးရှင်းဆုံးဖော်ပြရလျှင် အပြာရောင်စီးပွားရေးတွင် အဓိကကျသောအခြေခံသဘောတရား (၂) ရပ်ရှိသည်။

- ပထမအခြေခံသဘောတရားမှာ ပင်လယ်သမုဒ္ဒရာနှင့်ကမ်းရိုးတန်းများတွင် လိုအပ်သောနေရာတိုင်းတွင် **သဘာဝသယံဇာတများကို ကာကွယ်ခြင်းနှင့် ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း** ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ လူသားသန်းထောင်ပေါင်းများစွာအတွက် ပံ့ပိုးနေသောအစားအစာများနှင့် အသက်မွေးဝမ်းကျောင်းအတွက် ပင်လယ်နှင့် ကမ်းရိုးတန်းသယံဇာတများ ထာဝစဉ်တည်တံ့စေရေးအတွက်ဖြစ်သည်။ ဥပမာအားဖြင့် ငါး၊ ပုစွန်၊ ကဏန်း၊ သန္တာကောင် စသည့်အဏ္ဏဝါသယံဇာတများနှင့် အဏ္ဏဝါဂေဟာစနစ်ကို ကာကွယ်ရန်နှင့် ပြန်လည်ထိန်းသိမ်းရန် သန္တာကျောက်တန်းများ၊ ဒီရေတောများကို စနစ်တကျထိန်းသိမ်းကာကွယ်ခြင်းဖြင့် အဆိုပါအဏ္ဏဝါနှင့် ရေသယံဇာတများ၊ ဂေဟာစနစ်များကို ပိုမိုတိုးပွားစေရန်၊ ထာဝစဉ်တည်တံ့စေရန် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။ ထို့အပြင် လေမုန်တိုင်းများအန္တရာယ်နှင့် ပင်လယ်ရေလှိုင်းများနှင့် ရေကြီးမှုအန္တရာယ်များကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ အဆိပ်အတောက် ဖြစ်သောနုန်းများနှင့် ညစ်ညမ်းစေသော အနည်ကျမှုများကိုလည်း ကာကွယ်နိုင်ပြီး ငါးပုစွန်ထုတ်လုပ်မှုတိုးတက်နိုင်သကဲ့သို့ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။
- ဒုတိယအခြေခံသဘောတရားမှာ ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သောစီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းပေါင်းများစွာကို **စနစ်တကျအသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း**ဖြစ်သည်။ ဥပမာ ပင်လယ်၊သမုဒ္ဒရာများမှစွမ်းအင်များထုတ်လုပ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကမ်းလွန်လေနှင့် ဒီရေလှိုင်းများ မှစွမ်းအင်ထုတ်လုပ်ခြင်း၊ ဓာတ်ငွေ့များထုတ်လုပ်ခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် အလွန်အလားအလာကောင်းသည့်လုပ်ငန်းဖြစ်သည်။ ထို့အတူ ကမ်းရိုးတန်းများတွင် ပေါက်ရောက်သော ဒီရေတောများနှင့် ပင်လယ်မြက်များ၏ကာဗွန်စုပ်ယူသိုလှောင်နိုင်သော စွမ်းဆောင်ရည်နှင့် Blue Carbon အဖြစ် ကာဗွန်ဈေးကွက်သို့ချိတ်ဆက်ရောင်းဝယ်နိုင်ခြင်း စသည့်အလားအလာကောင်းသည့်အခွင့်အလမ်းများစွာရှိနေခြင်းဖြစ်သည်။

အပြာရောင်စီးပွားရေး အကျိုးကျေးဇူးများ

'အပြာရောင် စီးပွားရေး' နှင့် ဆက်စပ်နေသော စီးပွားရေးဆိုင်ရာအချက်အလက်များကို အောက်ဖော်ပြပါ အတိုင်းလေ့လာတွေ့ရှိရသည်–

- အပြာရောင်စီးပွားရေး၏ အခြေခံဖြစ်သော ကမ္ဘာတစ်ဝန်းပင်လယ်၊ သမုဒ္ဒရာဆိုင်ရာ စီးပွားရေးတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၅ ထရီ လီယံ ရှိခြင်း၊
- ကမ္ဘာကုန်သွယ်မှု ပမာဏအားလုံး၏ (၈)ရာခိုင်နှုန်းသည် ပင်လယ်ရေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်ကြခြင်း၊
- ကမ္ဘာတစ်ဝန်း အလုပ်အကိုင်ပေါင်း ၃၅၀ သန်းသည် ရေလုပ်ငန်းနှင့် ချိတ်ဆက်နေခြင်း၊
- ၂၀၂၅ ခုနှစ်တွင် ရေနံစိမ်းထုတ်လုပ်မှု စုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းသည် ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များမှ ထုတ်လုပ်ခြင်း၊
- ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းသည် အလျင်မြန်ဆုံး ဖွံ့ဖြိုးကြီးထွားလာသော အစားအစာထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းဖြစ်ပြီး စားသုံးမှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပံ့ပိုးပေးလျက်ရှိခြင်း၊

ထို့အပြင် ကမ္ဘာမြေကြီး ၇၂ ရာခိုင်နှုန်း ကျယ်ဝန်းသော ပင်လယ်၊ သမုဒ္ဒရာကြီးများသည် လူသားများအတွက်အောက်ဖော်ပြပါ အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်–

- ပင်လယ်၊ သမုဒ္ဒရာကြီးများသည်သက်ရှိများ ရှုရှိုက်နေရသော အောက်စီဂျင်ကို ထုတ်ပေးလျက်ရှိပြီး လူသားများလိုအပ်သော အသားဓာတ်ပရိုတီန်း ပမာဏ စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။
- ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၏ ၃၀ ရာခိုင်နှုန်းနှင့် မှန်လုံအိမ်ဓာတ်ငွေ့များကြောင့် ဖြစ်ပေါ်လာသော ပိုလျှံသည့် အပူ ၉၀ ရာခိုင်နှုန်းကို စုပ်ယူခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု နှေးကွေးစေရန်နှင့် ထိန်းညှိနိုင်ရန် အကူညီပေးလျက်ရှိသည်။

PDF Compressor Free Version

- နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ပစ္စည်း ၉၀ ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းသင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးခြင်းဖြင့် အဝေးပြေးလမ်းမကြီးများကဲ့သို့ ဆောင်ရွက်လျက်ရှိသည်။
- ပင်လယ်သမုဒ္ဒရာများကို နိုင်ငံသဖွယ် စဉ်းစားပါက နှစ်စဉ် စီးပွားရေးလုပ်ငန်းအမေရိကန် ဒေါ်လာထရီ လီယံပေါင်းများစွာ တန်ဖိုးရှိသဖြင့် GDP အများဆုံး ကမ္ဘာ့နိုင်ငံများတွင် အဆင့်(၇)တွင် ရပ်တည်နိုင်လိမ့် မည်ဖြစ်သည်။
- ပင်လယ်သမုဒ္ဒရာများသည် ရေလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်း၊ သင်္ဘောလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများစွာ အတွက် အလုပ်အကိုင် သန်းပေါင်းများစွာ၏ အရင်းအမြစ်လည်း ဖြစ်သည်။
- ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာ့ရေနံစိမ်းနှင့်ဓာတ်ငွေ့များထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်း၏ အရင်းအမြစ်လည်းဖြစ်သည်။
- အသေးစားငါးဖမ်းလုပ်ငန်းများသည် ကမ္ဘာ့ပင်လယ်စာထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံ အပြာရောင်စီးပွားရေး အကဲအခြေ

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသသည် ၂၈၀၀ ကီလိုမီတာခန့်ရှည်လျားပြီး ဘင်္ဂလား ပင်လယ်အော်ဒေသ ဂေဟာစနစ်တစ်ခုလုံး၏ ၅ ပုံ တစ်ပုံကို ပိုင်ဆိုင်ထားပါသည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများတွင် သဲသောင် ကမ်းခြေဂေဟာစနစ်၊ ဒီရေတောဂေဟာစနစ်၊ သန္တာကျောက်တန်းဂေဟာစနစ်၊ ပင်လယ်မြက်ခင်းဂေဟာစနစ်များကိုတွေ့ရှိရပြီး ၎င်းတို့မှ ကမ်းရိုးတန်းဒေသနေပြည်သူများနှင့် နိုင်ငံအတွက် ရေထွက်ကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးထုတ်လုပ်ပေးအပ်လျက်ရှိပါသည်။ ထို့အပြင် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုခြင်းအန္တရာယ်စသည်တို့မှလည်း ကာကွယ်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောပေါက်ရောက်မှုဧရိယာအားဖြင့် သတ္တမအဆင့်တွင် တည်ရှိပြီး အာရှတိုက်တွင် ဒီရေတောပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်သည်။ မြန်မာ့ဒီရေရောက်သစ်တောများ၏ လက်ရှိအခြေအနေမှာ ၂၀၂၀ ခုနှစ် (FRA) စာရင်းအရ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုဧရိယာ၏ ၃.၉၉% ခန့် ရှိသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဒီရေတောများကို ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အဓိကအများဆုံးတွေ့ရှိရပြီး ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ဒီရေတောကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများ ထိန်းသိမ်းကာကွယ်မှုအရ ရောဝတီတိုင်းဒေသကြီးတွင် ၃၃၄၉၁ဂ.၄ ကေ၊ ရခိုင်ပြည်နယ်တွင် ၈၈၁၀၆.၀၀ ကေ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၂၈ရ ၃၉.၉၉ ကေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၈၉.၀၀ ကေ၊ မွန်ပြည်နယ်တွင် ၁၃၁.၀၀ ကေ၊ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများ စုစုပေါင်း ၆၅၈၉၈၃.၃၉ ကေ ဖွဲ့စည်းပြီးဖြစ်ပါသည်။ ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေလုပ်ငန်းအတွက် အဓိကနေရင်းဒေသများဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဒီရေတောများ၊ ကမ်းရိုးတမ်း သစ်တောသယံဇာတများကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင် သဘာဝဓာတ်ငွေ့များစဉ်ဆက်မပြတ်ထုတ်ယူနိုင်သည့် အလားအလာကောင်းများစွာလည်း ပိုင်ဆိုင်ထားသည်။ ပင်လယ်ပြင်ကို အမှီပြုပြီး မြန်မာ့ပုလဲသယံဇာတများ ထုတ်ယူခြင်း၊ မွေးမြူခြင်းများကိုလည်း ကျယ်ပြန့်စွာဆောင်ရွက်နိုင်သည့်အခွင့်အလမ်းများရှိနေသည်။ သဘာဝအတိုင်းတည်ရှိနေသည့် လှပသည့်ကမ်းခြေများ၊ ကျွန်းများ၊ သဲဖြူလွလွပင်လယ်ကမ်းရိုးတန်းများနှင့် တိုင်းရင်းသားယဉ်ကျေးမှုများကြောင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးနိုင်သည့် အလားအလာကောင်းများလည်းရှိနေသည်။ ပထဝီဝင်အနေအထားအရလည်းကောင်း၊ ရေနက်ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ ဖေါ်ဆောင်လျက်ရှိမှုကြောင့်လည်းကောင်း ပင်လယ်ပြင်ရေလမ်းခရီးဖြင့် နိုင်ငံတကာကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး အခွင့်အလမ်းကောင်းများစွာလည်း ရှိနေသည်။

အပြာရောင်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများ

'အပြာရောင်စီးပွားရေး' ဆိုင်ရာ ရင်ဆိုင်နေရသော စိန်ခေါ်မှုများလည်းရှိနေသည်။ ထင်ရှားသည့်စိန်ခေါ်မှုများမှာ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးနေခြင်းဖြစ်သည်။ ဥပမာ လူတို့၏ ပရောဂကြောင့် သန္တာကျောက်တန်းများ ပျောက်ကွယ်ဆုံးရှုံးခြင်း၊ မျိုးစိတ်များလျော့နည်း ပျောက်ကွယ်ခြင်း၊ ဒီရေတောများ၊ ပင်လယ်မြက်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ငါးပုစွန်ရေသယံဇာတများ လျော့နည်းဆုံးရှုံးခြင်းတို့ဖြစ်သည်။

စာမျက်နှာ (၂၀) သို့

PDF Compressor Free Version

ယာဉ်ပါပေ့

'ဒေါက် ဒေါက်'

'ဒေါက် ဒေါက် ဒေါက်'

'အေးသောင်း.. အေးသောင်းထပါဦးဟာ၊ တံခါးဖွင့်ပါဦး'

'ကိုကျော်ကြီးလား'

'အေး ဟုတ်တယ်၊ထ တံခါးဖွင့်ပါဦး'

လမိုက်ညတစ်ည၊ ည(၉)နာရီကျော်မှာ အိပ်ရာစောစောဝင်ပြီး အိပ်ပျော်ခါစ အေးသောင်းတစ်ယောက် လင်တော်မောင်ကျော်ကြီး၏ တံခါးခေါက်နှိုးသံကြောင့် အိပ်ရာမှ ကမန်းကတန်းထ၊ ကပိုကရိနှင့် အိမ်တံခါးဖွင့်ပေးရင် –

'ဟင်.. ကိုကျော်ကြီးဘယ်လိုဖြစ်လာတာလဲ၊ ရှင်ပြန်လာတာ ကားသံလည်းမကြားရပါလား'

'တိုးတိုးပြောပါ.. အေးသောင်းရယ်၊ သစ်တောအဖွဲ့တွေနဲ့တွေ့လို့ သစ်တင်ထားပြီးသားကားကို လမ်းတစ်ဝက်မှာထားပြီး လူတွေကိုယ်လွတ်ရုန်းပြေးလာခဲ့ရတယ်'

'မထိတ်သာမလန့်သာ ကိုကျော်ကြီးရယ် .. အဲ့ဒါဆိုဘယ်လိုလုပ်ကြမလဲ'

'အခုညတော့ လယ်တဲမှာခဏသွားအိပ်ပြီး .. မနက်ကျ အမေတို့ရွာဘက် ခဏသွားရှောင်နေရမယ်၊ ငါခေါ်သွားတဲ့အလုပ်သမားတွေကိုလည်း ကြည့်သာရှောင်ခိုင်းလိုက်တော့'

'ဒါဆို– ကားကရော'

'လူတောင်လွတ်အောင်ရုန်းရပါတယ်ဆို ကားရော သစ်ရောထားခဲ့ရတာပေါ့၊ နင့်လည်းကလေးတွေနဲ့ အဆင်ပြေသလိုနေပြီး.. ဘယ်သူလာဘာမေးမေး.. ငါဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာကိုမသိဘူးသာပြော၊ ကဲ.. ငါသွားပြီ' ပြောပြီး အမှောင်ထဲထွက်သွားတဲ့ ကျော်ကြီးရဲ့ ကျောပြင်ကိုမှန်းဆကြည့်ရင်း တံခါးရွက်ကိုင် ရင်မောစွာဖြင့် ငေးကျန်ခဲ့ရသူက အေးသောင်းပါ။

အုန်းလွင်လေး

ရိုးမတောင်ခြေရွာကလေးက ကျော်ကြီးနှင့် အေးသောင်းတို့လင်မယား၊ ကျော်ကြီးကမိန်းမဖြစ်သူကို ဘယ်သူကဘာအကြောင်းနဲ့လာမေးပါစေ ဘူးခံလို့ ဖြေရန်ပြောခဲ့သော်လည်း ကျော်ကြီးဘာလုပ်တယ်ဆိုတာ တို့တစ်ရွာလုံးကသိပြီးသား။

လင်မယားညားစ ကျော်ကြီးက ဆိုင်ကယ်ကယ်ရီမောင်းတယ်၊ ဖုန်းလေးတစ်လုံးဝယ်ကိုင်နိုင်တော့ ရိုးမတောင်ခြေရွာနှင့်ပတ်ဝန်းကျင်က သစ်ခိုးသူတွေနဲ့ဆက်စပ်မိပြီ၊ သတင်းပေးလိုလို ဘာလိုလိုလုပ်ရောကတစ်ဆင့် ကိုယ်တိုင်ပါဝင်ပတ်သက်လာတယ်၊ နောက်တဖြည်းဖြည်း ငွေကြေး အဆင်ပြေလာတော့ လော်ရီကားတစ်စီးဝယ်တယ်၊ အခုတော့ ကိုယ်တိုင်ကိုယ်ပိုင်လော်ရီကားနဲ့ သစ်သူခိုးအကြီးစားတစ်ဦးဖြစ်နေလေရဲ့။ သစ်ခိုးသူတို့ထုံးစံအတိုင်း ကိုဗစ်–၁၉ရောဂါထိန်းချုပ်ကာကွယ်ရေးကာလ သွားလာရေးကန့်သတ်ထားချိန်အခွင့်ကောင်းယူ သစ်တောဥပဒေကိုလက်တစ်လုံးခြားလုပ်လို့ တရားမဝင်သစ်ခိုးလို့ ကောင်းဆဲ၊ သစ်သူခိုးလောကမှာ အထာနှပ်ပြီးသားကျော်ကြီးပါ။

အခုတော့ တရားမဝင်သစ်ဖမ်းဆီးသူများရဲ့ ဖမ်းဆီးခြင်းမှ လွတ်ရာလွတ်ကြောင်း တရားမဝင်သစ်တင်ထားတဲ့သူ့ရဲ့ ကိုယ်ပိုင်လော်ရီကားကို ရိုးမတောလမ်းတစ်နေရာမှာ ထားခဲ့ရလေပြီ၊ မိသားစုရိပ်မြုံမှလည်းထွက်ခွာရှောင်တိမ်းနေရလေပြီ၊

+++++

ကျော်ကြီးတစ်ယောက် အိမ်မှထွက်သွားတာ တစ်လနီးပါးကြာလေပြီ၊ အိမ်သူသက်ထား အေးသောင်း တစ်ယောက်မှာလည်း ကလေးတွေနဲ့အဆင်ပြေသလိုနေထိုင်ရင်း ကျော်ကြီးထံ အေးရာအေးကြောင်းရှိပါစ၊ နေကောင်းကျန်းမာပါစ၊ တခြားသူတွေမသိအောင် ဖုန်းခိုးဆက်ရတာလဲအမေမာ၊ အိမ်နီးနားချင်းများနှင့်လည်း မတွေ့ရလေအောင် စကားမပြောရလေအောင် အိမ်အပြင်မထွက်ဘဲနေလည်း တစ်ရက်မှာ မဖိတ်ခေါ်ဘဲရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာက ရဲပိရဲဖ ဘကြီးအောင်အပါအဝင် ယူနီဖောင်းဝတ်ထားသူများ အိမ်ရှေ့သို့ရောက်ရှိလာလေပြီ၊

'ဟေ့ .. အေးသောင်းရေ၊ ခြံတံခါးဖွင့်ပါဦး'

'အိုး.. အုပ်ချုပ်ရေးမှူးကြီးပါလား၊ ဟုတ်ကဲ့ လာပါပြီရှင့်၊ လာကြပါ ဝင်ကြပါရှင့် '

PDF Compressor Free Version

တံခါးဖွင့်ပေးတော့ခြံဝန်းထဲသို့ အုပ်ချုပ်ရေးမှူး အပါအဝင်ည့ီသည်များရောက်ရှိလာပြီးနောက် အုပ်ချုပ်ရေးမှူးက–

'အေးသောင်းရေ.. နင့်ယောကျ်ားကျော်ကြီးရှိလား'

'မရှိပါဘူး အုပ်ကြီး'

'ဘယ်သွားလဲ'

'မသိပါဘူး၊အုပ်ကြီး'

'နင့်ကိုမေးတိုင်းမရှိ၊ မသိ၊ ဒါပဲဖြေမနေနဲ့ အေးသောင်း၊ အခု ငါနဲ့ပါလာတဲ့သူတွေက သက်ဆိုင်ရာ စခန်းက ရဲတွေနဲ့ သစ်တောဝန်ထမ်းတွေပဲ၊ နင့်ယောကျ်ား သစ်ခိုးတဲ့ကိစ္စအတွက်လာတာ၊ သက်ဆိုင်ရာတို့ကပဲ အေးသောင်းကို ဖြစ်စဉ်ရှင်းပြပေးလိုက်ပါဗျာ'

အုပ်ချုပ်ရေးမှူးစကားပြောအပြီး ပခုံးတစ်ဖက်စီ ငွေကြယ်တစ်ပွင့်စီတင်ထားတဲ့ သစ်တောယူနီဖောင်းဝတ်ထားသူတစ်ဦးက–

'ဒီလိုပါဗျာ–တောတွင်းတစ်နေရာမှာ တရားမဝင်ကျွန်းသစ်ခွဲသားတင်ဆောင်ထားတဲ့ကားတစ်စီးကို ကျွန်တော်တို့အဖွဲ့က ဖမ်းဆီးရမိပါတယ်၊ အဲ့ဒီမှာပါဝင်ပတ်သက်သူအားလုံးနဲ့ ကားမောင်းတဲ့သူတွေက ထွက်ပြေးကြတယ်၊ ကားပိုင်ရှင်ကိုစုံစမ်းတော့ ဒီရွာက ဦးစကြာဝဠာကျော်ဆိုတာသိရတယ်၊ ကိုစကြာဝဠာကျော်ဆိုတာ ဒီရွာက အစ်မယောကျ်ားကိုကျော်ကြီးဆိုတာ သိရတဲ့အတွက် ကျွန်တော်တို့က လိုအပ်သလိုစစ်ဆေးဖို့ လာခေါ်တာပါခင်ဗျာ '

'ကိုကျော်ကြီးမှမရှိတာ ရှင့်တို့ကဘာလုပ်လို့ရမှာလဲ'

'ကားပိုင်ရှင်ကိုကျော်ကြီးဆိုတဲ့ အထောက်အထားတွေရထားပြီးပါပြီ၊ ကိုကျော်ကြီးကိုယ်တိုင်က တရားမဝင်သစ်နဲ့မပတ်သက်ပါဘူးဆိုတဲ့အကြောင်း ခိုင်လုံတဲ့အချက်အလက်တွေနဲ့လာရောက်ပြီး ရှင်းလင်းအစစ်အဆေးခံစေချင်ပါတယ်၊ သူကိုယ်တိုင်က ပါဝင်ပတ်သက်နေတာဆိုရင်ဖြင့် သူဘာဝတစ်လျှောက် တရားခံပြေးဖြစ်နေပါလိမ့်မယ်၊ အစ်မအနေနဲ့ အပ်နှံထွင်းရမယ့်ကိစ္စကို ပုဆိန်နဲ့ပေါက်ပြီးမရှင်းရလေအောင် ကျွန်တော်တို့သစ်တောဝန်ထမ်းတွေ ကိုကူညီစေချင်ပါတယ်၊ အဲ့လိုမှမဟုတ်ရင် .. 'သစ်တောဝန်ထမ်းတစ်ဦးက အကျိုးသင့်အကြောင်းသင့် ရည်မှန်စွာပြောပြနေစဉ် အနီးက ရပ်နားထောင်နေတဲ့ ဘကြီးအောင်က–

'အေးသောင်း၊ ကလေးမ–သက်ဆိုင်ရာတွေက သူတို့အလုပ် သူတို့လုပ်နေတာ.. မဟုတ်ပဲတော့ သူတို့အလုပ်ရှုပ်ခံပြီး နင့်အိမ်ကိုရောက်လာမှာမဟုတ်ဘူး၊ အထောက်အထားမစုံဘဲ ယိုးစွပ်မှာမဟုတ်ဘူး၊ ကျော်ကြီးကိုရအောင်ဆက်သွယ်ပြီး လာမယ့်ဘေးပြေးတွေ့ပါစေ၊ တို့တစ်ရွာလုံးက နင့်ယောကျ်ားဘာလုပ်တယ်ဆိုတာသိနေပြီးသား၊ ယောကျ်ားပဲကွဲ့၊ လုပ်ရဲရင်ခံရဲရမှာပေါ့၊ နင့်ယောကျ်ားကို တရားခံပြေးဘဝနဲ့ နေစေချင်တာလား၊ နင်တို့ရဲ့ ကလေးတွေမျက်နှာလဲထောက်ကြဦး'

'ဟုတ်ကဲ့ပါ၊ ဘကြီးအောင်ရယ်၊ သက်ဆိုင်ရာ ဆရာတို့ကိုလည်းပြောပါရစေ.. ကျွန်မယောကျ်ား ကိုကျော်ကြီးကို ကျွန်မကိုယ်တိုင်ဖျောင်းဖျပြောဆိုပါမယ်၊ ဆရာတို့ဆီကိုလည်းလွှတ်ပေးပါမယ်၊ ကျွန်မယောကျ်ား ပြစ်ဒဏ်ကြီးကြီးမားမားများဖြစ်နေလေမလား.. ဆရာတို့ ကူညီပေးပါရှင့်'

'စိတ်ချပါဗျာ..ကျွန်တော်တို့ဘက်ကလည်း အပြစ်ရှိသူကိုပဲ ပြစ်ဒဏ်ခံစားစေပြီး အပြစ်မရှိသူကို ဘာမှ မထိခိုက်ရအောင်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေအတိုင်းပဲဆောင်ရွက်မှာပါ၊ အတတ်နိုင်ဆုံးလည်းကူညီပေးပါမယ်၊ ကိုကျော်ကြီးကိုသာ ကျွန်တော်တို့ဆီအမြန်ဆုံးလာရောက်ရှင်းလင်းစစ်ဆေးခံဖို့ လွှတ်ပေးပါ'

'ဟုတ်ကဲ့ပါရှင့် ဟုတ်ကဲ့ '

++++++

မယားပြောတော့တစ်ညလို့ပဲဆိုရလေမလား၊ အေးသောင်းရဲ့တရားဥပဒေအပေါ် လေးစားလိုက်နာမှုလို့ပဲဆိုရလေမလား ကျော်ကြီးတစ်ယောက် သက်ဆိုင်ရာတို့ဆီသွားပြီး စစ်ဆေးမေးမြန်းမှုကို အမှန်အတိုင်း ဝန်ခံထွက်ဆိုတယ်၊ ဥပဒေဘောင်အတွင်း နေထိုင်ဖို့၊ တရားရုံးမှာဖြေရှင်းဖို့ ထိုက်သင့်တဲ့ပြစ်ဒဏ်ခံရဖို့အတွက် ရဲစခန်းအတွင်း သံတိုင်တွေထဲ ည့ီသည်အဖြစ်ရောက်နေလေပြီ၊

တရားရုံးမှာ အမှုရင်ဆိုင်နေသည့်ရက်တစ်ရက်၊ တရားခွင်စစ်ဆေးမှုမပြုမီ တရားလိုဖြစ်တဲ့ သစ်တောဝန်ထမ်းက ကျော်ကြီးကိုအထဲမှာ ကျန်းမာရေးဂရုစိုက်နေထိုင်ဖို့အကြောင်းအားပေးစကားပြောနေစဉ်ကျော်ကြီးက–

'ဆရာရယ် ကျွန်တော်လည်းအပ္ပဲပ္ပဲနဲ့လာခဲ့တာ အခုမှပဲခံရပါတော့တယ်၊ ကျွန်တော့်ဘက်က အမှုနှင့်ပတ်သက်ပြီး ပြစ်မှုမကျူးလွန်တဲ့သူတွေကို ပြစ်ဒဏ်မခံရအောင် အမှန်ဆက်စပ်ပတ်သက်သူတွေ ပြစ်မှုကျူးလွန်သူတွေကိုလည်း အရေးယူနိုင်အောင်အမှန်အတိုင်း ဝန်ခံထွက်ဆိုပေးပြီးပါပြီ၊ ကျွန်တော့်ကိုစောင့်ရှောက်ပါဆရာရယ်၊ ဆရာ့ကို ကျွန်တော်မရှင်းတာလေးလည်းမေးချင်ပါတယ် '

'ဟုတ်ကဲ့မေးပါ ကိုကျော်ကြီး'

'ကျွန်တော့်ဆီကဖမ်းမိတဲ့ကျွန်းသစ်ခွဲသား တစ်တန်ကျော်နှင့်ပတ်သက်ပြီး သစ်တောဥပဒေပုဒ်မ၄၃(က)နဲ့ တရားစွဲတာတော့ဟုတ်ပါပြီး သစ်တင်တဲ့ ကျွန်တော့်ရဲ့ ကားကိုရော ပြန်ရနိုင်ပါမလားဆရာ'

'ဒါကတော့ တရားသူကြီးရဲ့စီရင်ချက်အတိုင်းပါပဲ၊ အဲ့ ကျွန်တော်တို့ဘက်ကပြစ်မှု/ပြစ်ဒဏ်ဆီလျော် မျှတမှုမရှိရင်တော့ပြင်ဆင်ချက်တက်ရမှာပါ '

PDF Compressor Free Version

'ဟုတ်ကဲ့ပါဆရာရယ်၊ ဒါနဲ့ ကျွန်တော့်ကားဆိုတာမှန်း ဆရာတို့ ဘယ်လိုခြေရာခံပြီး ဖော်ထုတ်လိုက်တာလဲ ဆရာ'

'ကျွန်တော် ရှည်ရှည်လေးရှင်းပြပါမယ်၊ ကျွန်တော်တို့ သစ်တောဌာနက သက်ဆိုင်ရာနယ်မြေ/ဘီနယ်တွေ ခွဲပြီးစီမံအုပ်ချုပ်တာလေ၊ ကိုယ့်အလုပ်ကို နား/ မျက်စိ ဖွင့်ပြီးဆောင်ရွက်ရတာပေါ့၊ သစ်တောဝန်ထမ်းတွေဆိုတာ တရားမဝင်သစ်ထုတ်လုပ်မှုမရှိစေရေး ကြိုတင်ကာကွယ်တားဆီးတယ်၊ သတင်းစုံစမ်းဖော်ထုတ်တယ်၊ ရတဲ့သတင်းကို အတည်ပြု၊ လုံလောက်တဲ့ဝန်ထမ်းအင်အားဖွဲ့၊ သတင်းရတဲ့နေရာကို ရှာဖွေရှင်းလင်းဖမ်းဆီးတယ်၊ ပြစ်မှုကျူးလွန်သူကိုဖော်ထုတ်အရေးယူတယ်၊ ကိုကျော်ကြီးရဲ့ကားမှန်း ဘယ်လိုစုံစမ်းဖော်ထုတ်လဲဆိုတော့ ကျွန်တော်တို့ဖမ်းမိစဉ်က ပြစ်မှုကျူးလွန်သူတွေနဲ့ ဆက်စပ်ပတ်သက်သူ အားလုံးထွက်ပြေးတိမ်းရှောင်ကြတယ်၊ ဒီတော့တရားမဝင်သစ်တင်ထားတဲ့ကားရဲ့အချက်အလက်တွေ ရှာဖွေပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန (ကညန) က တစ်ဆင့် အရင်ဆုံးယာဉ်ပိုင်ရှင်ဖော်ထုတ်တာပေါ့၊ အဲ့ဒီကမှ တစ်ဆင့်တရားမဝင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ သစ်ပိုင်ရှင်စတဲ့ပတ်သက်သူတွေကို ဆက်လက်ဖော်ထုတ်တာပေါ့၊ အဲလို့ဆောင်ရွက်ဖို့ ကျွန်တော်တို့ဌာနကလည်း ညွှန်ကြားချက်တွေရှိတယ်၊ ကိုကျော်ကြီးအမှုနှင့်ပတ်သက်လို့ ကိုယ်တိုင်က အမှန်အတိုင်းဝန်ခံထွက်ဆိုပြီးဆိုတော့ ကျွန်တော်တို့အတွက် အချိန်နှင့်တစ်ပြေးညီ လျင်လျင်မြန်မြန်အရေးယူဆောင်ရွက်နိုင်တာပေါ့ဗျာ'

'ကျွန်တော့်အမှုမှာ ဆရာတို့ဘက်က ဖော်ထုတ်အရေးယူနိုင်တာက ကျွန်တော်ရဲ့ကားကြောင့်ကို'

'ကိုကျော်ကြီးရယ် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှမရှိတာလေ၊ သစ်တောသယံဇာတတွေဆိုတာ အများစုကနိုင်ငံပိုင်ဖြစ်တယ်၊ အဲ့ဒီကို ကိုယ်ကျိုးအတွက် ဝိသမလောဘနဲ့ တရားမဝင်ခိုးယူသုံးစွဲတယ်ဆိုရင် အဒိန္နဒါနာ ကံထိုက်ပါတယ်'

'ဆရာတို့ကို ညွှန်ကြားထားတဲ့အချက်လေးများ

သိလို့ရပါသလားခင်ဗျာ'

'သိလို့ရပါတယ်ကိုကျော်ကြီး ကျွန်တော်ကလည်း သိစေချင်ပါတယ်၊ ဒါကိုသိမှလည်း တရားမဝင်သစ်ထုတ်လုပ်မှုတွေလျော့ကျနိုင်မယ်၊ သယံဇာတနဲ့လူစွမ်းအား အရင်းအမြစ်တွေလည်းမဆုံးရှုံးတော့ဘူးပေါ့ဗျာ၊ ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေလည်း ညွှန်ကြားချက်ကို တိတိကျကျသိထားတော့ လုပ်ရကိုင်ရတာ လျင်မြန်ချောမွေ့အောင်လုပ်နိုင်သလို သက်ဆိုင်ရာဆက်စပ်ဌာနတွေကလဲ နားလည်သဘောပေါက်ပြီး ကျွန်တော်တို့ကိုအချိန်နှင့်တစ်ပြေးညီကူညီနိုင်တာပေါ့ဗျာ'

'ဟုတ်ကဲ့ ... သိပါရစေဆရာ'

'ဟုတ်ကဲ့ကိုကျော်ကြီးသိချင်တဲ့ ကျွန်တော်တို့ဌာန က၂၀၂၁ခုနှစ်၊ ဇွန်လမှာထွက်တဲ့ ညွှန်ကြားချက်စာ အတိုင်းဖတ်ပြရရင်တော့ဒီလိုပါဗျာ'

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ယာဉ်/တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့်ပတ်သက်၍ ပိုင်ရှင်မဲ့ဖမ်းဆီးရမိပါက အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားရန်--

- (ကိုယ်တိုင်ဖမ်း/ပူးပေါင်းဖမ်း/ဖမ်းဆီးလွှဲပြောင်း) ပိုင်ရှင်မဲ့၊ သစ်နှင့်သစ်တောထွက်ပစ္စည်းများအား ယာဉ် (မြေတူးစက်၊ မြေကော်စက်၊ ကရိန်း၊ မော်တော်ကား၊ ထော်လာကျီ ထွန်းစက်၊ သုံးဘီး၊ ဆိုင်ကယ်)၊ စက်တပ်ရေယာဉ် (စက်လေှ၊ မော်တော်၊ ပဲ့ထောင်၊ ပဲ့ချိတ်နှင့် တွဲဆက်ထားသောသံခွံ၊ စီဘီတွဲ)နှင့် အတူဖမ်းဆီးရမိပါက ရဲစခန်း/တရားရုံးများသို့ လွှဲပြောင်းပေးအပ်ခြင်းမရှိပဲ ထိန်းသိမ်းထားရန်၊
- ယာဉ်အား ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန (ကညန)/စက်တပ်ရေယာဉ်အား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာန(ရညန)များသို့ မှတ်တမ်းဝင်ယာဉ် ဟုတ်/မဟုတ်မေးမြန်းဆောင်ရွက်ရန်၊
- ကညနမှ မှတ်ပုံတင်ယာဉ်မဟုတ်ကြောင်း ပြန်ကြားလာပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီး ပုံစံ(၈)ရေးသွင်း၍ ဗဟို စက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ---------- လွှဲပြောင်းအပ်နှံရန်၊
- ရ-ည-နမှ မှတ်ပုံတင်ယာဉ်မဟုတ်ကြောင်း ပြန်ကြားလာပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီးပုံစံ(၈)ရေးသွင်း၍----------- တင်ဒါစနစ်ဖြင့်ရောင်းချရန်၊
- ကညန/ရညနမှ မှတ်ပုံတင်ယာဉ် ဖြစ်ကြောင်းပြန်ကြားလာပါက ယာဉ်မောင်း/ သစ်ပိုင်ရှင်/ ယာဉ်ပိုင်

PDF Compressor Free Version

ရှင်အား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ရဲစခန်း/ တရားရုံးများသို့ အမှုဖွင့်လှစ်ဆောင်ရွက်ရန်၊ ယာဉ်/စက်တပ်ရေယာဉ်အား ရဲစခန်း/ တရားရုံးများသို့ ညွှန်ကြားချက်/ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊ –(ပိုင်ရှင်မဲ့) ကျွဲ၊ နွား၊ မြင်း၊ မြည်း၊ လား၊ လှည်း၊ လေ၊ဆိုက်ကွား၊ စက်ဘီးတို့ကို လက်ထောက်ညွှန်ကြားရေးမှူးမှ ဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီးပုံစံ(၈)ရေးသွင်း၍ ---------- ညွှန်ကြားချက်နှင့်အညီ တင်ဒါစနစ်ဖြင့် ရောင်းချရန်၊

- (ပိုင်ရှင်မဲ့) ပိုင်ရှင်မဲ့ဆင်ဖြစ်ပါက လက်ထောက်ညွှန်ကြားရေးမှူးမှဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီး ပုံစံ(၈)ရေးသွင်း၍ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ရန်၊
- (ပိုင်ရှင်မဲ့)သစ်စက်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများဖြစ်ပါကလက်ထောက် ညွှန်ကြားရေးမှူးမှ ဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီးပုံစံ(၈)ရေးသွင်း၍ -------- ------ ညွှန်ကြားချက်နှင့်အညီ တင်ဒါစနစ်ဖြင့် ရောင်းချရန်၊
- (ပိုင်ရှင်မဲ့)၊ လက်ကိုင်စက်လွှဖြစ်ပါကနှင့် ဆက်စပ်ပစ္စည်းများဖြစ်ပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှ ဘဏ္ဍာသိမ်းမိန့်ချမှတ်ပြီးပုံစံ(၈)ရေးသွင်း၍လုပ်ထုံလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်၊

'အဲ့ဒါပါပဲကိုကျော်ကြီး၊ ကျွန်တော်တို့မှာ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းတင်ဆောင်ထားတဲ့ ယာဉ်ဖမ်းဆီးပြီဆို အဲ့ဒီယာဉ်ရဲ့ လာရာ/လားရာ လမ်းကြောင်းနှင့်ဆက်စပ်သည့်နေရာကို ရှင်းလင်းရှာဖွေဖော်ထုတ်ရသေးတယ်'

'ကျွန်တော်လည်း ပြစ်မှုကြွေးဆပ်ပြီးရင်တော့နောင်များဆို တရားမဝင်သစ်နှင့်ပတ်သက်ပြီး ဘာဆိုဘာမျှ မပတ်သက်စေတော့ဘဲဝေရာမဏ္ဍိပါပဲ ဆရာ '

'ကောင်းပါလေ့ ကိုကျော်ကြီးခေါ် ကိုစကြာဝဠာ ကျော်ရယ် ....

++++++++

စာမျက်နှာ (၁၆) မှ အဆက်

အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့ပါးပျောက်ကွယ်လာခြင်းတို့ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာများသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် လွန်စွာအရေးပါပြီး လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူသိုလှောင်လျက်ရှိရာ အက်စစ်ဖြစ်ထွန်းခြင်းဖြစ်စဉ်များ အချိန်နှင့်အမျှ ပိုမိုတိုးပွားဖြစ်ထွန်းခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကိုစုပ်ယူနိုင်မှုစွမ်းရည်များကျဆင်းပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် လုပ်ဆောင်နိုင်မှုကျဆင်းသွားမည်ဖြစ်သည်။ ပင်လယ်ရေထုအတွင်း ပလစ်စတစ်အမှိုက်များ နှစ်စဉ်တန်ချိန်ရာပေါင်းများစွာ စွန့်ပစ်ခြင်း၊ စက်မှုလုပ်ငန်းသုံးဓာတုစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း၊ e-waste အမျိုးမျိုးစွန့်ပစ်ခြင်း၊ ယခုအခါ ကိုဗစ်–၁၉ အတွက် ကာကွယ်တားဆီးရန် အသုံးပြုသော နှာခေါင်းစည်းအပါအဝင် တစ်ကိုယ်ရည်သုံးပစ္စည်းများ စွန့်ပစ်ခြင်း စသည်တို့သည် ပင်လယ်ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းပျက်စီးစေပြီး ပင်လယ်ရေနေသတ္တဝါများအတွက် အသက်အန္တရာယ်ထိ ပျက်စီးစေသည့် စိန်ခေါ်မှုများဖြစ်ပါသည်။

အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ပြည်နယ်/တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီး စီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရေး အတွက် ကဏ္ဍအသီးသီးမှ ပညာရှင်များ ပါဝင်သော အကြံပေးကော်မတီကိုလည်းဖွဲ့စည်းပြီး ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Coastal Management- ICM) ရေးဆွဲလျက်ရှိပြီး ယခုအခါ(မူကြမ်း)ပြီးစီးပြီဖြစ်၍ အပြီးသတ်နိုင်ရန်နှင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကမ်းရိုးတန်းနှင့်ဆက်စပ်နေသော လုပ်ငန်းကဏ္ဍအသီးသီးက ကမ်းရိုးတမ်း **သဘာဝသယံဇာတများကိုကာကွယ်ခြင်းနှင့် ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စနစ်တကျထုတ်ယူအသုံးပြုခြင်းအားဖြင့်လည်းကောင်း၊ အကျိုးဆက် ဆက်စပ်ပတ်သက်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း** အားဖြင့်လည်းကောင်း အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

PDF Compressor Free Version

ယခင်လမှအဆက် ➢

ဝါးပါးစခန်းဟု ဦးတင်ရွှေက ဆိုသော်လည်း စိမ်းစိုသောသော်ကပင် ပျိုများ လွှမ်းခြုံထားသည့်နေရာဖြစ်သဖြင့် သော်ကမြိုင်စခန်းဟု အမည်လှလှပေးလိုက်ကြသည်။

ရှပ်လုံးပေါ်လာတော့ ချောင်းထဲရေဆင်းချိုးကြပြန်သည်။ အဝတ်လျှော်သူ၊ ဖိနပ်လျှော်သူများဖြင့် ဝါးပါးချောင်းအတွင်း ဆပ်ပြာရေ ဆင်းတော့သည်။

တကယ်တမ်းကြတော့ စခန်းနေရာက တောင်မြောက်တန်းနေသော တောင်နှစ်လုံးကြားဖြစ်သဖြင့် နေက စောစောမဝင်။ နောက်တစ်နေ့စာအတွက် ချောင်းထဲမှာ ငါးရှာသူရှာ၊ ချောင်းရိုးတစ်လျှောက် စားလို့ရတဲ့ အညွန့်အဖူးရှာသူ ရှာ၊ ဝါးတောထဲဝင်ပြီး မျှစ်ရှာ၊ မျှစ်ချိုးဖြင့် အချိန်ရှိခိုက် ကိုယ်စီကိုယ်စီ လုံ့လစိုက်နေကြသည်။

ဒုတိယည တောစခန်းက ယခင်နေ့ကထက် ပိုပြီး စည်စည်ဝေဝေရှိသည်။ ၂ ညအိပ် ၃ ရက် ခရီးကြမ်းကို အေးအတူပူအမျှ အတူလှမ်းခဲ့ကြတာမို့ ရင်းနှီးမှုပိုလာသည်။ ဟိုဘက်တဲ၊ ဒီဘက်တဲများက စနောက်၊ ရယ်မောသံများ ကြားနေရသည်။ အထူးသဖြင့် လူပျိုကြီးဇင်မောင်တစ်ယောက် သီတင်းကျွတ်လျှင် လက်ထပ်တော့မည်ဖြစ်ကြောင်း ကိုသန်းဌေးက ကြေညာလိုက်ရာမှအစပြုပြီး ဇင်မောင်ကို မဟုတ်တမ်းတရားတွေပြောပြီး နောက်ပြောင်ကြသည်။ ဇင်မောင်ကလည်း တစ်ခွန်းမခံ ကိုသန်းဌေးရဲ့ငယ်ကျိုးငယ်နာများ ဟုဆိုပြီး ပေါက်တတ်ကရတွေ (ကိုသန်းဌေးစကားကို ယူသုံးရလျှင် စွတ်တပ်ကရတွေ) ပြောရင်း တဝါးဝါးတဟားဟား။ အနီးအနားမှာ ငဲ့စရာဆိုလို့ မိန်းမသနာမရှိသဖြင့် တစ်တစ်ခွခွတွေပြောရင်း ပွဲက အတော်စည်ကားလာသည်။

လူပျိုကြီးနှစ်ယောက် အားရပါးရစကားဝိုင်းကို ဘေးနားက နားထောင်ရင်း အူတက်နေသူများကတော့ လူပျိုငယ် ဖိုးတရုတ်နှင့် ရဲတပ်သားတစ်ယောက်။ ခဏနေတော့ ရဲတပ်သားငယ်လေး ထပြေးသည်။ အဲဒီအချိန်ကစပြီး ဇင်မောင်နှင့် ရဲတပ်သားငယ်လေး သူရှောင်ကိုယ်ရှောင်ဖြစ်သွားသည်။ အကြောင်းရင်းကား ဇင်မောင်ယူမည့် မိန်းကလေးက ရဲတပ်သားလေး၏ အစ်မဝမ်းကွဲဖြစ်နေခြင်းပင်။ နောက်ပိုင်းတွင် ဇင်မောင့်ယောက်ဖလေး ဟု အမည်တွင်သွားသည်။

'ဒါက အထူးဝိုင်းအတွက် အမြည်း' ဟုဆိုကာ ကွန်ချစ်က ငါးကြော်တစ်ပန်းကန် လာချသည်။

'ဟိုလူတွေကို မကျွေးဘူးလား ကိုကွန်ချစ်' ကိုသန်းဌေးက အခွင့်ထူးခံတာမျိုးဖြစ်မှာ အလွန်သတိထားသူဖြစ်သည်။ သူတွင်ပါလာသော ဝီစကီ ကိုပင်လျှင် ဒီလောက်လူအများကြီးကို အချိုးကျခွဲဝေတိုက်သူဖြစ်သည်။ မလောက်တော့လည်း Grand Royal အတူတူပေါ့ဟု ပြောတတ်သူ။ အားလုံးကလည်း သူ့စည်းကမ်းအရ တစ်ပက်နှစ်ပက်ထက် ပိုမသောက်ကြသဖြင့် အခုထိတော့ သူမှုအတိုင်း အဆင်ပြေနေဆဲ။

'အားလုံးအတွက် ငါးကြော်မလောက်ဘူး တံငါသည်က ဂီလာနဖြစ်နေပြီ '

'ဟင် '

စိုးရိမ်စိတ်ဖြင့် တစ်ဖက်တဲကို လှမ်းကြည့်တော့ ခြေထောက်မှာ ပတ်တီးဖြူဖြူစည်းထားသော ဝတုတ်ကို ပက်လက်ကြီး တွေ့ရသည်။

'ငုတ်စူးတာ။ ဒဏ်ရာက သိပ်တော့မကြီးပါဘူး၊ ယောင်တော့ ယောင် နေတယ်။ ကျွန်တော် ဆေးထည့်ပြီး ပတ်တီးစီးပေးထားတယ်' ကွန်ချစ်က ပြောသည်။

'ဟေ့ကောင် ဝတုတ်ဘယ်လိုနေလဲ ' ဖိုးတရုတ် က လှမ်းမေးသည်။ ***ပြီးတော့ အိုကေတဲ့'*** ဟု သတင်းပြန်ပို့သည်။ သူတို့ချင်း ဘယ်လို သင်္ကေတနဲ့

PDF Compressor Free Version

အကြောင်းပြန်သည်တော့မသိ။

ထိုညနေက ဝတုတ်အပါအဝင် ခြေထောက်ဒဏ်ရာ ရသူ သုံးယောက်ဖြစ်သည်။ ဒဏ်ရာက တစ်ယောက်တစ် မျိုး၊ အရှည်ကြီး (တုံ့စကားရှာသား) က တဲထိုးဖို့ ဝါးခုတ်ရင်းခြေထောက်ကို ဓားဖြင့်ခုတ်မိသည်။ နောက်တစ်ယောက်က ရဲတပ်သားတစ်ဦး၊ သူက ခြေထောက်ကို တောကြီးပင့်ကူအကိုက်ခံရပြီး ခြေမကြီးယောင်ကိုင်းနေသည်။

ထမင်းစားပြီးတော့ ဂီလာနများကို လှည့်လည် သတင်းမေးကြသည်။ သိပ်တော့ စိုးရိမ်စရာမရှိ။ ဒီစခန်းမှာ နောက်နေ့အထိ အခြေချမည်ဖြစ်ရာ နောက်နေ့ ခရီးထွက်လျှင် သူတို့ကို ချန်ထားရစ်ဖို့ ဆုံးဖြတ်ရသည်။

'*ထမင်းစားရတာ အဆင်ပြေရဲ့လား၊ ဆရာတို့ကိုအားနာလိုက်တာ*' သူတို့ ထမင်းစားနေတာကို လာကြည့်သောမိမိတို့ကို ရှာသားတွေကအားနာနေသေးသည်။

'*ခွင့်ပေးရင် ဒီညကျွန်တော်တို့အမဲလည်မယ်*'

'*ကျွန်တော်တို့ပါရဲ့သားနဲ့ ဆရာတို့ ဟင်းကောင်းမစားရဘူး*' ဟု တစ်ယောက်က ဝင်ပြောသည်။

'*အခုစားနေတဲ့ ငါးသေတ္တာက မကောင်းလို့လား*' ကိုအေးချမ်းက မေးသည်။

'*ဟား မကောင်းဘယ်ရှိပါ့မလဲ*'

'*ဒီအနားမှာ ဟိုကောင်တွေရှိတယ်၊ ဆရာတို့ မီးပုံပွဲလုပ်ရအောင်လို့လေ*'

နက်ဖြန်ခါ ကျွန်းပင်ကြီးတွေ့လို့ တကယ့်ကို အကြီးဆုံးအဖြစ် စံချိန်တင်နိုင်လျှင် မီးပုံပွဲလုပ်ပြီး အောင်ပွဲခံမယ်ဟု ပြောမိသော မိမိဆန္ဒကို ဖော်ဆောင်ပေးလိုမှု ဖြစ်သည်။

'*ဟာ မလုပ်ပါနဲ့ဗျာ။ အမဲတော့ မလိုက်ကြပါနဲ့*' ခါးခါးသီးသီး ငြင်းမိသည်။

'*ဤဆိုင်မှာ တောကောင်သား ဟင်းလျှာမရောင်းပါ ဆိုတဲ့ ပိုစတာတွေ လိုက်ကပ်တာ ဒီလူကြီးလေ၊ သူ့မှာ ရဲတွေပါလာတယ်။ တော်ကြာ အဖမ်းခံနေရဦးမယ်*' ကိုသန်းဌေးက အသောလေးဖြင့် စကားကို စလိုက်ပြီး '*ကျွန်တော်တို့ခရီးစဉ်က သဘာဝ သယံဇာတတွေကို တန်ဖိုးထားတဲ့အသိတွေ တိုးပွားအောင် လုပ်ရှားတဲ့ စံနမူနာလည်း ဖြစ်ချင်တာ*' ဟု ဆက်ပြောသည်။

အမဲမလိုက်ကြဖို့ မိမိ၏ဟန့်တားမှုသည် တစ်ချိန်က ဘယ်သူကို ဘာကိုမှန်း မသိဘဲ ပေးခဲ့ဖူးသည့်ကတိတစ်ခုနှင့် ပတ်သက်နေကြောင်း မိမိသာလျှင်သိသည်။

ကြာပြီ၊ ကြာတာမှန့်စ်ပေါင်း ၃၀ ကျော်ကို ကြာခဲ့ပြီ။

၁၉၈၅ လား။ ၁၉၈၆ လား တစ်ခုခုပါပဲ။

အလုပ်ထဲဝင်စ စိုက်ကွက်လက်ထောက်ဘဝ။

သစ်တောသယံဇာတ စာရင်းကောက်စီမံကိန်းမှာ ဇော်လန်တီယာအဖြစ်နဲ့ ကန်ပက်လက်ဘက်မှာ ရခဲ့တဲ့ သင်ခန်းစာ။ ပေးခဲ့တဲ့ကတိ။

တောတွင်းစာရင်းကောက်လုပ်ငန်း ပြီးတော့မည်။ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးအုပ်စုက ရွာတစ်ရွာမှာ စခန်းသိမ်းမည်။ ရွာနာမည် မမှတ်မိတော့။

ချင်းပြည်နယ်ဖြစ်သော်လည်း သူတို့က ချင်းဘုံဟုခေါ်သော ချင်းဗမာ၊ ဗုဒ္ဓဘာသာတွေ ဖြစ်သည်။ ညဘက်ဆို ခေါင်ရည်အတူသောက်ပြီး အမျိုးသမီးတွေက တစ်ဖက်၊ အမျိုးသားတွေကတစ်ဖက် သီချင်းလေးတွေ စောင်းမြောင်းဆိုကြတာ အမှတ်တရဖြစ်သည်။ ရွာသား တစ်ယောက်က နှာခေါင်းတစ်ဖက်ကိုပိတ်ပြီး နဲ့သံလိုမြည်အောင်မှုတ်တတ်သည်။ ရှေးမြန်မာသီချင်းတွေဆိုပြီး အတီးပုဒ်မှာ ပါးစပ်နဲ့ဖြင့်ဇည့်ခံတာ အမှတ်တရဖြစ်သည်။ ပါးမဲထိုးထားသော အမျိုးသမီးကြီးတွေရဲ့ရိုးသားတဲ့အပြုံးမျက်နှာတွေကလည်း စိတ်ထဲမှာ မှတ်မှတ်ထင်ထင်။ ကျွန်းသစ်လုံးတွေကို ထွင်းထားတဲ့ လုံးထွင်းလေ့ကိုစီးပြီး မုန်းချောင်းရေကြည်ကြည်မှာ ခရီးသွားရတာကိုဖြင့် မေ့နိုင်စရာမရှိ။ မုန်းငါးကြီးများကို ဆီမပါ၊ ပြာရည်ဖြင့်ချက်သော ဟင်းလျှာကလည်း အရသာဆန်းဆန်းပို့ တမ်းတစရာ။

ဒီလိုအမှတ်တရများစွာရှိခဲ့သော်လည်း မိမိရပ်ရွာပြန်ရောက်လျှင် မှတ်တမ်းမှတ်ရာပြန်ခိုင်ဖို့ ကင်မရာ တစ်လုံးလောက်ပါမလာနိုင်ခြင်းအတွက် အားမလိုအားမရ ဖြစ်ရသည်။

ခွဲသာရွာကောင်စီဥက္ကဋ္ဌ လက်ဆောင်ပေးလိုက်သော ပလိုင်းလေးရယ်၊ မဆာဒ္ဒိက မိတ်ဆွေတစ်ဦးပေးလိုက်သော ငွေရိုးတပ်ဓားတစ်လက်ရယ်၊ လဲပုံရွာနားက သစ်ပင်ပေါ် ကိုယ်တိုင်တက်ခွာထားတဲ့ သစ်ခွဆန်းဆန်းများရယ်သာ အမှတ်တရ သယ်သွားစရာရှိသည်။

အလုပ်ပြီးလို့ ပြန်ရလျှင် ဇာတိမြေ မြစ်ဝကျွန်းပေါ် သို့သွားပြီး အတွေ့အကြုံတွေ ဝေငှဖို့စိတ်ကူးထားရာ မိမိဒေသမှာ မတွေ့ရ၊ မမြင်ရ၊ မစားရသော ဆတ်သားခြောက်ကလေးများ ဆွေတွေ၊ မျိုးတွေ ဝေငှပေးဖို့ စိတ်ကူးရသည်။ ဆတ်သားခြောက် ဘယ်မှာရမလဲ ရွာထဲမှာ စုံစမ်းသည်။ ရွာဆိုသော်ငြား အိမ် ၈ လုံး၊ ၉ လုံးလောက်သာရှိသော ရွာဖြစ်သည်။ တစ်ချို့အိမ်တွေက မိသားစု ၂ စု၊ ၃ စုလောက် နေသဖြင့် လူ ၅၀ လောက်တော့ ရှိမည်ထင်သည်။ ယောက်ျား သန်သန်မာမာကတော့ ၁၀ ယောက်၊ ၁၅ ယောက်ထက် ပိုမည် မထင်။

လိုရင်းဆိုပါက ဆတ်သားခြောက် ဘယ်မှာမှ မရခဲ့။ ခင်မင်ရင်းစွဲရှိနေပြီဖြစ်သော ရွာသားများက ရှိပါလျက်သား။ မရှိစကားပြောမည်မထင်။

သို့ရာတွင် မိမိက ဆတ်သားကို ဘယ်လိုရရ ဘယ်နည်းရရဖြစ်နေသဖြင့် ဆတ်တစ်ကောင် မရရအောင် အမဲလိုက်ပေးဖို့ ရွာသားများကို ဇွတ်အတင်းခိုင်းတော့သည်။ ရွာသားတွေက အဖိတ်၊ ဥပုသ်နှင့် ဥပုသ်ထွက် ၃ ရက်ကို တော့ အမဲမလိုက်ပါရစေနဲ့ဟု တောင်းပန်သည်။

'*ခင်ဗျားတို့ကလည်း တစ်ပတ်မှာ သုံးရက်*

PDF Compressor Free Version

နား တာဆိုတော့ မလွန်လွန်းဘူးလား၊ ဥပုသ်တစ်ရက် တော်ရောပေါ့ ’

‘ရတယ်လေ ခင်ဗျားတို့ ကျွန်းသစ် လုံးထွင်းလေ့တွေအကုန်ဖမ်းမယ်’ ဟုပင် ခြိမ်းခြောက်မိသည်။ နောက်ဆုံးကွင်းဆင်းသည့်နေ့၊ ထိုနေ့က လပြည့်ကျော် တစ်ရက်ဖြစ်သည်။ ရွာသားတစ်ဝက်က မိမိတို့အဖွဲ့နှင့် အတူ တောတွင်းစာရင်းကောက်လုပ်ငန်းများအတွက် အတူလိုက်ပြီး ကျန်တစ်ဝက်က အမဲလိုက်ထွက်ဖို့ သဘောတူလိုက်ကြသည်။

ဒီနေ့ ဒီအကွက်ပြီးလျှင် မိမိတို့ အလုပ်လက်စသတ်ပြီဖြစ်ရာ ခပ်သွက်သွက်လှုပ်ရှားကြသည်။

နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဟုဆိုလျှင် ထိုနောက်ဆုံးပိတ်သည် ဒုက္ခတွေကို အိတ်နှင့်လွယ်ရသော နေ့တစ်နေ့ ဖြစ်ပေလိမ့်မည်။

Starting Point ဟုခေါ်သော ရုံးချုပ်က မြေပုံပေါ် မှတ်ပေးလိုက်သည့် စမှတ်ကို တောထဲမှာ ရှာကြသည်။

သံလိုက်အိမ်မြှောင် (Compass) ဦးတည်ရာ လမ်းကြောင်းက အလွန်မတ်စောက်သော ကမ်းပါးယံကို ဖြတ်သန်းသွားသည်။ ဦးတည်ရာအတိုင်း ဘယ်လို အခက်အခဲအတားအဆီးရှိသည်ဖြစ်စေ တည့်တည့်သွားရမည်။ ကွေ့ဝိုက်သွားလျှင် နမူနာကွက်တည်နေရာ မှားယွင်းသွားမည်။ နောင် ၅ နှစ်အကြာ ဒီနေရာရဲ့အခြေအနေကို ပြန်စိစစ်သည့် အခါလွဲချော်ကုန်မည်။ အဲဒီနေ့ကအလွန်မတ်စောက်သော ကမ်းပါးယံအတိုင်း တွယ်တက်ရသည်။ ရှောင်လွှဲ၍မရ။

စိမ်ကိန်းလက်ထောက်ညွှန်ကြားရေးမှူးဟူသော ရာထူးနေရာရရှိထားသူ။ တစ်နည်းအားဖြင့် ခေါင်းဆောင်ဖြစ်သူ မိမိကို ဦးစားပေးသောအားဖြင့် အခြားတစ်ဖက်က တက်ပြီး တောင်ထိပ်မှာပဲ သူတို့နဲ့ဆုံကြဖို့ အကြံပြုချက်ကို ဝမ်းမြောက်စွာလက်ခံခဲ့သည်။ အဲဒီမှာတင် ဒုက္ခစသည်။တောင်ကြောပေါ်ရောက်တော့ ခေါ်မကြား အော်မကြား၊ ဘယ်သူနဲ့မှ အဆက်အသွယ်မရတော့။ မိမိတစ်ယောက်တည်း။

မနက်က ချောင်းဘေးမှာ ရွာသားတစ်ယောက်ပြသော ကျားခြေရာလတ်လတ်ဆတ်ဆတ်များကို မြင်ယောင်ပြီး စိုးရိမ်သွားသည်။ အဖွဲ့သားတွေကို အသံပေးမှ ဖြစ်ခြေမည်။ အူး အူး ကြိမ်ဖန်များစွာ အူသံပေးသော်ငြားမည်သည့်တုန့်ပြန်မှုမျှ ပြန်မရ။

အပြေးတစ်ပိုင်း လိုက်ရှာစဉ် ခပ်စောက်စောက် ချောက်ကမ်းပါးတစ်ခုအရောက် ကျောက်တုံးကို ချော်နင်းမိသည်။ မိမိနှင့်အတူ ကျောက်တုံးပါလိမ့်ကျသည်။ နောက်မှ ကျောက်တုံးကြီးငယ်များစွာလည်း လိမ့်ကျလိုက်ပါလာသည်။ လျှိုအောက်ရောက်မှ လူက ဝမ်းလျားမှောက်လျက် ရပ်တန့်သွားသည်။ နောက်ကလိမ့်ကျလာသော ကျောက်တုံး၊ ကျောက်ခဲများ ကိုယ်ပေါ်ကို တဒုန်းဒုန်း ခုန်ဆင်းသည်။ လက်နှစ်ဖက်နှင့်အုပ်ထားသဖြင့် ခေါင်းကို မထိသော်လည်း လက်ဖမိုးပေါ်မှာ ဒဏ်ရာပေရပ်။ ကျောခုံးမှာ အနာတရ။ ရုတ်တရက် ပြန်မထနိုင်သဖြင့် မှောက်လျက်ပင် အသာငြိမ်နေရသည်။

ငြိမ်သက်နေရာက မျက်လုံးထဲမှာ ကျားခြေရာတွေ မြင်လာပြန်သည်။ ကုန်းရုန်းထလို့ ပြေးရပြန်သည်။ လျှို အတိုင်း ပြေးခြင်းဖြစ်သည်။ မိမိပြေးနေသော လျှိုတစ်ခုနှင့်အခြားလျှိုတစ်ခုတို့ ထောင့်မှန်လိုဆုံသည့် နေရာအရောက် ကြောထိပ်ဆီက အသံနှစ်သံ တစ်ပြိုင်တည်း ကြားရသည်။

‘အောက်မှာ ဘယ်သူရှိလဲ’ ဆိုသောအသံနှင့် သစ်ရွက်ကြွေတွေအပေါ်က သစ်လုံး လျှောကျလာသည့် ပေါ်ကနဲ အသံ။

လူသံက တစ်ခါတည်းရပ်သွားသော်လည်း သစ်လုံးကျလာသံက ရပ်မသွား။ ထိပ်တစ်ဖက် ရွှန်ထားသည့် လုံးပတ် ၂ ပေဝန်းကျင်၊ အလျား ၉ ပေလောက်ရှိ ကျွန်းလုံးကြီးက ဒုံးကျည်တစ်ခု ပစ်လွှတ်လိုက်သည့်အလား လေကိုခွင်းပြီး မိမိရှိရာ ချက်ချင်းရောက်လာသည်။

ရုတ်တရက်ထခုန်ပြီး ခြေထောက်နှစ်ဖက်ကို လျှိုနံရံတစ်ဖက်ဆီထောက်ကန်လိုက်သည်။ ဘုတ်တိုင်က မိမိ၏ကားထားသော ခြေနှစ်ဖက်ကြားအောက် တည့်တည့်မှာ ကျောက်နံရံကို တိုးတိုက်မိမှ ရပ်တန့်သွားသည်။ လျှပ်တစ်ပြတ်ဆုံးဖြတ်ချက် မှန်ကန်သွားသဖြင့် သေက ဝေရောက်ခြင်းပင်။

မိမိရောက်နေသည့် နေရာက ဘုတ်တိုင်စိုက်ရမည့် နေရာဖြစ်သည်။ နောက် ၅ နှစ် ပြည့်လို့ ဒီနမူနာကွက်ကို ပြန်ရှာတဲ့အခါ အကွက်နယ်နိမိတ်ပြဘုတ်တိုင်များ မပျက်မစီးရှိနေဖို့လိုသည်။ ဒါကြောင့်လည်း ဘုတ်တိုင်လုပ်ဖို့ ကျွန်းသားမရမှသာ အခြားသစ်သားရှာဖွေကြရသည်။ အခုလည်း အနေတော် ကျွန်းပင်လေးများ စုဝေးပေါက်ရောက်နေသည့် ကြောထိပ်မှ ပင်ကျပ်အသွင်ခုတ်လှဲပြီး မြောင်အတိုင်း လျှောချလိုက်ခြင်း ဖြစ်သည်။ ဒီလေးလံတဲ့ ဘုတ်တိုင်ကြီးကို တောင်ဆင်းအတိုင်း မည်သူက ထမ်းပိုးသယ်ဆောင်နိုင်ပါမည်နည်း။

မကြာခင် လူပျောက်ရှာသောတောခေါင်းတစ်ယောက်နှင့်ရွာသားတစ်ယောက် ရောက်လာသည်။ မိမိကြောင့် သူတို့ အလုပ်ပျက်ကြရသည်။ နေ့လယ်စာ ထမင်းစားကြတော့ မွန်းလွဲ ၁ နာရီ။ မနက် ၈ နာရီလောက်က လမ်းစပျောက်သဖြင့် မျက်စိလည်ချိန် ၄ နာရီ။ သွေးပျက်ဖွယ် ဖြစ်ရပ်ကြောင့် ထမင်းကောင်းကောင်း မစားနိုင်။

‘ဆရာ ပြန်နှင့်ပါ။ ရွာသားတစ်ယောက်လိုက်ပို့ရင် အဆင်ပြေတယ် မဟုတ်လား’ မျက်စိမျက်နှာပျက်နေသော မိမိကိုသူတို့အကြံပေးကြသည်။ ကိုယ်တိုင်လည်း ဒီတောထဲမှာ ဆက်မနေချင်သောကြောင့် လမ်းပြနှင့် နှစ်ယောက် ရွာပြန်ကြသည်။

အလာတုန်းကချောင်းဆုံနေရာသို့ ပြန်ရောက်ချိန်မှာ အတွေးတစ်ခုဝင်လာသည်။ ချောင်းအတိုင်း နောက် တစ်

PDF Compressor Free Version

နာရီလောက်လမ်းလျှောက်လျှင် ရွာကို ပြန်ရောက်မည်။ လမ်းမှားစရာမရှိ။ ဒီကနေ့ အမဲလိုက်တဲ့အဖွဲ့ကို လူခွဲပေးလိုက်ရတော့ အလုပ်ထဲမှာ လူကနည်းနေသည်။ မိမိကို လိုက်ရှာရသဖြင့် လုပ်အားနှစ်ယောက် ဆုံးရှုံးထားသည်။ အခုလည်း တစ်ယောက်က လိုက်ပို့နေရပြန်ပြီ။ အလုပ်မပြီးလျှင် သတ်မှတ်ရက်နှင့်မကိုက်ဘဲရှိမည်။ သည်လိုနှင့် မိမိအဖော်ကို တောထဲပြန်လွှတ်ပြီး တစ်ယောက်တည်း ပြန်ခဲ့တော့သည်။

ချောင်းနံဘေးက သဲခုံတစ်ခုမှာ မနက်က ဟိုလူပြသောခြေရာမျိုးထပ်တွေ့သည်။ ခြေရာက လတ်ဆတ်နေသည်။ မိမိမှာပါသော ခါးချိတ်ဓားတစ်လက်ဖြင့် ဟိုအကောင်နှင့် ပက်ပင်းတိုးလျှင် မည်သို့ကာကွယ်နိုင်ပါမည်နည်း။ လမ်းပြကို ပြန်လွှတ်လိုက်တာ မှားချေပြီ။

ရွာကို အမြန်ပြန်ရောက်လိုဇောဖြင့် အပြေးပြန်သည်။ သဲခုံပေါ် ဖြတ်ပြေးလိုက်၊ ချောင်းရေထဲ ဖြတ်ပြေးလိုက်။

ပြေးလွှားနေစဉ် ဝုန်းဝုန်း ဆိုသော ရေသံနှင့် ရိပ်ကနဲသဏ္ဌာန်တစ်ခုက မိမိရှေ့မှာ ရုတ်တရက်ပေါ်လာပြီး ရုတ်ချည်း ပျောက်သွားသည်။ ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သည်။ သေချာ ကြည့်တော့ ဂျီတစ်ကောင်။ တစ်ဖက်တောထဲကနေ ချောင်းကိုဖြတ်ပြီး အခြားတစ်ဖက်ကို အရှိန်ပြင်းပြင်းဖြင့် ပြေးဝင်သွားခြင်းပင်။ ဂျီမြင်ရင် ကံမကောင်းဘူးလို့ ကြားဖူးထားသဖြင့် စိတ်ထဲမှာ ထင့်သွားသည်။ ဂျီလာရာဘက် တောထဲက ဟေး ဟေး ဟေး ဟေး ဆိုသော လူသံများကြားရသည်။ အသံက တဖြည်းဖြည်း ချောင်းနားကပ်လာသည်ဟု ထင်သည်။ သြော် .. ဟိုလူတွေ၊ အမဲလိုက်တဲ့ အဖွဲ့တွေပဲ။ ချောင်းထဲမှာ ငါနဲ့ဆုံမှာပဲ။ အဖော်တော့ရပြီလို့ ယူဆပြီး အားရှိသွားသည်။ ခြေလှမ်းကို နှေးလိုက်သည်။ ပြီးခါမှ လူကို တောကောင်နှင့်မှားပြီး ပစ်မိတတ်တယ်ဆိုသော ကြားဖူးနားဝစကားက ခေါင်းထဲဝင်လာပြီး....

'ဘုရား ဘုရား ငါ့ကိုမျှား ဂျီမှတ်ပြီး ပစ်လိုက်လို့ကတော့။' ဟု စိတ်ပူစွာတွေးသည်။

'ငါက သူတို့ဆန္ဒမပါဘဲ ဇွတ်အမဲလိုက်ခိုင်းထားတာ၊ အမြင်ကပ်ပြီး တမင်တကာ ပစ်ရင်ကော၊ ပြီးမှ တောမှားတယ်ဆိုရင် ဘယ့်နယ်လုပ်မလဲ။ ရွာသားတွေကိုပါ မယုံသက်ာတွေးပြန်သည်။

'ဟေး ဟေး ဟေး ဟေး' အသံများက ပို၍ကျယ် လာသည်။

'ဒီမှာလူရှိတယ်ဗျို့'

'ဒီမှာလူရှိတယ်ဗျို့' တုန်ရီနေသောအသံက ရင်ခေါင်းထဲက ကျယ်ကျယ်လောင်လောင် ထွက်လာသည်။ တောထဲက အော်ဟစ်သံများကလည်း ပို၍ပို၍ ကျယ်လာသည်။ ပို၍ ပို၍ နီးလာသည်။ ဒီလောက်အော်ရုံနဲ့ မိမိအသံကို သူတို့ကြားပါ့မလားဆိုတဲ့ စိတ်ကြောင့် အားကုန်သုံး၍ အကျယ်ဆုံး ထပ်အော်သည်။

'ဒီမှာ လူရှိတယ်ဗျို့'

သူများ အသက်သတ်ဖို့တော့ ငါခိုင်းစေခဲ့သည်။ ငါ့အသက်ကို သတ်ဖို့ တစ်ခုခုက နှိုးဆော်နေပြီလား။ ငါသေရတော့မှာလား။ ထိတ်လန့်မှုနှင့်အတူ နောင်တက တစ်ခါတည်း ကပ်ပါလာသည်။

ရုတ်တရက် ချောင်းစပ်က သဲပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်သည်။ လက်အုပ်ချီပြီး ***'တပည့်တော်မှားပါပြီ၊ နောင်ကို ဘယ်တော့မှ သူတစ်ပါးအသက် မသတ်ခိုင်းတော့ပါဘူး'*** ဟု ဘယ်သူကို ဦးတည်မှန်း မသိသော တိုင်တည်မှုကို ပြုသည်။

ဒူးထောက်နေရင်းက ကျားခြေရာကို မျက်စိထဲမြင်မိပြန်သည်။ ထိုင်ရာမှ ရုတ်တရက်ထပြီး ပြေးရပြန်သည်။ ဘေးလူတစ်ယောက်က ရုပ်ရှင်ကြည့်နေသလိုများ ကြည့်နေပါက ရွှေ့ခွက်ကြီး သူများနောက်ပါသွားသဖြင့် မြစ်ကမ်းဘေးမှာ အရှုးတစ်ပိုင်းလို ဆောက်တည်ရာမရ ဖြစ်နေသော ဒေဝဒတ်ရွှဲကုန်သည်ကို တွေ့ရသလိုရှိမည်။

ဖြစ်တာတောင် နည်းသေးဟု သြဘာပေးကြမည်။

'တပည့်တော် မှားပါပြီ ' ဟု အထပ်ထပ်အော်ပြောရင်း မနားတမ်းပြေးသည်။ ပြေးနေရင်းက အသံတွေ တဖြည်းဖြည်း ပျောက်သွားတာ သတိထားမိသည်။

ရွာပြန်ရောက်တော့ မနက်ကတောပစ်သွားသော ရွာသားများ ရောက်နှင့်နေတာကို တွေ့သည်။ အမဲမရလို့ စောစောပြန်လာကြတာဟုဆိုသည်။ တောကောင်ပါမလာခြင်းအပေါ် မိမိထံက အပြစ်တင်စကား ပြန်မကြားရတာကို သူတို့ အံ့သြနေမည်ထင်သည်။

ရှေ့တန်းစခန်းတည်ရာ မင်းတပ်မြို့ကိုရောက်မှ ထိုစဉ်က မိမိ အညာခံရကြောင်း သိသည်။ ထိုနေ့က မည်သူမျှ အမဲလိုက် မထွက်ကြပါတဲ့။ ဥပုသ်နေ့မှာ ဘယ်တုန်းကမှ အမဲ မလိုက်ကြတာ အစဉ်အလာပါတဲ့။

ချင်းတောင်တန်းမှ ရှားရှားပါးပါး ဗုဒ္ဓဘာသာ လူနည်းစုလောက်ပင် မိမိ မယဉ်ကျေးနိုင်ပါလားဟု ဆင်ခြင်နောင်တရမိသည်။ ရှက်လည်း ရှက်သည်။

ထိုစဉ်ကစပြီး အလုပ်ကိစ္စ တောဆင်းလို့ ရွာတွေ့ရောက်လျှင် အမဲလိုက်ကျွေးတဲ့ တောကောင်သားဟင်းကို မဆိုထားနှင့် ကြက်သတ်ပြီးကျွေးသည့် ထမင်းကိုပင် မစား၊ ငါးပိနဲ့ ငါးခြောက်နဲ့သာ ကျေနပ်လာခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ။ ခုအခြေအနေရောက်မှ နှစ်ပေါင်းများစွာ စောင့်ထိန်းလာခဲ့သည့် သစ္စာတရားကို တပြားသားမှ မချိုးဖောက်နိုင်တော့ပါ။

ဆက်လက်ဖော်ပြပါမည် →

PDF Compressor Free Version

သစ်တောသုတေသနဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ (၃)

သစ်တောသုတေသနဌာန

ယခင်လမှအဆက်

သစ်အသုံးချရေးဌာနခွဲ၊ သုတေသနလုပ်ငန်းများ

သစ်တောအသုံးချရေးဌာနခွဲတွင် ဌာနစု (၂)ခုရှိပြီး သစ်အင်္ဂါပေဒ၊ အပင်ခန္ဓာပေဒနှင့် ပတ်သက်သည့် သုတေသနများ၊ မီးဖိုး၏ စွမ်းဆောင်ရည်များလေ့လာခြင်း သုတေသနများ၊ သစ်ဂုဏ်သတ္တိများအား လေ့လာခြင်းသုတေသနများ၊ သစ်ဓာတုပေဒနှင့်ပတ်သက်သည့် သုတေသနများကိုဆောင်ရွက်လျက်ရှိပါသည်။

၁။ သစ်ဂုဏ်သတ္တိနှင့်အသုံးချရေးဌာနစု

(က)သစ်တောသုတေသနစခန်း၊ တောင်လေးလုံးကြိုးဝိုင်းမှ အပူဝိုင်းနိုင်ငံခြားထင်းရှူးသစ်(၄)မျိုး၏ သက်တမ်းအလိုက် ကြီးထွားမှုနှင့် အင်္ဂါပေဒလက္ခဏာများအား လေ့လာခြင်း

တောင်လေးလုံးကြိုးဝိုင်းမှ *Pinus. maximinoin, Pinus. Caribaca, ,Pinus kesiya, Pinus. oocarpa* တို့အား အရွက်၊ သစ်သား၊ အခေါက်နှင့် နှစ်ကွင်းနမူနာများ စုဆောင်းခြင်း၊ မျိုးခွဲရန်အတွက်ပြင်ပရုပ်သွင်များ တိုင်းတာမှတ်သားခြင်း၊ နှစ်ကွင်းများတိုင်းတာရန်အတွက် ပြင်ဆင်ခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

နှစ်ကွင်းများထည့်နေပုံ

နှစ်ကွင်းများတိုင်းနေပုံ

(ခ) သစ်တောသုတေသနစခန်း တောင်လေးလုံးကြိုးဝိုင်းမှ နိုင်ငံခြားအပူဝိုင်းထင်းရှူးသစ်(၄)မျိုး၏ သစ်ဂုဏ်သတ္တိများအားလေ့လာခြင်း

သစ်တောသုတေသနစခန်းတောင်လေးလုံးကြိုးဝိုင်းမှ နိုင်ငံခြားအပူဝိုင်းထင်းရှူး သစ်(၄)မျိုး စုဆောင်းခြင်း၊ သစ်နမူနာများပြင်ဆင်ခြင်း၊ သစ်ရုပဆိုင်ရာ ဂုဏ်သတ္တိစမ်းသပ်ခြင်းလုပ်ငန်းများ၊ သစ်အင်အားစမ်းသပ်ခြင်း (အစိုနှင့်အခြောက် အခြေအနေ နှစ်မျိုးစလုံး) ဆောင်ရွက်ပြီးဖြစ်သဖြင့် စာတမ်းရေးသားခြင်းအပိုင်းအား ဆောင်ရွက်လျက်ရှိပါသည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းရှိသက်တမ်းအမျိုးမျိုးရှိသော စိုက်ခင်းကျွန်း၏ ဂုဏ်သတ္တိများကို စူးစမ်းလေ့လာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှ စိုက်ခင်းကျွန်းသက်တမ်း(၄)မျိုး (၂၀) နှစ်၊ (၃၂) နှစ်၊ (၃၈)နှစ်၊ (၄၀)နှစ်))အား လျှင်မြန်စွာ အခြောက်ခံစမ်းသပ်နည်း Quick Drying Test by Terazawa (1965)ဖြင့် သက်တမ်းတစ်မျိုးလျှင် ပေါင်းဖိုင်ယ် (Electric oven) ဖြင့် အချိန်အပိုင်းအခြားအလိုက်(၂)ကြိမ် စမ်းသပ်ဆောင်ရွက်လျက်ရှိနေပါသည်။ စမ်းသပ်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသောအဆင့် ခွဲခြားခြင်းပုံစံများဖြစ်သည့်မျက်နှာပြင်နှင့် ထိပ်ဝက္ကဲအက်မှုများ၊ အတွင်းပိုင်းကွဲအက်မှု (ပျားရည်ခုံးများ)နှင့် ပုံပျက်မှုများတို့အားတိုင်းတာခြင်း၊ အဆင့်ခွဲခြားခြင်း၊ အစိုဓာတ်ပါဝင်မှုတွက်ချက်ခြင်း၊ ပေါင်းဖိုဇယားရေးဆွဲရန်အတွက် အပူချိန်နှင့်စိုထိုင်းဆများ ရှာဖွေခြင်း စသည်များဆောင်ရွက်လျက် ရှိပါသည်။

PDF Compressor Free Version

(ဂ) ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်တမ်းအမျိုးမျိုးရှိသောစိုက်ခင်းကျွန်း၏ အသုံးချမှု ဆိုင်ရာဂုဏ်သတ္တိများကို စူးစမ်းလေ့လာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်းရှိ ကျွန်းစိုက်ခင်းများမှ သက်တမ်း(၂၀) နှစ်၊ (၂၅) နှစ်၊ (၃၀) နှစ်နှင့် (၃၄) နှစ်သက်တမ်းရှိ ကျွန်းပင်များ စုဆောင်း၍ သက်တမ်းတစ်ခုခြင်းအလိုက် သစ်ရွယ်နှင့် အင်အားဂုဏ်သတ္တိများစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ စာတမ်းရေးသားခြင်း ဆောင်ရွက်လျက်ရှိပါသည်။

(ဃ)အထွေထွေလုပ်ငန်းများ

United Wood Industries Co.Mozambique, Africa နိုင်ငံမှသစ်ခွဲသား *Pterocarpus angolensis* သစ်နမူနာအား ညွှန်ကြားရေးမှူး ချုပ်မှ သစ်နမူနာအမျိုးအစားခွဲခြားခိုင်းရာတွင် (*Pterocarpus angolensis*)မျိုးရင်း Fabaccac နှင့်အနီးစပ်ဆုံးတူညီပြီး Xylarium တွင် မှတ်တမ်းအဖြစ်သိမ်းဆည်းထားနိုင်ခဲ့ပါသည်။ ဘားအံမြို့နယ်၊ ရသေ့ပျံဂူရှိ အမည်းရောင်သစ်လုံး အဟောင်း၏ သစ်နမူနာအား သစ်အမျိုးအစားခွဲခြားရာတွင် ပျဉ်းကတိုးသစ်နှင့် အနီးစပ်ဆုံးတူညီကြောင်း သုတေသနပြုလုပ်၍ ဆောင်ရွက်ပေးခဲ့ပါသည်။



terocarpus angolensis

Pyinkado

၂။ သစ်တောစက်မှုလုပ်ငန်းဌာနစု

(က)ကညင်သစ်ပါးလွှာများကို ဖီနောဖော်မယ်ဒီဟိုက်ကော်နှင့် ယူရီယားဖော်မယ်ဒီဟိုက်ကော်တို့ကိုအသုံးပြု၍ အထပ်သားပြားများ ပြုလုပ်ခြင်းနှင့် ၎င်းအထပ်သားပြားတို့၏ ရွယ်နှင့် အင်အားဂုဏ်သတ္တိများကို စမ်းသပ်လေ့လာခြင်း

ကညင်သစ်ပါးလွှာကို မျက်နှာပြင်အလွှာနှင့်အလယ်လွှာဟူ၍ (၂)မျိုးခွဲခြားထားပါသည်။ ဤသုတေသနတွင် အလယ်သစ်ပါးလွှာကို စွန့်ပစ်သစ်ပါးလွှာများကို အသုံးပြုထားပါသည်။ စမ်းသပ်ဆောင်ရွက်ရာတွင် ဌာနစိတ်တွင်ရှိသော Manual ဖိစက်ကိုအသုံးပြု၍ Is-1734 ဖြင့် စမ်းသပ်ဆောင်ရွက်ပါမည်။ သို့ဖြစ်ပါ၍ ၎င်းတို့အရ သစ်ပါးလွှာများကို အခြောက်ခံခြင်း(Air Dry)၊ လိုအပ်သောအရွယ်အစားပြုလုပ်ခြင်း၊ လိုအပ်သော ဓာတုပစ္စည်းများမှာယူခြင်းနှင့် ဖိစက်တွင် လိုအပ်သောအပူချိန်ရအောင် မီးလိုင်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် ဒန့်သလွန်ပင်တွင် ပါဝင်သော အာဟာရတန်ဖိုးနှင့် အသုံးပြုနိုင်သည့် အော်ဂဲနစ်ဒြပ်ပေါင်းများ ဆန်းစစ်လေ့လာခြင်း

ဒန့်သလွန်သည် Moringaceae (Rajalakshmi et al. 2017) မျိုးနွယ်ဝင်ဖြစ်သည်။ ဒန့်သလွန်အပင်သည် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည့် အားလျော်စွာ အရွက်၊ အသီး၊ အစေ့၊ အခေါက်၊ အမြစ်အစိတ်အပိုင်းအားလုံးသည် အာဟာရတန်ဖိုးအလွန်ကြွယ်ဝသည့်အပြင် ကြီးထွားမြန်ပြီး ရှင်သန်ရန် အလွန်လွယ်ကူသော အပင်အမျိုးအစားဖြစ်ပါသည်။ ဘက်စုံအသုံးပြုနိုင်သည့် အတွက် စီးပွားရေးအရအရေးပါသော ထုတ်ကုန်များစွာကိုလည်းထုတ်လုပ်အသုံးပြုနေကြပြီး ဒန့်သလွန်အရွက်မှရရှိသော Extract များကို အစားအသောက်များ ကြာရှည်ခံအောင် ပြုလုပ်သော နေရာတွင်လည်း အသုံးပြုကြပါသည်။ ကင်ဆာရောဂါဖြစ်ပွားစေနိုင်သော အာဆင်းနစ် အဆိပ်အတောက်များကိုလည်း ဖယ်ရှားချေဖျက်ပေးနိုင်သောဂုဏ်သတ္တိရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပေါများစွာပေါက်ရောက်နေသည့် ဒန့်သလွန်အပင်၏ ဆေးဖက်ဝင်အသုံးပြုမှုများမှာ မိရိုးဖလာနည်းများ သိရှိထားကြသော်လည်း သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်ထားရှိမှုမှာ အားနည်းနေသေးသည်ကို သိရှိရသည့်အတွက် ပိုမိုကျယ်ပြန့်စွာအသုံးပြုမှုများ သိရှိနိုင်စေရန်အတွက် ဒန့်သလွန်ပင်တွင်ပါဝင်သော ဒြပ်ပေါင်းများနှင့် ၎င်းတို့၏ အသုံးဝင်မှု၊ ဇီဝစွမ်းဆောင်မှုများကို စတင်စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

PDF Compressor Free Version

၃။ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲလုပ်ငန်းများ

စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲတွင် ဌာနစု(၂)ခုရှိပြီး ဌာနခွဲအသီးသီးမှ အပတ်စဉ်လုပ်ငန်း ဆောင်ရွက်ချက်များအား သစ်တောဦးစီးဌာန၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တင်ပြခြင်း၊ သစ်တောသုတေသနဌာန၏ဝန်ထမ်းရေးရာ၊ ရေ၊ မီး၊ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်သော လုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးရန်အတွက် စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကျင်းပခြင်း၊ သုတေသနနှင့် စီမံကိန်းလုပ်ငန်းတိုးတက်မှုများအား ဆွေးနွေးရန်အတွက် သုတေသနနှင့် စီမံကိန်းကြီးကြပ်ရေးကော်မတီအစည်းအဝေးကျင်းပခြင်းစသည့်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

(၁) သုတေသနကြီးကြပ်ရေးနှင့် တိုးချဲ့ပညာပေးရေးဌာနစု

(က)သက်ကြီးစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများတွင် ရာသီသီးနှံများ ကြားညှပ်စိုက်ပျိုးခြင်းစနစ်နှင့် ၎င်းစနစ်အပေါ် ဆက်စပ်ပတ်သက်သူများ၏ သဘောထားအမြင်ကိုလေ့လာခြင်း

သစ်တောသုတေသနဌာန၊ မိုးစွေသုတေသနစခန်းတွင် ၁၉၉၈ ခုနှစ်၊ ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၂၅)တွင်စိုက်ပျိုးထားသော ကျွန်းမျိုးသန့် ဥယျာဉ်၊ ၁၉၈၀ ခုနှစ်၊ ငလိုက်ကြိုးဝိုင်းအကွက်အမှတ်(၇၂)တွင် စိုက်ပျိုးထားသော ပိတောက်ကိုင်းချိုင် စမ်းသပ်ကွက်နှင့် ၂၀၀၃ ခုနှစ်၊ ငလိုက်ကြိုးဝိုင်းအကွက်အမှတ်(၇၃၊ ၇၄)တွင် စိုက်ပျိုးထားသော ITTO ဝါးစိုက်ခင်းတို့တွင် အလျား(၆၀)မီတာ x အနံ(၂၅)မီတာကျယ်သော အကွက်ကြီး block (၁) ကွက် စုစုပေါင်းသုံးကွက်အား ကျပန်းရွေးချယ်၍ စိုက်ပျိုးခဲ့ပါသည်။ ရွက်အုပ်ဖုံးလွှမ်းမှုရာခိုင်နှုန်း (Canopy cover%)အနီးစပ်ဆုံးတူညီသောနေရာများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ အကွက်ကြီးတစ်ခုစီတွင် ၂၅မီတာ ပတ်လည်စီရှိသော အကွက်ငယ်(၂)ကွက်ကို ကြားခံအကွက် အလျား၁၀မီတာကျယ်ဖြင့် ဂျင်းနက်နှင့် ဝဥပင်များ စိုက်ပျိုးရန်စမ်းသပ်ကွက်များ ဖော်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်း၊ ပိတောက်သက်ကြီးစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများအတွင်းရှိ အကွက်ကြီးတိုင်းတွင် အကွက်ငယ်(၂) ကွက်နှင့် ကြားခံ(၁)ကွက်ပါဝင်မည်ဖြစ်ရာ စုစုပေါင်းစမ်းသပ်ကွက် (၆)ကွက်နှင့် ကြားခံ(၃)ကွက် ရှိမည်ဖြစ်ပါသည်။ ကြားညှပ်သီးနှံများ မစိုက်ပျိုးမီနှင့်စိုက်ပျိုးပြီးအခြေအနေတွင်ရှိသော မြေဆီလွှာဂုဏ်သတ္တိများကိုလည်း သစ်တောသုတေသနဌာနတွင် စမ်းသပ်လျက်ရှိပါသည်။

သုတေသနစမ်းသပ်ကွက်ကည့်ထောင်ရန် မြေနေရာရှင်းလင်းခြင်းနှင့် စမ်းသပ်ကွက်များအကွက်ဖော်ခြင်း

စမ်းသပ်ကွက်များအတွင်း ဝဥနှင့် နှန्ခင်းနက်များစိုက်ပျိုးခြင်း

စိုက်ပျိုးရန်အတွက် မြေပြန့်ပြင်ထားရှိခြင်း

(ခ) သစ်တောသုတေသနဌာန စာကြည့်တိုက်တွင် သုတေသနစာတမ်းများနှင့် ယခင် သစ်တောအရာရှိကြီးများ ရေးသားခဲ့သောစာတမ်းများကို ပြန်လည်ရှိုက်နှိုပ်ခြင်း၊ E-Books Soft copy များ download လုပ်ခြင်း၊ Print ထုတ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှ လျှုဒါန်းသော စာအုပ်များအားသုတေသီများ ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စာရင်းသွင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည် ➢

လူရဲ့အကောင်းဆုံးမိတ်ဆွေက
သစ်ပင်ပါ။
ရိုရိုသေသေ သုံးပါ။
Frank Lloyd Wright

PDF Compressor Free Version

ကမ္ဘာရေဝပ်ဒေသများနေ့ ၂၀၂၂

"လူနှင့် သဘာဝ အစဉ်တည်မြဲရေး ရေဝပ်ဒေသ ထိန်းသိမ်းပေး"

World Wetlands Day
2 February 2022
Wetlands Action for People and Nature

ဒေါက်တာ သိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာ့ဂျာနယ်နှင့် သဘာဝထိန်းသိမ်းရေးအသင်း

ပန္တလေးတိုင်းဒေသကြီး ပုလိပ်အင်းရေဝပ်ဒေသတွင် နှစ်စဉ်ဆောင်းခိုကျက်စားသည့်ဆောင်းခိုရေငှက်များ

အင်းလေးကန် ရေဝပ်ဒေသ ရေပေါ်ကျွန်းများစိုက်ပျိုးခြင်း

အင်းလေးကန် ရေဝပ်ဒေသ တံငါအသက်မွေးမှု

ရေဝပ်ဒေသတွင် စိုက်ပျိုးသည်စပါး

ရှမ်းပြည်အရှေ့ပိုင်း၊ ကျိုင်းတုံတောင်ပေါ်ဒေသ ရေခိုအရင်းအမြစ် အသုံးချသည်လုပ်ကားထမ်စပါးစိုက် တောင်ယာစနစ်

နှစ်စဉ်ကျင်းပမြဲ ဖေဖော်ဝါရီလ ၂ ရက် နေ့ကျရောက်သည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်ပွဲကို ကမ္ဘာတစ်ဝန်းလူအများအား ရေဝပ်ဒေသထိန်းသိမ်းရေးဆိုင်ရာ အလေးထားလိုက်နာဆောင်ရွက်ရမည့် ဆောင်ပုဒ်များသတ်မှတ်ကြေညာကာ စည်းရုံးနှိုးဆော်မြဖြစ်သည်။

ရမ်ဆာကွန်ဗင်းရှင်း (ခ)နိုင်ငံတကာ အရေးကြီး ရေဝပ်ဒေသ ကွန်ဗင်းရှင်းသည် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်ပွဲဆောင်ပုဒ်ကို ၃ နှစ်အတွက် သတ်မှတ်ကြေညာလိုက်သည်။

2022 Wetlands action for people and nature
'လူနှင့် သဘာဝအစဉ်တည်မြဲရေး ရေဝပ်ဒေသ ထိန်းသိမ်းပေး '
2023 Wetlands restroation
'ရေဝပ်ဒေသ နဂိုအတိုင်း ပြန်လည်ဖြစ်ထွန်းရေး ဝိုင်းဝန်းထိန်းသိမ်းပေး'
2024 Wetlands and human wellbeing
'လူ့ဘဝ ချမ်းသာသုခရရေး ရေဝပ်ဒေသ ထိန်းသိမ်းပေး ' တို့ဖြစ်သည်။

ရေဝပ်ဒေသများထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး လုံခြုံသေချာစေသည့်လုပ်ငန်းများအရေးပါပုံ၊ သက်ရှိလောကတည်မြဲရေးအတွက် ရေဝပ်ဒေသများ ပျက်စီးပျောက်ကွယ်မှုမရှိရေး၊ နဂိုအတိုင်း ပြန်လည်ထိန်းသိမ်းရေး၊ လူတို့ဘဝချမ်းသာသုခရရေးအတွက် ရေဝပ်ဒေသများ ထိန်းသိမ်းပေးရေးတို့ကို မီးမောင်းထိုးနှိုးဆော်ခြင်းဖြစ်သည်။

သုတေသန လေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်း လူနှင့်ပတ်ဝန်းကျင်နှစ်ရပ်လုံး ဘေးအန္တရာယ်ဖြစ်စေသည့် ရေချိုကပ်ဘေးကို ထူးထူးခြားခြားကြုံတွေ့ခံရစားရမှုမြင့်တက်လာကြောင်း၊ လူတို့သည် သဘာဝသိုလှောင်ရေထက် ပိုမိုထုတ်ယူသုံးစွဲကြခြင်းကြောင့် ရေနှင့်သက်ရှိအားလုံးအတွက် အရေးကြီးဆုံး ရေအရင်းအမြစ်ဖြစ်သည့် ရေဝပ်ဒေသများကို ပျက်စီးစေကြောင်း၊ ရေချိုနှင့် ရေဝပ်ဒေသများသည် ကမ္ဘာကြီး၏ သက်ရှိဘဝ ရှင်သန်မှုနှင့် ချမ်းသာသုခရှိမှုတွင် ရောယှက်နေကြောင်းဖော်ပြကာ လူနှင့်သက်ရှိများ အသက်ရှင်သန်ရေးအတွက် အရေးပါသည့် ရေချိုနှင့် ရေဝပ်ဒေသများ ထာဝစဉ်တည်တံ့ရေးအတွက် အလေးထားလုပ်ဆောင်ရန် အသိပေးလှုံ့ဆော်ထားသည်။

ရာသီဥတုပြောင်းလဲခြင်းသည် ကမ္ဘာပေါ်တွင် လူတို့ရင်ဆိုင်ရသည့် နေထိုင်မှုဘဝကို စိန်ခေါ်သည့်ပြဿနာများဖြင့် ဖိအားအပေးဆုံးဖြစ်သည်။ ရေဝပ်ဒေသများနှင့် ရာသီဥတုပြောင်းလဲခြင်းဆောင်ပုဒ်ကို ၂၀၁၉ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ်ပွဲတွင် သတ်မှတ်ကြေညာကျင်းပခဲ့ပြီး၊ ရေဝပ်ဒေသများ၏ အခန်းကဏ္ဍအရေးပါပုံနှင့် သဘာဝအခြေခံနည်းဖြင့် ရာသီဥတုပြောင်းလဲခြင်း ကိုင်တွယ်ဖြေရှင်းခြင်းကို အထူးဂရုပြုဆောင်ရွက်ရန် နှိုးဆော်ထားသည်။

ရေဝပ်ဒေသထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှုအနေဖြင့် ကမ္ဘာ့ရေဝပ်

PDF Compressor Free Version

ဒေသများနေ့ ၂၀၂၂ အထိမ်းအမှတ် လူထုစည်းရုံးလှုံ့ဆော်မှုပွဲကို အလေးထားစည်းရုံးလုပ်ဆောင်ရန်တောင်းဆိုပြီး၊ ရန်ပုံငွေ၊ လူနှင့် မူဝါဒ ရင်းနှီးမြှုပ်နှံကာ ကမ္ဘာ့ရေဝပ်ဒေသ ပျောက်ကွယ်မှုသက်သာစေရေးနှင့် အရည်အသွေးကျဆင်းသွားသည့် ရေဝပ်ဒေသများကို နဂိုအတိုင်း ပြန်လည်ထိန်းသိမ်းပေးခြင်းလုပ်ဆောင်ရန်တိုက်တွန်းကာ ရေဝပ်ဒေသများထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ လူတို့အသက်ရှင်သန်ရေးအတွက် ရေဝပ်ဒေသအရေးပါပုံ အောက်ပါအချက်များ အလေးထား လုပ်ဆောင်ကြရန် ဝိုစတာများဖြင့်အသိပေးနှိုးဆော်ထားသည်။

ရေဝပ်ဒေသသည် ဇီဝမျိုးစုံမျိုးကွဲ ထူးထူးကဲကဲ ပေါများစုံလင်ပြီး၊ တစ်မူထူးခြားသည့် ဂေဟစနစ် ဖြစ်ထွန်းတည်ရှိပြီး၊ ရေချိုသိုလှောင်ခြင်း၊ ကာဗွန်စိမ့်ဝင်သည့်ဒေသ ဖြစ်ခြင်း၊ အသက်မွေးမှု အရင်းအမြစ်ဖြစ်ခြင်းတို့သည် သက်ရှိလောကအတွက် ရေဝပ်ဒေသ၏အရေးပါသည့် သဘာဝဂေဟစနစ်ဝန်ဆောင်မှုများဖြစ်သည်။ ရေငှက်များ၊ တွားသွား၊ ကုန်းနေရေနေ၊ ငါးနှင့်ရေနေသတ္တဝါတို့သည် ရေဝပ်ဒေသကို နေအိမ်သဖွယ်မှီခိုအားထားရှင်သန်ကြသည်။ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်သည့် ဆောင်းခိုရေငှက်များသည် ရေဝပ်ဒေသများတွင်ကျက်စားကြသည်။

ရေဝပ်ဒေသများသည် သတ္တဝါနှင့်အပင်ဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲ ပေါများစုံလင်စွာ ဖြစ်ထွန်းတည်ရှိသည့်ပြင် မျိုးသုဉ်းမှုအန္တရာယ် ခြိမ်းခြောက်ခံ သို့မဟုတ် ဒေသရင်းမျိုးစိတ်များ၊ တစ်မူ ထူးခြားသည့် ဂေဟစနစ် သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ အရေးပါသည့် သီးသန့်မျိုးစိတ်များ တည်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုး စုစည်းပါဝင်မှု မြင့်မားသည့် ဒေသဖြစ်ပြီး၊ ဇီဝမျိုးစုံမျိုးကွဲတည်တံ့ရေးအတွက် ရေဝပ်ဒေသအရည်အသွေးကောင်းမွန်ရေး၊ နဂိုမူလအတိုင်း ပြန်လည် ပြုပြင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်ရမည်။

ရေဝပ်ဒေသတွင် ငါးနှင့် ရေနေသတ္တဝါများ၊ အပင်မျိုးစိတ်များ စီးပွားဖြစ်ထုတ်လုပ်ခြင်းကို နည်းလမ်းမှန် ထုတ်ယူသုံးစွဲရေးကို အလေးထားလုပ်ဆောင်ကြရမည်။ သို့မှသာ ရေဝပ်ဒေသတွင် ရှင်သန်ဖြစ်ထွန်းသည့် သက်ရှိအားလုံး လျော့နည်းပျောက်မှုကင်းပေမည်။ ထို့ပြင် ရေဝပ်ဒေသယိုယွင်းပျက်စီးစေမည့် ရေနုတ်ယူအသုံးချခြင်းကို ရပ်တန့်ရေးကို အလေးထားဆောင်ရွက်ရမည်။

ခြောက်သွေ့ပြီး အရည်အသွေး လျော့ကျသည့် ရေဝပ်ဒေသများ ရေအစိုဓာတ် ပြန်လည်ရရှိစေရေးနှင့် ရေပြန်လည်သိုလှောင်နိုင်ရေးအတွက် ရေဖမ်းဒေသ (ရေဝေရေလဲဒေသ) အတွင်း သစ်ပင်သစ်တောများ အချိန်ယူကာ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရမည်။

လူတို့သည် မြစ်ချောင်း အင်းအိုင်များကို အမှိုပြုကာ လယ်ယာစိုက်ပျိုးမွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြုလုပ်ကြသည်။ ရေတိမ်ဒေသ မရှိရင် ရေမရှိ၊ ရေမရှိရင် သက်ရှိများ မရှင်သန်နိုင်ပေ။

စပါးသည် ရေဝပ်ဒေသ စိုက်ပျိုးသီးနှံ မျိုးစိတ်ဖြစ်သည်။ လူ ၃ ဘီလျံနီးပါးသည် ဆန်ကို အဓိက စားကုန်အဖြစ် စားသုံးကြသည်။ ဆန်သည် ရေဝပ်ဒေသတွင် ပေါက်ရောက်သည်။ အဆိုပါ စားသုံးခြင်းသည် ကမ္ဘာ့အာဟာရဓာတ် စားသုံးခြင်း ၂၀ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။ လိုအပ်သော ရေကို မြေအောင်းရေလွှာမှ ၇၀ ရာခိုင်နှုန်း၊ ဆည်ရေသောက်ရန် ထုတ်ယူသုံးစွဲနေကြသည်။ လယ်ယာရေဝပ်ဂေဟစနစ် ထိခိုက် ပျက်စီးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ကျဆင်းနိုင်သည်။

ငါးဖမ်းလုပ်ငန်း၊ စပါးစိုက်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စားနပ်ရိက္ခာဖြည့်တင်းမှု အားလုံးသည် ရေဝပ်ဒေသများပေါ် မှီခိုအားထားရသည်။ ရေဝပ်ဒေသများသည် အခြားနည်းလမ်းများဖြင့် လူတို့အတွက် အရေးပါသည်။ ရေဝပ်ဒေသများသည် ကြီးမားသောကွဲပြားခြားနားသည့် သက်ရှိလောကကို အိမ်ရှင်အဖြစ် ထောက်ပံ့ပေးခြင်း၊ ကမ်းရိုးတန်းကိုကာကွယ်ပေးခြင်း၊ မြစ်ရေလျှံမှုကို သဘာဝရေမြှုပ်အဖြစ် တားဆီးပေးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ပေးသည့် ကာဗွန်ဒိုင်အောက်ဆိုဒ် သိုလှောင်ပေးခြင်းတို့ကို အိမ်ရှင်အဖြစ် ထောက်ပံ့ပေးသည်။

ကမ္ဘာပေါ်တွင် လူပေါင်း ၆၁.၈ သန်းသည် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည်။ တံငါတို့သည် မိသားစုများ အပါအဝင် လူသန်း (၆၆၀)သည် ငါးလုပ်ငန်းနှင့် တံငါလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေကြသည်ဟု လေ့လာသူ ပညာရှင်များကဆိုသည်။ လူတို့သည် ငါးလုပ်ငန်း၊ တံငါလုပ်ငန်းတွင်သာမက ရေဝပ်ဒေသများမှ အဆောက်အဦ ဆောက်လုပ်ရန် သစ်၊ အသီးအရွက်ဆီ၊ ဆေးဝါးပင်များ ၊ ယက်လုပ်ရန် ပင်စည်နှင့်အရွက်များ၊ တိရစ္ဆာန်အစာများ ထုတ်ယူသုံးစွဲကြသည်။ ရေဝပ်ဒေသတွင် ပေါက်ရောက်သည့် အပင်များသည် ရေထုညစ်ညမ်းမှုကို လျော့နည်းစေရန် ကူညီပေးသည်။ အန္တရာယ်ဖြစ်စေသည့် မြေသြဇာများနှင့် ပိုးသတ်ဆေးများ စုပ်ယူဖယ်ရှားပေးခြင်း၊ စက်မှု စွန့်ထုတ်လိုက်သည့် ပမာဏများပြားသည့် သတ္တုဓာတ်များနှင့် အဆိပ်အတောက်များကို အနေအထားမှန်အောင် ထိန်းသိမ်းထားပေးသည်။

ရေဝပ်ဒေသများ ပျောက်ကွယ်ရခြင်းနှင့် အရည်အသွေးကျဆင်းရခြင်းသည် လူတို့ ရေဝပ်ဒေသများကို စိုက်ပျိုးလုပ်ကိုင်မရသည့်မြေအဖြစ် အမြဲထင်မြင်ယူဆကာ ရေဝပ်ဒေသတန်ဖိုးကို သိနားလည်ရန်မကြိုးစားပဲ လျစ်လျူရှုနေခြင်းကြောင့်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ရေဝပ်ဒေသများကိုလည်း အခြားသော မြေအသုံးချမှု ပြောင်းလဲကြသည်။ အဓိက မြေအသုံးချမှု ပြောင်းလဲရာ

PDF Compressor Free Version

တွင် အထူးသဖြင့် စိုက်ပျိုးမြေ၊ တိရစ္ဆာန် စားကျက်မြေ ပြောင်းလဲမှုများဖြစ်သည်။ ထို့ပြင် ရေဝပ်ဒေသမှ ထုတ်ကုန် အရင်းအမြစ်များကို သစ်ထုတ်လုပ်ခြင်းကဲ့သို့ အလွန်အကျွံ ထုတ်ယူခြင်း၊ ရေဝပ်ဒေသများမှ ရေများကို ဆည်၊ ရေနုတ်မြောင်း၊ တူးမြောင်းအနေဖြင့် ရေလမ်းလွှဲခြင်းတို့ကြောင့် ရေဝပ်ဒေသများပျက်စီးရခြင်း ဖြစ်သည်။ မြစ်တောင်ကြား များနှင့် ကမ်းရိုးတန်းဒေသများတွင် အဆောက်အဦများ ဖွံ့ဖြိုးလာခြင်းကြောင့် မြစ်ဝှမ်းဒေသ မြေကြီး ရေတိုက်စား ခြင်းထိန်းသိမ်းမှု၊ မြေအောင်းရေ ဖြည့်ဆည်းမှု သဘာဝ ဂေဟစနစ်ဖြစ်စဉ်များ ထိခိုက်ရခြင်း ဖြစ်သည်။ စိုက်ပျိုး ရေးလုပ်ငန်းများကြောင့် လေထု ရေထုညစ်ညမ်းမှုနှင့် အာဟာရဓာတ်ပြည့်ဝသော သြဇာဓာတ်များ ဖြစ်ပေါ်လာ ခြင်းကြောင့်လည်း ရေဝပ်ဒေသကို ထိခိုက်ရသည်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ ၂၀၂၂ ဆောင်ပုဒ်မှာ **'လူနှင့် သဘာဝတည်မြဲရေး ရေဝပ်ဒေသများ ထိန်းသိမ်းပေး'** ဖြစ်ပြီး၊ ကမ္ဘာတစ်ဝန်း လူတို့နှင့် သဘာဝဟန် ချက်ညီတည်မြဲစေရေးအတွက် ရေချိုအရင်းအမြစ်ဖြစ်သည့် ကုန်းတွင်းရေဝပ်ဒေသများ အလေးထား ထိန်းသိမ်းရန် နှိုးဆော်လိုက်ခြင်း ဖြစ်သည်။ လူတို့ အသက်ရှင်သန်ရေး အတွက် နေ့စဉ် ရေချို မရှိမဖြစ် လိုအပ်ကြောင်း၊ ရေချို စဉ်ဆက်မပြတ် ရရှိရေးအတွက် ရေချို အရင်းအမြစ် သဘာဝ ရေဝပ်ဒေသများကို အလေးထား ထိန်းသိမ်းရန် အရေးကြီးကြောင်း ကမ္ဘာအနှံ့ လူအများ သတိပြုမိစေရန် နှိုးဆော်ခြင်း ဖြစ်သည်။

လူတစ်ဦးသည် နေ့စဉ် ဓာတုနှင့် အဏုဇီဝ ညစ်ညမ်းမှုကင်းသည့် ကြည်လင်သန့်ရှင်းသော ရေ ၂၀–၂၅ လီတာကို သောက်ရန် ၊ ချက်ပြုတ်ရန်၊ သန့်စင်ဆေး ကြောရန်အတွက် လိုအပ်သည်။ လူ သန်း ၇၈၀ သည် သန့်စင်သော ရေမရနိုင်ပဲ၊ ၂.၅ ဘီလျံသည် သန့်ရှင်းရေး အတွက် လိုအပ်သည့် ရေ မရကြပေ။ ဆင်းရဲဆုံးနိုင်ငံ များတွင် နေထိုင်သည့် လူအများစု ဖြစ်သည်။ အာဖရိက ဆာဟာရ၊ အရှေ့အာရှနှင့် တောင်အာရှတွင် နေထိုင်သည့် လူ ၈၀% ခန့်သည် လုံလောက်သည့် သောက်ရေမရပေ။ ကမ္ဘာတစ်ဝန်း လူ ၁.၅ သန်းခန့်သည် နှစ်စဉ် ဝမ်းလျှောရောဂါဖြင့် သေဆုံးကြ သည်။ ကမ္ဘာတစ်ဝန်း ရေလိုအပ်ချက်သည် တစ်နှစ်လျှင် ကုဗကီလိုမီတာ (၄,၆၀၀) ဖြစ်ပြီး၊ ၂၀၅၀ ပြည့်နှစ်တွင် ၂၀% မှ ၃၀% ထိ တိုးလာနိုင်သည်။ နှစ်စဉ် ရေကုဗကီလိုမီတာ ၅,၅၀၀ မှ ၆,၀၀၀ ထိ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာလူဦးရေသည် ၉.၄ မှ ၁၀.၂ ဘီလျံထိ တိုးတက်များပြားပေမည်။ ကမ္ဘာတစ်ဝန်း လူတို့သည် နေ့စဉ် ရေချိုတန် (၁၀) ဘီလျံ အသုံးချနေ သည်။ ကမ္ဘာ့ရေသုံးစွဲမှုသည် လွန်ခဲ့သော နှစ် ၁၀၀ ကျော်ကထက် ရှစ်ဆနီးပါး တိုးတက်များပြားလာသည်။ ကမ္ဘာ့လူဦးရေ တိုးတက်များပြားခြင်း၊ စီးပွားရေး ဖွံ့ဖြိုးခြင်း နှင့်ရေသုံးစွဲမှု ပုံစံပြောင်းလာခြင်းတို့ကြောင့် ဖြစ်သည်။

ကမ္ဘာ့ လူဦးရေ တိုးတက်များပြားလာသည်နှင့် အမျှ ရေချို ထုတ်ယူသုံးစွဲမှု ပိုမိုများပြားလာသည်။ ပညာ ရှင်များ၏ သုတေသနပြု လေ့လာဆန်းစစ်ချက်အရ မျက်မှောက်ကာလတွင် လူတို့၏ နေ့စဉ် ထုတ်ယူသုံးစွဲမှုသည် သဘာဝသိုလှောင်သည့် ရေချို အရင်းအမြစ် ပမာဏ ထက်ပိုမိုနေခြင်းကြောင့် ထူးထူးခြားခြား ရေချိုကပ်ဘေး ဆိုက်ရောက်နိုင်သည်။ လူနှင့် သက်ရှိလောက တည်မြဲရေး အတွက် ရေသည် မရှိမဖြစ်လိုအပ်သည်။ ရေရှိမှ သက်ရှိ များ အသက်ရှင်နိုင်မည်။ တဆက်တည်းတွင် ရေချိုသည် သဘာဝအရင်းအမြစ် ရေဝပ်ဒေသရှိမှ ရနိုင်မည်။ ရေဝပ် ဒေသပျက်စီးပျောက်ကွယ်ပါက ရေချိုမရနိုင်ပေ။ အနာ ဂတ်ကာလတွင် လူတို့ အသက်ရှင် ရပ်တည်ရေးအတွက် ရေချိုသုံးစွဲမှုကို စနစ်တကျနည်းလမ်းမှ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲရန်အရေးကြီးသည်။ ထို့ပြင် ရေချို အရင်းအ မြစ်ဖြစ်သည့် ကုန်းတွင်းရေဝပ်ဒေသများ ထိခိုက်ပျက်စီး ယိုယွင်းခြင်း၊ ပျောက်ကွယ်ခြင်းမရှိစေရေးအတွက် အလေး ထား ထိန်းသိမ်းလုပ်ဆောင်ကြရမည်။

ရေဝပ်ဒေသကို ရေနုတ်ယူခြင်း သို့မဟုတ် ပြောင်း လဲခြင်းသည် ကာဗွန်စုပ်ယူခြင်းနှင့် သိုလှောင်ခြင်း စွမ်းရည် ကို လျော့နည်းစေသည်သာမက ယခင်က အရေအတွက် မြောက်များစွာ စုပုံလာသည့် ကာဗွန်ကို မြေကြီးထဲမှ လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်အနေဖြင့် စိမ့်ထွက် စေခြင်းဖြင့် ပျောက်ဆုံးစေသည်။

မြန်မာနိုင်ငံသည် မြစ်ကြီး ၄ စင်း (ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း)နှင့် ဆက်စပ်တည်ရှိသော ကုန်းတွင်း ရေဝပ်ဒေသ (Inland Wetlands) အမျိုးမျိုး ကိုမှီခိုအားထားကာ လူနှင့်သက်ရှိအားလုံး ဘဝရှင်သန် ကြသည်။ ရေဝပ်ဒေသနှင့် နီးသည့်နေရာတွင် မြို့ပြ၊ ကျေးရွာတည်ထောင်ကာနေပြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ် သက်ပြီး၊ အသက်မွေးဝမ်းကျောင်းပြုကြသည်။ မျက်မှောက် ကာလတွင် ကမ္ဘာကြီး ရာသီဥတုဖေါက်ပြန် ပြောင်းလဲခြင်း ကြောင့်ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးများ ကိုအများနည်းတူ အနည်းနှင့်အများ ရင်ဆိုင်ခံစားကြရ သည်။ မြန်မာနိုင်ငံ၏ အနာဂတ် သဘာဝပတ်ဝန်းကျင် ရေဝပ်ဒေသများ ထိခိုက်ပျက်စီးပျောက်ကွယ်မှု မရှိစေရေး၊ နဂိုမူလအတိုင်း ပြန်လည် ဖြစ်ထွန်းအောင် ပြုပြင်ထိန်း သိမ်းရေးအတွက် ကမ္ဘာ့ရေဝပ်ဒေသ ၂၀၂၂ ဆောင်ပုဒ် အတိုင်း လိုက်နာလုပ်ဆောင်ရပေမည်။ လူတို့၏ အနာ ဂတ်ကောင်းမွန်ရေးအတွက် ရေချိုနှင့် ရေချိုအရင်းအမြစ် ရေဝပ်ဒေသများ ထာဝစဉ်တည်မြဲစေပြီး၊ စဉ်ဆက်မပြတ် စနစ်တကျထုတ်ယူသုံးစွဲရေးကို သတိမူပြီး အလေးထား လုပ်ဆောင်ကြရန် လူဘဝရှင်သန်ရပ်တည်ရေးအတွက် အရေးပါသည့် ရေချိုအရင်းအမြစ် ရေဝပ်ဒေသများ ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများကို မျှဝေရေးသားလိုက် ပါသည်။

PDF Compressor Free Version

ယခင်လမှတဆက်

စကားမိုဆို၊ ဟားမိုချို၊ စာမိုလိုရေး (၃)

ဦးဖော်ဦး (ညွှန်ကြားရေးမှူး-ငြိမ်း)

ထို့နောက် ရှေဘုံခရိုင် ခင်ဦးစိမ်းစိုသို့ပြောင်းရသည်။ ခရိုင် AD က ၇၅ မှ ဦးသန်းအောင်၊ ရှေဘို SO က ၈၂ မှ ဦးဝင်းသိန်း(ကွယ်လွန်)၊ ဝက်လက် ဦးစီးက ၉၂ မှ ဦးအောင်နိုင်ဝင်း၊ တန့်ဆည် SO က ၈၇ မှ ဦးအိုက်စင်း၊ ရေဦး SO က ဦးအောင်စိုး၊ ဒီပဲယင်း SO က ၈၃ မှဦးသန်းမျိုး ခေါ် ဂျင်ဘရောင်း၊ ကန့်ဘလူ SO က ၈၇ မှ ဦးငွေစိုးဦး တို့ဖြစ်ပါသည်။ ရှေဘုံသစ်တောတွင် AD က ၈၀ မှ ဦးမြင့်သိန်း၊ ခရိုင် SO က ၈၃ မှ ဦးမောင်မောင်ကျော်ဝင်း နောင်တွင် ၉၂ မှ ကိုဌေးဝင်း၊ ရှေဘို SO က ၈၂ မှ ဦးသိန်းဇော်ဝင်း၊ ကန့်ဘလူရေအေး ကျွန်းအထူးစိုက်ခင်းဇ၊ပထမဆုံးဦးစီးက ၈၆ မှ ကိုအောင်ကြီး၊ သူ့တောအုပ်ကြီးက ၉၃ မှ ကိုမြင့်ကောင်း၊ ကျောက်မြောင်းကင်းရုံး တောအုပ်ကြီးက ၉၂ မှ ကိုမင်းမင်းဟန်တို့ဖြစ်သဖြင့် လူစုံသည်ဟု ဆိုနိုင်ပါသည်။ ခင်ဦးစိမ်းစိုနေစဉ် ကန့်ဘလူ သစ်တောတပည့်ဟောင်းတွေထံက ဆယ့်ရှစ်လက်မ၊ ခြောက်လက်မ ပျဉ်းပြားမှာယူ၍ ဆေးသုတ်၊ ညားကာစဇနီးသည်က ဆေးသုတ်ထားသော ပျဉ်ပြားပေါ်တွင် ခဲတံဖြင့် စက်ပိုင်းနှစ်ထပ် စာလုံးကြမ်းရေးဆွဲပေး၊ မိမိကရုံးမှ ပြန်လာလျှင် ဆောင်ပုဒ်များကိုယ်တိုင်ရေးသည်။ အမှတ်တရများဖြစ်ပါသည်။ ကွတ်ခိုင်လိုနေရာမျိုးမှာ နေရပြီး သစ်တောပြန်ပြောင်းမပေးလို့ မည်သည့် ဌာနအကြီးအကဲကိုမျှ အပြစ်မတင်၊ စကားဆိုတင်းလည်း မပြုခဲ့။ ထိုစဉ်က မရှင်သော်လည်း ကျွန်တော်တို့ပျော်ခဲ့ကြပါသည်။ မနက်ပိုင်းတွင် ရှေဘိုမြို့လည်ရှိ ဒေင်လက်ဖက်ရည်ဆိုင်ထိုင်၍ ဒေါ်မ(ဆေးပေါ့လိပ်) ကိုခဲနိုင်သည်။ အခွန်လွတ်စျေးအနားက ကိုတင်ရ ၏ ကြက်သားမုန့်ဟင်းခါးစားသည်။ လကုန်ခါနီးတစ်နေ့ ညနေပိုင်းတွင် သူငယ်ချင်းဖြစ်သူ ကိုအောင်ကြီး(ယခု မြဝတီ AD)က ရှေဘိုမြို့လယ်ရှိ ရှေတောင်ဆိုင် သွားရအောင်ခေါ်၍ သွားကြသည်။ ဆိုင်ထဲထိုင်ပြီးကာမှ 'ပိုက်ဆံမပါဘူး၊ ခင်ဗျား ဘယ်လောက်ပါသလဲ'မေးသည်။ 'ကျွန်တော့် လေးငါးဆယ်ပါတယ်၊ ချမ်းသာသမျှ အကုန်ပဲ' ဟု ကြွားလုံးထုတ်သည်။ ဆိုင်ကစားဖိုမျူးနှင့် ကိုအောင်ကြီးက လူရင်းတွေဖြစ်သည်မို့ သူငယ်ချင်းနှစ်ယောက်သား အရည်သာ မှာသည်။ အဖတ်မမှာ။ စားဖိုမျူးကလည်း ဖရီးပေးသည့် ဆာဒါးဟင်းချိုအိုးထဲမှ ကြက်ခေါင်း၊ လည်ပင်း၊ တောင်ပံ၊ ကြက်ခြေထောက် ပန်းကန်အပြည့်လာချပေးသည်။ ငွေပေးရန် မလို။ ထမင်းအဖြူထည်သတ်သတ်မှာ၍ ညစာပါ အပြီးစားကြသည်။ ဤသို့လည်း ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ဖူးပါသည်။

ရှေဘိုစိမ်းစိုရုံးသည် သစ်တောခရိုင်ရုံးမှ နေရာတစ်ဝက် ခွဲပေးထားခြင်း ဖြစ်ပြီး AD ဖြစ်သူ အစ်ကိုကြီးဦးသန်းအောင်က ခရိုင်ရုံးနှင့်တွဲလျက် အကျယ် ဆယ်ပေ၊ ရှေ့ နောက်ပေသုံးဆယ် သာသာခန့်ရှိသော ယခင်စတိုခန်းကို ရှင်းလင်းနေထိုင်ရခြင်းဖြစ်သည်။ စိမ်းစိုဌာန ဖွင့်ကာစ ဖြစ်၍ ယခုလိုအခြေမကျသေး။ ရှေဘိုစိမ်းစိုမြို့နယ်ရုံးက ခရိုင်ရုံးနောက်တွင်ရှိ၍ မြေစိုက်သွပ်မိုးဖြစ်ပြီး ရှေ့ဖက်ကရုံး၊ နောက်ခန်းက ဦးစီးလူပျိုကြီးနေသည်။ ခင်ဦးဆိုလျှင် အိမ်ငှား၍ ရုံးဖွင့်ထားရခြင်းဖြစ်သည်။ ထိုစဉ်ကာလ တစ်နေ့တွင် စိမ်းစိုခရိုင်ရုံး၌ အစည်းအဝေးလုပ်နေစဉ် ၂၀၀၂ အတန်းမှ မည္ဆန့်ခိုင်ရောက်ရှိကြောင်း သတင်းလာပို့သည်။ သူ၏ First Posting ဖြစ်မည်ဟု ထင်ပါသည်။ ကျွန်တော်က အနောက်အစွန်ဆုံးဖြစ်၍ ကျွန်တော်ဘေးလာထိုင်သည်။ မည္ဆန့်ခိုင်က 'ကျွန်မဘယ်မှာ နေရမလဲ' ဟုမေးရာ အစ်ကိုကြီး ဦးသန်းအောင်က 'ငါတောင် အဖီလေးနဲ့ နေရတာ'ဟု ဖြေသည်။ အစည်းအဝေးကိုဆက်ပြီး ပြောကြဆိုကြ ဆွေးနွေးကြသည်။ အစည်းအဝေးပြီးလို့ မည္ဆန့်ခိုင်ကို လှည့်ကြည့်လိုက်တော့ ခေါင်းကြီးငုံ့လျက် အသံမထွက် မျက်ရည်ကျနေသည်။ အစ်ကိုတွေ အားလုံးက ပိုင်းအားပေးရသည်။ အမျိုးသမီးတောအုပ်ကြီးတွေ ဌာနထဲ စတင်ရောက်ချိန်ဖြစ်လို့ကိုယ်ချင်းစာကြသည်။ ကျွန်တော် ကန့်ဘလူရောက်ခါစနေ့ခဲ့ရသည့်ဘဝကိုပြန်တွေးမိ၍ ပို၍ ကိုယ်ချင်းစာမိပါသည်။ ယခုတော့ နိုင်ငံတကာနှင့် ရင်ဘောင်တန်းလုပ်ကိုင်နေသော ဒေါက်တာမည္ဆန့်ခိုင်ဖြစ်နေပြီဖြစ်သည်။ စိမ်းစိုတစ်ခါက တစ်ဘဝအမှတ်တရများ ပေတည်း။

ကန့်ဘလူဇာတ်လမ်း အစပြန်ကောက်ရလျှင် မြို့တွင်းမှာ အိမ်ငှားမရခင် ထိုအခန်းအမိုးကို ဖာထေးပြင်ဆင်၍တစ်လကျော်နေလိုက်ရသည်။ ၈၀ ဦးမောင်မောင်မြင့်

PDF Compressor Free Version

(ကွယ်လွန်)က မြို့ထဲမှာ အိမ်ငှားနေသည်။ ၈၄ ဦးကျော်မင်းဦး (ကွယ်လွန်)နှင့် ၉၂ ဦးချစ်ဦး(ယခု–တိ ဥယျာဉ်ညွှန်မှူး)တို့က ကျွန်တော်နောက်မှ ကန့်ဘလူရောက်တာဖြစ်သည်။ သစ်တောလုပ်ငန်းများ သောမြို့ဖြစ်၍ မေမြို့ကျောင်းဆင်း တောအုပ်ကြီးများဖြစ်သော ဦးဌေးညွှန့်၊ ဦးစောလွန်၊ ဦးအေးသောင်၊ ဦးဘရှောင်တို့လည်းရှိသည်။ ရုံးစာရေးကြီးများမှာ ဦးစိုးမြင့်နှင့် ဦးထွန်းမြင့်တို့ဖြစ်သည်။ ရောက်ခါစတွင် ဦးစီးအရာရှိက သီးသန့်တာဝန်မပေးသေး။ လူကို အကဲခတ်ချင်တာလည်းပါမည်၊ ဘိနယ်နှင့်စိုက်ခင်းတာဝန်ခံများ နေရာပြောင်းရွှေ့ချိန်စောင့်တာလည်းပါသည်။ ရုံးတက် ရုံးဆင်း လုပ်နေရသည်။ သုံးလေးရက်ကြာတော့ အစ်ကို ဦးသိန်းတန်က ကျွန်တော့်ကို အင်္ဂလိပ်လိုရေးထားသည့် ရှေ့ဘိုခရိုင် Working Plan အတွဲနှစ်တွဲပေး၍ လေ့လာထားဟုပြောသည်။ ခရိုင်အကြောင်းကို သိရုံလေ့လာပြီး ကန့်ဘလူမြို့နယ်အကြောင်းကို အသေးစိတ်အကြိမ်ကြိမ်ဖတ်၍ ကြယ်မြင် လမြင်အခန်းထဲတွင် မှတ်စုထုတ်သည်။ Working Plan တွင်ပါသည့် ကန့်ဘလူအကြောင်းကို ဦးစီး ရုံးအတွင်းရှိ မြို့နယ်တစ်ခုလုံးမြေပုံနှင့် တစ်လက်မတစ်ပိုင် မြေပုံများတွင် ကြည့်ရှု၍မှတ်သားသည်။ ကွင်းမဆင်းရသေးသော်လည်း ကန့်ဘလူမြို့နယ်အကြောင်းကို စုံလင်စွာသိသွားပါသည်။ ထိုသို့ Working Plan ကို ကြိုတင်လေ့လာထားမှုကြောင့် ကန့်ဘလူတွင် သုံးနှစ်ကျော်ခန့်နေရခိုက် သစ်တောလုပ်ငန်းများဆောင်ရွက်ချိန်တွင် များစွာအထောက်အကူရခဲ့ပါသည်။ ထိုမှစ၍ မြို့နယ်၊ ခရိုင်၊ တိုင်းများသို့ရောက်လျှင် Working Plan (ယခုအခေါ် DFMP)ကို ဦးစွာပထမ လေ့လာသင့်ကြောင်း အသိရခဲ့ပါသည်။ သင်ပေးခဲ့သည့် အစ်ကို ဦးသိန်းတန်အပေါ် ကျေးဇူးတင်ရပါသည်။ နောင် အကြောင်းသိ၍ ခင်မင်လာသော အခါ သစ်တောရေးရာ မှတ်သားစရာများနှင့်ပတ်သက်၍.. 'သစ်တောနဲ့ပတ်သက်လို့ ရေးထားတဲ့စာအုပ်တွေ အများကြီးဗျ.. ခေါင်းထဲ ဘယ်လိုလုပ် အကုန်မှတ်နိုင်မလဲဗျာ.. စာဖတ်ပြီးရင် ဘယ်အကြောင်းဆို ဘယ်စာအုပ်ထဲပါတယ် မှတ်ထား .. တိတိကျကျရေးဖို့လိုလာရင် စာအုပ်ပြန်ရှာဖတ်.. မဖြစ်မနေ သိဖို့လိုတယ်ထင်ရင် မှတ်စုထုတ်ရေးထား၊ ဌာနဆိုင်ရာ ညွှန်ကြားချက်တွေစုထား..'ဟု သွန်သင်ပါသည်။ ထိုအချိန်ကစ၍ သစ်တောနှင့် ပတ်သက်သည့် တိုတိုထွာထွာ မှတ်သားစရာနှင့် ညွှန်ကြားချက်များကို လက်ရေးဖြင့်ကူး၊ မျှောစာတွဲတွင် အပိုရှိလျှင်

ဖြစ်သင့်သည်မှာ ညွှန်ကြားချက်များကို သက်ဆိုင်ရာဌာနခွဲများတွင် သာမက မည်သည့်ဝန်ထမ်း မဆို အလွယ်ယူဖတ်နိုင်အောင် မိတ္တူပွားမှု စာကြည့်တိုက်၊ စာဖတ်ခန်းတို့တွင် ထားပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်။

တောင်းယူ၊ နောင်တွင် မိတ္တူဆွဲနည်းမျိုး စုံဖြင့် စတင်စုဆောင်းခဲ့သည်။ သစ်တောနှင့်ပတ်သက်၍ ရေးထားသောစာအုပ်တွေ့လျှင်ဝယ်သည်။ ဤကဲ့သို့ စုဆောင်းခဲ့ခြင်းမှာ အကျိုးရှိပါသည်။

၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျွန်တော် နေပြည်တော်သစ်တောရုံးချုပ် သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန၊ စိုက်ခင်းဘက်ခြမ်းသို့ လက်ထောက် ညွှန်ကြားရေးမှူးတာဝန်ဖြင့် ရောက်ရှိပါသည်။ တစ်နေ့သောမနက်တွင် ရုံးစောစောရောက်သဖြင့် ရုံးနောက်ဖက်ရှိ မသီတာတို့ဆိုင်တွင် လက်ဖက်ရည်သောက်သည်။ ဘေးပိုင်းရှိ ဂျူနီယာ ဦးစီးအရာရှိနှင့် တောအုပ်ကြီးများ နယ်သစ်တောလုပ်ငန်းများ အကြောင်း ဆွေးနွေးငြင်းခုံနေရင်း တစ်ဦးမှ.. 'ညွှန်ကြားချက်တွေကလည်း ထုတ်လိုက်ရင် စာအဆုံးမှာ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ရန်ဆိုတာချည်းပဲ၊ ဘယ်လိုလုပ်ရမယ်ဆိုတာလည်း အသေးစိတ်မပါဘူး၊ လက်မှတ်ထိုးစာထုတ်တဲ့သူ ကိုယ်တိုင်ရော သိမှသိရဲ့လားမသိဘူး..' ဟုပြောသံကြားလိုက်ရသည်။ ညီငယ်နောက်ဆုံးပြောသွားတာက နည်းနည်းဟတ်ထိသည်။ အမှန်က ညွှန်ကြားချက်များက ထုတ်ပြန်ပြီးဖြစ်သည်။ ရုံးရှိ ညွှန်ကြားချက်ဖိုင်တွင်သာ ရှာဖတ်ရမည်ဖြစ်သည်။ ဒီလိုဆို ရုံးများတွင် ညွှန်ကြားချက်ဖိုင်များရှိသလားမေးလျှင် ရှိသည်ဟုသာဖြေပါမည်။ ငွေစာရင်းညွှန်ကြားချက်သိချင်ရင် ငွေစာရင်းအခန်းသွား၊ ထို့အတူ အခွန်လုပ်ငန်း စသည်ဖြင့်သိချင်လျှင် သက်ဆိုင်ရာ အခန်းသွားရှာပါ။ သွားရှာတော့ တွေ့မှာလားလို့မေးလျှင် လက်ရှိလေးငါးနှစ်ခန့်အထိတွေ့နိုင်သည်။ ယင်းထက် အစောပိုင်းကျသော ညွှန်ကြားချက်များဆိုလျှင် လုပ်ငန်းအကြောင်းအရာအလိုက် စနစ်တကျဖိုင်တွဲထားသောရုံး၊ အမြဲတမ်းဖိုင်(Permanent File)ဖြစ်သည့် ညွှန်ကြားချက်ဖိုင်များကို နှစ်အလိုက် သိမ်းဆည်းထားသော ရုံးများဆိုလျှင်တွေ့မည်။ အလွန်အလွန်နည်းသည်ဟုသာဖြေရပါမည်။ ရုံးစာပေးစာယူနှင့် ဖိုင်တွဲပုံစနစ်ကို အရေးမကြီးဟု အရာထမ်း၊ အမှုထမ်းများက မစစ်ဆေး၊ မကြီးကြပ်၊ မပြုပြင်ဘဲ နှစ် ကာလများစွာ မေ့လျော့ထားခဲ့သောကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်ခြင်း ကာလကြာမြင့်လာသောအခါ ရုံးစာ စီမံထားသိုပုံစနစ်ကို တတ်သူနည်းလာပြီး တွဲချင်သည့် ဖိုင်တွဲခဲ့ကြ၍ အလိုရှိချိန်တွင် စာရှာမတွေ့သည့်ကိစ္စဖြစ်လာခြင်းဖြစ်သည်။ ဖြစ်သင့်သည်မှာ ညွှန်ကြားချက်များကို သက်ဆိုင်ရာဌာနခွဲများတွင် သာမက မည်သည့်ဝန်ထမ်း

PDF Compressor Free Version

မဆို အလွယ်ယူဖတ်နိုင်အောင် မိတ္တူပွားရ၍ စာကြည့်တိုက်၊ စာဖတ်ခန်းတို့တွင် ထားပေးနိုင်လျှင်အကောင်းဆုံးဖြစ်သည်။ ထိုသို့မရှိသော ရုံးများတွင် အရာရှိရုံးခန်း၊ ရုံးအုပ်ခန်းတို့တွင် ထားရှိသင့်ပေသည်။ ဦးစီးရုံးချုပ် စီမံဌာန၊ မှတ်တမ်းခန်းတွင် နောက်ပိုင်းထုတ်သော ရုံးမိန့်များကို Hard Copy, Soft Copy များဖြင့် ထားရှိနေပြီဖြစ်သည်။ နယ်ရုံးများတွင်လည်း အလားတူ လုပ်ဆောင်ထားသင့်သည်။ အကြံပြုခြင်းသာဖြစ်ပါသည်။

ဤသို့ လက်ဖက်ရည်ဆိုင်တွင် ညွှန်ကြားချက်ကိစ္စနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးမှုကို ကြားရပြီးနောက် ကျွန်တော်စုဆောင်းထားသော ညွှန်ကြားချက်များကို စာအုပ်အဖြစ်ပုံနှိပ်၍ တပြည်လုံးရှိဝန်ထမ်းအားလုံးသို့ ဖြန့်ဝေရန် အကြံပေါ်လာသည်။ ဝန်ထမ်းများအဖို့ ညွှန်ကြားချက်သည်အသက်ဖြစ်သည်ဆိုလျှင် လွန်အံ့မထင်။ ကိုယ့်သဘောနှင့်ကိုယ် လုပ်မရသည်မို့ ညွှန်ကြားချက်များသည် ရုံးတွင်လည်းကောင်း ဝန်ထမ်းလက်ဝယ်တွင်လည်းကောင်း ရှိနေဖို့လိုသည်။ ဝန်ထမ်းတစ်ဦးသည် ညွှန်ကြားချက်ကို သိလျက်နှင့် မတော်လောဘကြောင့် ဖောက်ဖျက်ကျူးလွန်မိ၍ အရေးယူခံရခြင်းက သူအပြစ်နှင့်သူ။ ညွှန်ကြားချက်ကို မသိသဖြင့်၊ အလွဲလွဲ အမှားများလုပ်မိပြီး အသိနောက်ကျ၍ မည်သို့မျှ ပြုပြင်ကယ်တင်မရလျှင် ဌာနဆိုင်ရာ စစ်ဆေးအရေးယူခံရမည်၊ ထိုအခါ ဌာနရော ဝန်ထမ်းပါ နစ်နာသည်။ ကျွန်တော်မှတ်မိသလောက် ယခင်က ရုံးချုပ်စီမံနှင့်လုပ်ငန်းဌာနတို့မှ ညွှန်ကြားချက်များကိုစုစည်း၍ စာအုပ်ထုတ်ပါသည်။ DI တို့ MSOS တို့လို ဝန်ထမ်းအားလုံး လက်ကိုင်အသုံးပြုရန်ရည်ရွယ်ခြင်း မဟုတ်ဘဲ နီးစပ်ရာ၊ သိရှိလက်လှမ်းမီရာ ဝန်ထမ်းများအသုံးပြုရန် အတွက်သာဖြစ်သည်။ ကျွန်တော်ထင်တာမှားလျှင်လည်း အမှားပြင်ဆင်ပေးကြပါ။ ကျွန်တော်ရည်ရွယ်သည်မှာ ယခင်ထုတ်ပြန်ခဲ့သောညွှန်ကြားချက်များကို ဝန်ထမ်းအားလုံးလက်ဝယ်သို့ ရောက်ရှိစေရေးဖြစ်သည်။ သို့မှသာ ဝန်ထမ်းများ ညွှန်ကြားချက်အဟောင်းနှင့်အသစ်ကို ချိတ်ဆက်နားလည်လာပြီး အလုပ်လုပ်ရတာရှင်းလင်းလာမည်။ လုပ်မှားကိုင်မှား အဖြစ်နည်းလာမည်။ ညွှန်ကြားချက်အဟောင်းနှင့် အသစ်တို့ချိတ်ဆက်မိသွားလျှင် နောက်ပိုင်း၌ ညွှန်ကြားချက်များကို တစ်နှစ်ခြင်း ပေါ့ပေါ့ပါးပါး စုစည်း စာအုပ်ထုတ်ဖြန့်ဝေရန်ဖြစ်သည်။ ညွှန်ကြားချက်အသစ်တွင် ညွှန်ကြားချက်အဟောင်းကို လွှမ်းမိုးပယ်ဖျက်သည်ဟု ရေးသားထားလျှင် မူလဖိုင်ရှိ ညွှန်ကြားစာ အဟောင်းပေါ်တွင် ကန့်လန့်ဖြတ် မှင်နီမျဉ်းတားပြီး၊ ပယ်ဖျက်သည့် ရုံးအမိန့်နှင့်ရက်စွဲကို ရေးမှတ်ထားရမည်။ စာဟောင်းကို ဖိုင်အတွင်းမှ ထုတ်မပစ်ရ။ ဤတွင် ညွှန်ကြားချက်အသစ် ထပ်မံထွက်လာလျှင် ဝန်ထမ်းအားလုံးသိစေရန် လက္ခန် ဒါဘာတွင် မပျက်မကွက် ရှင်းလင်းဖတ်ကြားပေးရန်လိုပါသည်။ ဥပမာ..ငွေစာရင်းဆိုင်ရာ ညွှန်ကြားချက်ဖြစ်၍ စီမံ၊အခွန်၊လုပ်ငန်းဌာနတို့ရှိ ဝန်ထမ်းတို့က ကိုယ်နှင့်မဆိုင် သိစရာမလိုဟု ယူဆ၍ မရ။ ဌာနလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခုချိတ်ဆက်နေ၍ သိရှိထားမှသာ ပတ်သက်သည့် အကြောင်းကိစ္စပေါ်လာလျှင် ဆက်စပ်နားလည်နိုင်ပေမည်။

ညွှန်ကြားချက်များ စုစည်းစာအုပ်ထုတ်ရန် မည်သူကမျှ တာဝန်ပေးခဲ့ခြင်းမဟုတ်၍ ကိုယ့်အစီအစဉ်ဖြင့်ကိုယ်စတင်ရပါသည်။ ရှေးဦးစွာရှိသည့် ညွှန်ကြားချက်များကို ပုံစံ(၈)ဖမ်းဆီးသစ်၊ ခွဲသားထွက်ရှိရာခိုင်နှုန်း၊ ဆင်၊ သတ္တု၊ လမ်းခင်းကျောက်ထုတ်ခြင်း၊ ကြိုးဝိုင်းပယ်ဖျက်ခြင်း၊ ဌာနစိုက်ခင်း၊ ပုဂ္ဂလိကစိုက်ခင်း စသည်ဖြင့် အကြောင်းအရာတူစာများစု၍ ဖိုင်များခွဲ၍ တွဲသည်။ ပြီးလျှင် အကြောင်းအရာတစ်ခုခြင်းကို ရက်စွဲအလိုက် ပြန်စီပြီး လွှမ်းမိုးပယ်ဖျက်ထားသော ညွှန်ကြားချက်များနှင့် သာမန်ညွှန်ကြားစာ (DI,MSOS နှင့် ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားပြီးသော်လည်း ထပ်မံရှိုးဆော်သည့်စာမျိုး)များကို ဖယ်ထုတ်ရသည်။ ထို့နောက် ရုံးမသွားခင် ပြို့မစျေးဆိုင်တွင် ကွန်ပျူတာစာစီရန်အပ်၍ ညနေတွင် ဆိုင်မှ စာမူရင်းနှင့် Hard Copy ယူပြီး အိမ်ပြန်သည်။ ညစာစားပြီးလျှင် ဇနီးဖြစ်သူ စာရင်းစစ်မှူး(ငြိမ်း)ဒေါ်နန်းကေသီနှင့် တစ်ယောက်က မူရင်းဖတ်ပြ၊ တစ်ယောက်က Hard Copy ကိုင်၍ စာအကျ အပေါက်ရှိ၊ မရှိ စာလုံးပေါင်းသတ်ပုံမှန်၊မမှန် စာတစ်စောင်ခြင်းစီကို တိုက်ဆိုင်စစ်ဆေးရသည်။ ဘေးနားတွင် စာလုံးပေါင်း သတ်ပုံကျမ်းစာအုပ်ကိုလည်း ထားရသည်။ နောက်တစ်နေ့မနက်တွင် ကွန်ပျူတာဆိုင်ပြန်သွား၍ အမှားပြင်ခိုင်းပြီး ညနေပိုင်းရလျှင် ပြန်စစ်ဆေးရပြန်သည်။ ရုံးတွင် ၎င်း Soft Copy များကို သစ်တောတက္ကသိုလ်ဆင်း ၂၀၀၅ မှ ဦးစီးအရာရှိ ဦးချစ်လှိုင်နှင့် ၂၀၁၁ မှ တောအုပ်ကြီး ဒေါ်မေသူအောင် တို့ထံ အပ်သည်။ ၎င်းတို့နှစ်ဦးက ထိုကာလအတွင်း ရုံးချုပ်မှ အသစ်ထုတ်သည့် ညွှန်ကြားချက်များကို ထပ်ဖြည့်ရသည်။ စိုက်ခင်းရုံးအဖွဲ့ကလည်း ကူညီကြပါသည်။ ဤနေရာတွင် ၁၉၈၂ မှ ဦးဇော်နိုင်ဦးကိုလည်း ကျေးဇူးတင်ရပါသည်။ ကျွန်တော်ထံတွင် မရှိသည့် ညွှန်ကြားချက်အဟောင်းများကို သူထံမှရခဲ့သောကြောင့်ဖြစ်သည်။ တစ်နှစ်ခွဲခန့် အကြာတွင် ညွှန်ကြားချက် စာအုပ်အစိမ်းသုံးအုပ် Soft Copy ရ၍ ပျဉ်းမနား ဂေါ်ပြားဆိုင်တွင် အခန့်ချုပ် ဆယ်အုပ်ထုတ်ပြီး ညွှန်ကြားရေးမှူးထံမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံရုံးစာဖြင့်တင်ပြခဲ့သည်။ ဝန်ထမ်းအားလုံး ဖတ်သင့်သည်ဟု EC မှသဘောတူ၍ ဌာနရန်ပုံငွေဖြင့် ၁၉၇၆ ဦးမောင်မောင်စိုးထံ အပ်နှံပုံနှိပ်ပြီး ၂၀၁၅ ခုနှစ်တွင်

PDF Compressor Free Version

တစ်နိုင်ငံလုံးရှိ တောအုပ်နှင့်အထက် ဝန်ထမ်းအားလုံးသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ဦးစီးရုံးချုပ်မှ ယခင်ထုတ်ပြန်ခဲ့သည့် အရေးကြီးသည့် ညွှန်ကြားချက်များကို (အကုန်မစုံလင်ပါ) ဝန်ထမ်းများ လက်ဝယ်သို့ ရောက်စေချင်သည့် ကျွန်တော့်ဆန္ဒပြည့်ဝခဲ့ပါပြီ။ ဌာနတွင် 'လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ' ဆိုသည့်ကွက်လပ်ကို ကျွန်တော် နည်းနည်းတော့ ဖြည့်နိုင်ခဲ့သည်ထင်ပါသည်။

ရုံးများတွင်သာ ညွှန်ကြားချက်ဖိုင်များ စနစ်တကျ စုံစုံလင်လင်ရှိလျှင် မည်သည့်ဝန်ထမ်းမဆို ညွှန်ကြားချက်သို့မဟုတ် အချက်အလက်တစ်ခုခုကိုသိလိုလျှင် နှစ်အလိုက် သက်ဆိုင်ရာဖိုင်တွင် ကြည့်ရှုမှုသာဖြစ်သည်။ ဤသို့လည်း ပြောနေစရာအကြောင်းမရှိ။ နမူနာပြောရလျှင် အလျင်အမြန်ပြန်ကြားရမည့် ရုံးစာများရောက်လာလို့ ကိုးကားရန်လိုသည့် ညွှန်ကြားချက်အဟောင်းများ၊ ကိန်းဂဏန်းဒေတာများ ရှာလျှင်တော်ရုံဖြင့်မတွေ့၊ ရုံးတွင်းဖုန်းတွေက ဟိုအခန်း ကမြည်၊ ဒီအခန်းကမြည်။ အထက်ဌာနက တောင်းနေလေပြီ။ ကိုးကားရမည့်စာက ရှာမတွေ့သေး၊ ပြန်ကြားစာရေးလို့မရ။ မည်မျှ အချိန်ကုန် စိတ်ရှုပ်ရသည်ကို အားလုံး ခံစားဖူးပါသည်။ ရုံးများတွင် လုံးဝမရှိခြင်း မဟုတ်၊ ရှိသင့်သလောက်ရှိပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဥပမာတစ်ခု ပြောပါမည်။ ကျွန်တော် အလုပ်စတင်ဝင်သည့် ပေါင်းတည်မြို့တွင် ဦးစီးအရာရှိ ၇၄ ဦးစိုးလုက ဖိလစ်ပိုင်သွားသဖြင့် ပြည်မှ မြို့နယ်စုမှူး (ယခု အခေါ် AD) ၇၁ ဦးမြင့်စိန် (စီမံညွှန်မှူးဟောင်း–ကွယ်လွန်)ကိုအလုပ်လွှဲသွားရသည်။ အစ်ကိုကြီး ဦးမြင့်စိန်သည် အလုပ်အင်မတန်တိကျသူဖြစ်သည်။ ပြည်မြို့မှ လိုင်းကားစီးလာပြီး မနက်ကိုးနာရီခွဲမတိုင်မီ ရုံးရောက်သည်။ ညနေ လေးနာရီခွဲတွင်ရုံးဆင်း၍ လိုင်းကားစီး ပြည်မြို့ပြန်သည်။ ပေါင်းတည်ရုံးတက်နေစဉ် လုပ်ငန်းတစ်ခုခုကို သိလိုလျှင် ရုံးအဖွဲ့သို့ သိလိုသည့်အကြောင်းအရာကို မပြော၊ ဖိုင်နံပါတ်ခေါင်းစဉ်(ကက၊ထက၊ သခ၊မက.. စသည်ဖြင့်) ပြော၍တောင်းသည်။ လိုချင်သည့်ဖိုင်ရလျှင် သူ့ဘာသာသူရှာ၍ ဖတ်သည်။ သတိပြုပါ၊ ဤနေရာတွင် ကွာခြားသွားခြင်းဖြစ်သည်။ ကျွန်တော် အပါအဝင် ဒီဘက်ခေတ်ဝန်ထမ်းများသည် သက်ဆိုင်သည့် ရုံးဝန်ထမ်းခေါ်၍ သိလိုသည့် အကြောင်းအရာကို ပြောပြပြီးမှ စာရှိသော ဖိုင်ကို ရှာခိုင်းတာဖြစ်သည်။ အစ်ကိုကြီး ဦးမြင့်စိန်က ဖိုင်နံပတ်ခေါင်းစဉ်တပ်ပြီး ဖိုင်ရှာပေးခိုင်းတာဖြစ်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသကဲ့သို့ ရုံးစာများ သတ်မှတ်တွဲထားရမည့် ဖိုင်တွင် ရှိ၊ မရှိ တစ်ခါတည်းစစ်ပြီးလည်းဖြစ်သည်။ သတ်မှတ်ဖိုင်တွင် စာရှာမတွေ့ပါက တစ်ရုံးလုံး အစိမ်းကြော်၊ တောက်တောက်ကြော် ကျွေးသည်ဟု ပေါင်းတည်ရုံးအဖွဲ့က ပြန်ပြောပြပါသည်။ ဤသည်ကား ရုံးစာများ ရှာမတွေ့သည့်ပြဿနာ၏ အဖြေပင်ဖြစ်သည်။ ထို့ကြောင့် ရုံးစာများကို အကြောင်းအရာ အလိုက်သတ်မှတ်ထားသည့် စာခေါင်းစဉ်၊ ခေါင်းစဉ်ခွဲ အလိုက် စာတွဲထားရမည်။ ရုံးစာများ မည်သို့စာတွဲရမည်ကို သစ်တောဌာန ညွှန်းချက်များစာအုပ် စာမျက်နှာ ၁၉၄ နှင့် ၂၀၀ တို့ကိုဖတ်ကြည့်ပါလေ။ ထိုသို့ ရုံးစာရှာမရသည့် ဒုက္ခကို မြို့နယ်၊ ခရိုင်၊ တိုင်းနှင့်ပြည်နယ်မှသည် ရုံးချုပ်တာဝန်ကျစဉ်အထိ ဆက်တိုက်တွေ့ကြုံခဲ့ရပါသည်။ မည်သူကိုမျှ အပြစ်တင်မရပါ။ ယခုအခါ ယခင် သစ်တောဌာန ညွှန်းချက်များစာအုပ်တွင် သတ်မှတ်ခဲ့သည့် ဖိုင်ခေါင်းစဉ်(စာခေါင်းစဉ်)များတွင်မပါသည့် ဘာသာရပ်၊ အကြောင်းအရာသစ်များတိုးပွားလာ၍ဖြစ်သည်။ တိုးလာသည့် အကြောင်းအရာသစ်များကို မည်သည့်ဖိုင်ခေါင်းစဉ် သတ်မှတ်၍ သုံးစွဲကြမည်ကို အထက်ရုံး အောက်ရုံးညှိနှိုင်းခြင်းမရှိ။ ညှိနှိုင်းလည်းမပေး။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဖိုင်ခေါင်းစဉ်တပ် အမည်ပေးကင်ပွန်းတပ်ခဲ့ကြသည်။ အချို့ ရုံးများဆိုလျှင် မူလသတ်မှတ်ထားပြီးဖြစ်သည့် ဖိုင်တွင်ပင် မှန်အောင်မတွဲနိုင်။ ရုံးစာများနှင့် ပတ်သက်၍ မဖြစ်မနေထားရမည့်ဖိုင်တွဲများ မှတ်ပုံတင်စာအုပ် (File List) ရုံးအများစုတွင်မရှိ။ ကြိုးကြပ်ထိန်းကျောင်းရမှာက ရုံးချုပ်စီမံဌာန။ ကျွန်တော် စီမံဌာနသို့ရောက်သောအခါ ဤကိစ္စအား ညွှန်ချုပ်ကိုတင်ပြခဲ့ရာ တော်တော်လုပ်ယူရမည်၊ တတ်နိုင်သလောက်လုပ်သွားပါ တိုက်တွန်းသဖြင့် ခုညွှန်မှူး ဦးဖြိုးဇင်မွန်နိုင်(ယခု–တိုးချဲ့ညွှန်မှူး)နှင့်အတူ ရုံးချုပ်ဌာနခွဲများ၏ ရုံးအုပ်များအားလုံးနှင့် တွေ့ဆုံ၍ ဌာနခွဲအသီးသီးမှ လက်ရှိအသုံးပြုနေသည့် လုပ်ငန်း အကြောင်းအရာအလိုက် ပေးထားသောဖိုင်ခေါင်းစဉ်များကို ရှေးဦးစွာစုစည်းပါသည်။ ထို့နောက် ပြည်နယ်၊ တိုင်း၊ ခရိုင်များမှလည်း အလားတူရယူစုစည်းသည်။ ရေဝေညွှန်မှူး ဦးစိုးမြင့်ဦးနှင့်အဖွဲ့ကလည်း အချက်အလက်များ သူတို့ရသလောက် ရှာဖွေစုဆောင်းပြီး ပါဝါပွိုင့်လုပ်ကူညီပေးသည်။ အကြမ်းထည် ပါဝါပွိုင့်ပြီးသွားသည်။ ထို့နောက် ဦးဖြိုးဇင်မွန်နိုင်ပြောင်းရွှေ့ရသည်။ ကျွန်တော် ပင်စင်ယူသည်။ ပြီးခါနီးလေးမှ တိုးလိုးတန်းလန်းကျန်ခဲ့သည်။ ၎င်းအကြမ်းထည် ပါဝါပွိုင့်ကို ရုံးချုပ် EC တွင်တင်ပြ၍ လိုအပ်သည်များ ထပ်ဖြည့်၊ ပြည်နယ်/တိုင်းအစည်းအဝေးတွင် ချပြ အကြံဉာဏ်ရယူ ပြင်ဆင်ဖြည့်စွက်လိုက်လျှင် အောက်ခြေမြို့နယ်အဆင့်မှ ရုံးချုပ်အထိ တစ်ပြေးညီသိရှိသုံးစွဲနိုင်မည့် ရုံးစာများဖိုင်တွဲရမည့် မှတ်ပုံတင် စာအုပ် File List စာရင်းတစ်ခု ရရှိလာမည်ဖြစ်သည်။ ယခု ဤစာရေးနေချိန်တွင် ဦးဖြိုးဇင်မွန်နိုင် ရုံးချုပ်ပြန်ရောက်ကြောင်း သတင်းကြားရသဖြင့် File List တော့ လုပ်နိုင်တော့မည်ဟုတွေး၍ ဝမ်းသာရလေသည်။

ဆက်လက်ဖတ်ပြပါမည် →

PDF Compressor Free Version

ကွမ်းချွတ်သတိရခြင်း (၄)

ခွန်ဦး (၉၂)

လက်ထောက်ညွှန်ကြားရေးမှူးတာဝန်ဖြင့် ကျောက်ဆည်ခရိုင်တွင် တာဝန်ကျနေစဉ်ကာလ၊ ၂၀၁၉ ခုနှစ် မတ်လထဲ။ ဝ၆၎ အစဖြင့် ရုံးချုပ်မှ ကျွန်တော့်ဖုန်းနံပါတ်ကိုခေါ်လာပါသည်။ အမှန်ပြောရရင် ဝ၆၎ အစဖြင့် ဖုန်းခေါ်တာဆိုတော့ ဖုန်းကိုင်ရမှာတောင် ခပ်လန့်လန့်ပေါ့။ ဖုန်းကိုင်လိုက်တော့ စစ်ဆေးရေး ညွှန်ကြားရေးမှူးဖုန်း။ ညွှန်ကြားရေးမှူးက ကိုချစ်ဦးရေ ကျောက်ဆည်နှင့် ရပ်စောက်ဖြတ်လမ်းမှာ သစ်တွေပုံထားတယ်လို့ တိုင်လာပါတယ်။ ခင်ဗျား တက်ရှင်းလိုက်ပါဦးတဲ့။ ကျွန်တော်မှ ဟုတ်ကဲ့ ဗိုလ်မှူး အခုညနေစောင်းပြီဆိုတော့ မနက်ဖြန် နံနက်ထွက်လိုက်ပါမယ်လို့။ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပါ့မယ် ခင်ဗျာပေါ့။

မနက်ဖန်ထွက်ရမှာဆိုတော့ စက်လှေစီစဉ်ဖို့ တောထဲမှာ စားသောက်ဖို့ကိစ္စတွေကို ကျောက်ဆည်ဦးစီးကို မှာ၊ ခရိုင်တွင်းမှ ဝန်ထမ်းတွေကို ဖမ်းဆီးရေးထွက်ဖို့ရသလောက်စုဖွဲ့။ ညတွင်းချင်း ကြောင်ရွာစခန်းကို သွားအိပ်ဖို့ မှာပေါ့။ ကျွန်တော်ကတော့ နံနက် (၃းခွဲ) နာရီလောက်ထပြီး မန္တလေးထုံးဘိုလမ်းကနေ မြို့ရှောင်လမ်းအတိုင်း ကြောင်ရွာဘိနယ်ကို သွားပေါ့။ နံနက်စာတော့ ကြောင်ရွာစခန်းမှာပဲစားပြီး နံနက် ၇ နာရီလောက်မှာ အဆင်သင့်ဖြစ်ပြီ။ ဝန်ထမ်းတွေကို မှာစရာရှိတာမှာပြီး ရေအားလျှပ်စစ်စက်ရုံကိုဖြတ်။ ဆန်၊ ဆီ၊ စားစရာ၊ အဝတ်အစားအိတ်၊ ဒီဇယ်ပုံးတွေကို စက်လှေထဲသယ်။ လူစုံတော့ စက်လှေ(၃)စီးနှင့် ဒုတ္ထဝတီမြစ်ထဲ စတင် ခရီးထွက်တော့တာပေါ့။ ဒုတ္ထဝတီမြစ်က ရေအားလျှပ်စစ်ထုတ်ဖို့ တမံမတုတ်ခင်က အလွန်ရေစီးသန်သော၊ ဝဲတွေပေါသော၊ လှေတွေ ဖောင်တွေ အလွန်ပျက်သော၊ လူတွေသေတတ်သော မြစ်အဖြစ် အလွန်ကျော်ကြားပါတယ်။ မြစ်ရဲ့ ရေဝေရေလဲဧရိယာကတော့ ရှမ်းပြည်နယ်တောင်ပိုင်းရော၊ ရှမ်းပြည်နယ် မြောက်ပိုင်းရော၊ မန္တလေးတိုင်းဒေသကြီးရော ပါဝင်ပါတယ်။ တမံတုတ်ပြီးတဲ့နောက်ပိုင်းတော့ မြစ်ကယဉ်သွားတဲ့ သဘောရှိပါတယ်။ ယခင်ကလို မရှိင်းစိုင်းတော့ဘူးပေါ့။

ဖမ်းဆီးရေးစစ်ကြောင်းထွက်ရင် မြို့နယ်ပိုင်းက လည်း ရိက္ခာဝယ်ရတာ၊ စက်သုံးဆီ ဝယ်ရတာ၊ စက်လှေငှားရတာနဲ့ အတော်ကသီလင်တနိုင်လှပါတယ်။ ဒါပေမဲ့ တာဝန်အရကိုး။ ညွှန်ကြားရေးမှူးပြောတဲ့ နေရာမဟုတ်သော် လည်း လမ်းမှာ သစ်ဖွက်နိုင်တဲ့နေရာတွေကို လည်းဝင်ကြည့်ပေါ့။ ထွက်ပြီးမကြာပါဖူး၊ လှေတစ်စင်းကပေါက်လို့ ကမ်းဘေးကပ်ပြီး ပစ္စည်းတွေရွှေ့ပြောင်းရတာနဲ့အချိန်က အတော်နောက်ကျပြန်ရော။ အချိန်ကလည်း မတ်လဆိုတော့ ဒုတ္ထဝတီမြစ်ထဲလည်း ရေအတော်နည်းပြီ။ နောက်ဆုံးသွားရမယ့်ခရီးကတော့ ဒုတ္ထဝတီမြစ်ထဲကနေ ပန်းပုချောင်းထဲချီးဝင်ရတော့တာပါဘဲ။ မိုးတွင်းနဲ့ ဆောင်းတွင်းဆိုစက်လှေနဲ့ရည်မှန်းတဲ့နေရာထိ ပေါက်အောင်သွားနိုင်ပါတယ်။ ရေနည်းတဲ့အချိန်ဆိုတော့ ချောင်းထဲမှာရနိုင်သလောက်မောင်းပြီး နောက်ဆုံးခြေလျင်လျှောက်ရမယ့် ခရီးစတော့တာပါပဲ။

ခြေလျင်ခရီးမှာလည်း ချောင်းရဲ့ကမ်းပါးယံနှစ်ဖက်ကနေ နှစ်ဖွဲ့ခွဲပြီး လျှောက်ကြတာပေါ့။ ကျွန်တော်လည်း ပထမတော့ ကမ်းပါးယံဘေးလေးကပ်လျှောက်လိုက်၊ ချောင်းရေစပ်စပ်မှာ လျှောက်လိုက်နဲ့အဆင်ပြေသား။ ကျောမှာလည်း ကျောပိုးအိတ်လွယ်ထားသေးရတာကိုး။ တစ်နေရာကျ ပေ(၁၅၀) အကျယ်လောက်ရှိတဲ့ ခွဲပြင်ကြီးကို ဖြတ်ရရောဗျို့။ ကျွန်တော်က ဝိတ်အနည်းငယ်ကြီးပြီး အသက်ကလည်း (၅၀)နှစ်ကျော်ပြီဆိုတော့ ခြေတစ်လှမ်းလှမ်းတိုင်း ပေါင်ရင်းလောက်ထိ နွံတွေနစ်သွားတာ။ လူကိုမြေမျိုတော့မယ်လို့ ထင်လာတော့တာပါပဲ။ အဲဒီအချိန်ကျမှ ကျွန်တော်က စဉ်းစားမိတယ်။ ၂၀၀၆ ခုနှစ်လောက်က ကျွန်တော် လယ်ဝေးမြို့နယ် ဦးစီးအရာရှိနှင့် တာဝန်ထမ်းဆောင်စဉ် မင်းပြင်ကျေးရွာနဲ့ ၁၀ မိုင် ကျော်ဝေးတဲ့ နေရာတွေမှာ အထူးအရာရှိနဲ့ တရားမဝင်သစ်နှင့် သစ်စက်တွေဖမ်းစဉ်တုန်းက အခြေအနေကိုသွားသတိရမိပါတယ်။ တစ်နေ့လုံး တစ်တောင်ဆင်း တစ်တောင်တက်နဲ့ ဖမ်းကြပြီး အပြန်ကျ နီးစပ်ရာ ရွာကနေ ညအိပ်မဲ့ရွာကို လှည်းနဲ့ လိုက်ပို့ပါတယ်။ လမ်းမှာ မိုးကလည်း သဲသဲမဲမဲရွာ၊ ကုန်းကလည်း အဆင်းဆိုတော့ လမ်းဆင်းလျှောက်ရတာပေါ့။ လမ်းကလည်းချောတော့ နောက်ဆုံးလျှောက်ဖို့ ခက်ခဲလာပါရော။ အထူးအရာရှိက ကိုချစ်ဦးရေ၊ နွားတွေက လူတွေထက် ခြေမြဲတာ ခြေလေးချောင်းပါလို့ဗျ။ ကျွန်တော် တို့လည်း လေးချောင်းလုံးသုံးလိုက်ရင် ကောင်းမယ်တဲ့။ နောက်ဆုံး ထိုနည်းလေးသုံးလိုက်တော့ အဆင်ပြေသွားတော့တာပေါ့။ အဲဒီ အတွေ့အကြုံလေးကို အမှတ်ရပြီး ကျွန်တော်လည်း လေးဘက်ထောက်ပြီး နွံပြင်ကို ဖြတ်လိုက်တာ အဆင်ပြေပြေနဲ့ကို ကျော်ဖြတ်လိုက်နိုင်ပါတယ်။ ဘာစတိုင်လည်းလို့တော့မမေးနဲ့ပေါ့။ အခက်အခဲတွေ ကျော်ဖြတ်နေရတာနဲ့ ထိုနေ့က ရည်မှန်းချက်ကို မရောက်

PDF Compressor Free Version

ဘဲ ချောင်းလေးနံဘေးက တဲပျက်လေးတွေမှာ စခန်းချရတော့တာပါပဲ။ အမှန်ပြောရရင် လူလည်းတအားမောသွားပါပြီ။ တစ်ပိုင်းကလည်း လုံခြုံရေးကောင်းလို့ စိတ်အေးရတာလည်းပါတာပေါ့။

နောက်တစ်နေ့ နံနက်ကျမှ ဝန်ထမ်းတွေနဲ့ ချောင်းရိုးတစ်လျှောက် စုဖွဲ့ရှာဖွေတော့ ဟိုနား ၁၀ လုံး တစ်ပုံ၊ (၈)လုံး တစ်ပုံနှင့် ကျွန်းသစ်တွေ အတော်ဖမ်းဆီးရမိပါတယ်။ ညနေစောင်းတော့ တောထဲမှာပဲ စခန်းချလိုက်ပါတယ်။ တရားမဝင်သစ်ဖမ်းဆီးတဲ့ နေရာကတော့ ကျောက်ဆည်မြို့နယ်ထဲက ရဲရမန်းကြီးဝိုင်းပါ။ ဇရဲမန်းကြီးဝိုင်းလို့လည်း တစ်ချို့က ပြောကြပါတယ်။ နံနက်ခင်းကျတော့ ကျွန်တော်တို့အဖွဲ့လည်း အသက်ကြီးတဲ့ သူတွေချန်ထားပြီ ရပ်စောက်အင်တောပြန့်ဘက်သွားတဲ့ သစ်တိုက်လမ်းဟောင်းအတိုင်းတက်ကြတာပေါ့။ တကယ်တော့ အသက်ကြီးတဲ့ လူတွေလို့သာပြောတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း အသက်ကြီးပါပြီ။ ဦးစီးခေါင်းဆောင်လုပ်ရတဲ့လူဆိုတော့ ကိုယ်တိုင်က နေခဲ့လို့ ဘယ်ဖြစ်မှာလဲ။ ကျွန်တော်တို့တက်လို့ တစ်နာရီကျော်လောက်ကြာတော့ ရပ်စောက်မြို့နယ်ဖက်က တောအုပ်ကြီး ခေါင်းဆောင်တဲ့ အဖွဲ့နဲ့ လမ်းမှာ တွေ့တော့တာပါပဲ။ သူတို့လည်း စစ်ဆေးရေး ညွှန်ကြားရေးမှူးက ညွှန်ကြားလို့နေမှာပါ။ မနေ့ကတည်းက ဆင်းလာတာတဲ့။ လမ်းမှာ ဘာမှမတွေ့ဘူးတဲ့။ တကယ်တော့လည်း လမ်းက သစ်တိုက်လို့ ကောင်းအောင် မကောင်းလှပါဘူး။ တောင်ကမ်းပါးတွေလည်း မတ်စောက်လှပါတယ်။ သူတို့အဖွဲ့လည်း ကျွန်တော်တို့အဖွဲ့နှင့် အပြန်လမ်းအတိုင်း ပြန်လိုက်လာပါတယ်။ ကျွန်တော်က သူတို့ကို နေ့လည်စာစားဖို့ ဖိတ်ပါတယ်။ သူတို့က မစားတော့ပါဘူး ခဏနားပြီးရင် ရပ်စောက်ဘက်ကို ပြန်မှာမို့ အဲဒီနေရာမှာပဲ လမ်းခွဲလိုက်ကြပါတယ်။ ကျွန်တော်လည်း သက်ဆိုင်ရာ ဘိနယ်တာဝန်ခံတွေကို ဖမ်းဆီးရမိတဲ့သစ်တွေကို လုံခြုံတဲ့နေရာကိုသယ်ဖို့ ညွှန်ကြားခဲ့ပြီး အပြန်ခရီးကို စတင်ပါတယ်။ အပြန်ကျတော့ နွံပြင်မရှိတဲ့ တခြားတစ်ဖက်ကနေ ကမ်းပါးယံကိုကပ်ပြီး လျှောက်ပြန်ခဲ့ပါတယ်။ စက်လှေရပ်တဲ့နေရာထိပေါ့။

တရားမဝင်သစ်ဖမ်းမိတယ်ဆိုတာကလည်း တစ်ခါတလေသတင်းပေးကြောင့် ဖမ်းမိသလို တစ်ခါတလေလည်း တိုက်ဆိုင်လို့ ဖမ်းမိတာရှိပါတယ်။ ကျောက်ဆည်မှာ နေတုန်း၊ ဟသ်ာတမှာ အလယ်တန်းကျောင်းတက်တုန်းက ငယ်သူငယ်ချင်းတစ်ယောက် မင်းစုရွာမှာရှိတော့ ရုံးပိတ်ရက်တွေမှာချိန်းပြီး ကျွန်တော်တို့ ဟန်မြင့်ပိုရ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ပါတယ်။ တစ်ခါတစ်ရံ သူအမျိုးသမီး ကျွန်တော့်အမျိုးသမီးလည်း ပါပါတယ်။ တစ်ရက် လက်ဖက်ရည်သောက်ပြီးတော့ ကျွန်တော်က သူငယ်ချင်းကို မြစ်သားပြက္ခရွေတောင်ဘက် သွားမလားလို့မေးတော့ သူကမသွားချင်ဖူးဆိုတာနဲ့ ကျွန်တော်က ကျွန်တော့်အမျိုးသမီးကို ရွာင်နယ်စပ်ထိသွားရအောင်၊ ရှုခင်းတွေလှတယ်ဆိုပြီး လင်မယားနှစ်ယောက် ကားမောင်းသွားကြတာပေါ့။ လမ်းကလည်း ဘေးမှာ ဆည်ကလွှတ်တဲ့ ရေမြောင်း၊ ဘေးနှစ်ဖက်မှာ လက်ပံပင်ကြီးတွေနဲ့ ဆိုတော့ ရှုခင်းကကောင်းလှပေါ့ဗျာ။ ကျွန်တော်ကတော့ ကားမောင်းရင်း လမ်းဘေးဝဲယာ ကြည့်လာတာပေါ့။ တစ်နေရာကျတော့ လမ်းမြောင်းကနေ လမ်းမကြီးကိုတက်လာတဲ့နေရာမှာ ၆ ဘီးကားတစ်စီးရပ်နေတာ တွေ့ပါလေရော။ သစ်တောဝန်ထမ်းဆိုတော့ တွေ့သမျှကား သစ်ခိုးကားထင်နေတော့ ကျွန်တော်က ကျွန်တော့်အမျိုးသမီးကို ဟိုကားက သစ်ကားထင်တယ်လို့ ပြောပါလေရော။ အမျိုးသမီးက ရှင်တို့ကလည်း ကားတိုင်းအဲ့လိုထင်နေတာပါပဲလို့ ပြန်ပြောလေရဲ့။ တစ်မိုင်ကျော်လောက် မောင်းပြီးမှ ကားအပေါ်သံသယဖြစ်တာနဲ့ ကားကိုပြန်လှည့်ပြီး သွားကြည့်ပါတယ်။ မိုးကာအုပ်ထားတာကိုလှပ်ပြီး အနံ့ခံလိုက်တော့ သစ်နံ့ရတော့တာပါပဲ။ ကားက လမ်းမြောင်းကနေ အတက်မှာ ဘီးချော်ပြီးဝင်ရိုးနဲ့ မြေကြီးကိုတိုက်မိသွားတာကိုး။ ဒါနဲ့ ကျွန်တော်လည်း ဝန်ထမ်းတွေ ဖုန်းဆက်ခေါ်ပြီး ဖမ်းလိုက်ရပါတယ်။ စပယ်ယာလေးကလည်း ကျွန်တော့် ဘေးလာကပ်နေတာဆိုတော့ လူရောသစ်ရောမိတာပါပဲ။ ကျွန်း၊ ပိတောက် (၉) တန် ကျော်မိပါတယ်။ ဒါကြောင့် သစ်လုပ်ရင်နတ်ကြီးတယ်ဆိုတာ ယုံရမလိုပါပဲ။

ကျွန်တော်တို့လည်း အပြန်ခရီးကို စက်လှေနဲ့ ပြန်ခဲ့ကြပြီး မြစ်ထဲမှာ ဖုန်းမိတဲ့နေရာကြမှပဲ စစ်ဆေးရေးညွှန်ကြားရေးမှူးဆီကို အစီရင်ခံပါတယ်။ တိုင်စာနေရာမှာတော့မမိပါဘူး။ ကျောက်ဆည်ဘက်ခြမ်းမှာတော့ ကျွန်းသစ်တန် (၂၀)ကျော်မိပါတယ်လို့။ ပြီးမှ မန္တလေးတိုင်းညွှန်ကြားရေးမှူးကို အစီရင်ခံပေါ့။ တရားမဝင်သစ် ဖမ်းဆီးရေးဆောင်ရွက်ရာမှာလည်း မြို့နယ်ဝန်ထမ်းတွေမှအစခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်အထိ ဘယ်သူ ဖမ်းဖမ်း ဖမ်းတာပါဘဲ။ တစ်ချို့ကလည်း ကိုယ်ကိုယ်တိုင် မပါတောင် ဖမ်းပြီးမှအပြေးအလွှားသွားရောက်ပြီး ပါသယောင်လုပ်နေကြပါတယ်။ မြို့နယ်ခရိုင်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွေဟာ ဌာနအလုပ်ရော၊ ဌာနနဲ့ မဆိုင်တဲ့ ဆက်စပ်တဲ့ အလုပ်တွေရော လုပ်နေကြလို့ အလုပ်များကြပါတယ်။ အရာရှိများအနေဖြင့် လက်အောက်ဝန်ထမ်းများ အပေါ် စိတ်စေတနာကောင်းကောင်းနဲ့ကောင်းသော စီမံခန့်ခွဲမှု၊ ကောင်းသော လမ်းညွှန်သွန်သင်မှု၊ အထက်အောက်ဆက်ဆံရေးကောင်းကောင်းမွန်မွန်နဲ့ ဆောင်ရွက်ကြမည်ဆိုလျှင် သစ်တောဌာနကြီး၏ ဂုဏ်သတင်းကောင်းမွန်လာမည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

သစ်တောကြေးမုံ (၂၀၂၂ခုနှစ်၊ စက်တင်ဘာရိုလ)တွင် ဖော်ပြပါရှိသည့် ဆရာ ချစ်ဦး(ဒွ၂)၏ လွမ်းဆွတ်သတိရခြင်း(၃)ဆောင်းပါး၊
စာမျက်(၂၉) ဒုတိယကော်လံ၊ ဒုတိယအပိုဒ်တွင် "နော်ဝေးလံနိုင်ငံ" အစား " ဝေးလံနိုင်ငံ " ဟုဖြင့်ဆင်ဖတ်ရှုပါရန်

PDF Compressor Free Version

ဘေမှာင်ခြားတဲ့ နေ့ညများနဲ့ ဘေ . .



အောင်ကျော်(ရမည်းသင်း)

ကျွန်တော်နေထိုင်ရာမြို့လေးရဲ့ အရှေ့ဘက် (၄)မိုင်ခန့်အကွာမှာ ရွာလေးတစ်ရွာရှိပါသည်။ ထိုရွာလေးမှာ လယ်ယာလုပ်ကိုင်စရာနဲ့ အခြားရင်းနှီးလုပ်ကိုင်စရာမရှိသောသူအချို့ဖြစ်မည်ထင်ပါသည်။

မနက်စောစောအချိန် စက်ဘီးလေးတွေ အတန်းလိုက်စီးလို့ ဝမ်းရေးအတွက် ထွက်လာကြသူများ စက်ဘီးကတုံးလေးနောက်မှာ ဓားမတစ်ချောင်းနောက်ထိုင်ခုံပေါ်မှာ ဝါးဆစ်တုတ်တိုလေး နှစ်ချောင်းအား ကြိုးသုံးချောင်းလောက်ဖြင့်ချည်နှောင်ထားပါသည်။ စက်ဘီးလေးရဲ့ ရှေ့လက်ကိုင်မှာတော့ အင်ဖက်စိမ်းစိမ်းလေးဖြင့် ထုတ်ထားသောအထုတ်ကလေးတစ်ထုတ် ကြွပ်ကြွပ်အိတ်လေးထဲထည့်ကာ ချိတ်ထားကြပါသည်။ ကျွန်တော်လည်း သူတို့အဖွဲ့ကို ကျော်၍ စူပါကပ်အစုတ်ကလေးဖြင့် မိမိတာဝန်ကျရာတောင်တန်းသို့မောင်းနှင်လို့ ထွက်ခွာလာခဲ့ပါသည်။

တာဝန်ကျရာနေရာလေးရောက်တော့ စခန်းတဲမှာ ခဏနားပြီးတော့ မိမိနှင့် တွဲဘက်တာဝန်ကျညီလေးနဲ့အတူ သစ်၊ ထင်းခုတ်ခြင်းမရှိစေဖို့ တောပတ်ကာကင်းလှည့်ပါသည်။ တောလှည့်ပတ်ရင်း နံနက်(၁၁)နာရီထိုးခါနီး တောင်ဇ၊ တစ်ဝက်နေရာလောက်မှာ တဒုတ်ဒုတ်နဲ့ ထင်းခုတ်သံများကြားနေရပါသည်။ အသံကြားရာ လှမ်းကြည့်လိုက်တော့ အမျိုးသား (၃) ဦးမှ (၂)ဦးက လက်မွေ့စာထင်းစည်းလေးများအားတံပိုးလျှိုလို့ ထမ်းဆင်းလာကြပါသည်။ ကျန်တစ်ဦးကတော့ ထင်းများပိုင်းဖြတ်နေဆဲ ကျွန်တော်တို့လည်း သူတို့ရှိရာအတက် သူတို့ကလည်းဆင်းလာကြတော့ လမ်းမှာဆုံကြတာပေါ့.. မြင်လိုက်ရတော့ ထင်းအခြောက်ကလေးများဖြစ်ပါသည်။

'အေးဗျာ.. အစ်ကိုတို့ရေ ထင်းအစိုတွေခုတ်နေတယ် မှတ်လို့ဗျာ'

သူတို့ထဲမှ တစ်ယောက်က 'ထင်းအစိုမခုတ်ပါဘူးဗျာ.. ဆရာတို့ခုတ်ဆိုရင်တောင်မခုတ်ဘူးဗျာ၊ ဘာလို့လဲဆိုတော့ ဝမ်းရေးအတွက် တစ်ရက်စာ တစ်ရက်ရှင်းနေရလို့ပါ.. ထင်းအစိုဘယ်သူမှမဝယ်ဘူးလေ.. ထင်းခြောက်မှ ဆုလွယ်နပ်လွယ်ရောင်းရတာ။ အဲ့ဒါကြောင့် မတ်တပ်ခြောက် ကိုင်းခြောက်လေးတွေရှာ.. အပေါ်မှာတင် ပိုင်းဖြတ်ပြီး တစ်နှိုင်ထမ်းဆင်းလာရတာပါပဲ'

'ဒါနဲ့ .. ဘယ်အထိသယ်ရမှာလဲဗျာ'

'တောင်အောက်မှာ စက်ဘီးတွေပါတယ်ဆရာ၊ ဇီးပင်အောက်အရိပ်ကိုပါ အဲ့မှာထမင်းစားနားကြမှာ လိုက်စားကြပါလား' လူတွေမွဲပေမယ့် စေတနာမမွဲကြပါဘူး။ 'ကဲပါ.. အစ်ကိုတို့ပဲစားကြပါ.. ကျွန်တော်တို့ ဒီလျှိုလေးအတိုင်း ပတ်လိုက်ဦးမယ် ပြီးမှဝင်ခဲ့' ပြောပြီး ညီအစ်ကိုနှစ်ယောက် လျှိုလေးထဲ ဆင်းခဲ့ကြပါသည်။ လျှိုလေးအတိုင်းဆင်းပြီး တောင်ခြေရောက်တော့ သူတို့နားနေကျဆီးပင်ကြီးဆီသို့ ရောက်သွားကြပါတယ်၊ သုံးယောက်သားပါလာတဲ့ အထုတ်ကလေးတွေဖြည်လို့ ဝိုင်းဖွဲ့စားနေကြလေရဲ့ ..ကျွန်တော်လည်း 'ဘာဟင်းတွေနဲ့ စားနေကြလဲဗျာ' ဆိုပြီး ပြောပြောဆိုဆို ကြည့်မိလိုက်တော့ တစ်ဦးက ဘယာကြော်နှစ်ခုနှင့် ငရုတ်သီးအစိမ်းတောင့်လေးနဲ့ နောက်တစ်ယောက်က ဆီမပါတဲ့ ရှေယင်းမာ ပဲလှော်ထုတ်ကလေးရှေ့ချလို့ ကျန်တဲ့တစ်ယောက်ကတော့ ရှားရဲ့လက်ဖက်ထုတ်လေးဖွင့်လို့ ထမင်းမြှုံခဲလေး ကိုက်လိုက်ကြ သူတို့ရှိတာလေးတွဲဖက်လို့ ရေလေးမော့လိုက်အစာမျှောလိုက်လို့ ဝမ်းကလေးတွေဖြည့်နေကြပါသည်။

အတော်ပင်စိတ်မကောင်း ဖြစ်မိပေမယ့် 'မြန်ရာဟင်းကောင်းပေါ့ အစ်ကိုတို့ရာ.. ဆာတဲ့အချိန် ဘာနဲ့ဖြစ်ဖြစ်ကောင်းပါတယ်'လို့ နှစ်သိမ့်အားပေးရင်းမိမိတို့တာဝန်နှင့် ကျန်ရှိတောလေးများ ထိန်းသိမ်းထားကြောင်း ပြောပြလိုက်ပါတယ်။ သူတို့လည်းထမင်းစားပြီးပြီမို့ သူတို့ နားခိုရာ ဆီးပင်ကြီးအောက်မှ ကျွန်တော်တို့လည်း ကျန်တဲ့အပိုင်းလေးဆက်ပြီး ကင်းလှည့်ဖို့ ပြန်ထွက်ခွာလာခဲ့ကြပါသည်။

ညနေ ၄ နာရီ နေဝင်ချိန်လေးရောက်တော့ ကျွန်တော်လည်း ညီတော်မောင်အား နှုတ်ဆက်ပြီး မနက်ရုံးတက်ရမည်ဖြစ်လို့ ညမအိပ်ဖြစ်ဘဲ ကျွန်တော်နေထိုင်ရာ မြို့လေးသို့ စီးတော်ကပ်ဖြင့် ပြန်ထွက်လာခဲ့ပါသည်။ အနောက်အရပ်သို့ နေလုံးကြီးကလည်း တဖြည်းဖြည်း နှုတ်ဆက်ချိန် ၅နာရီလောက်မြို့အဝင်နားပင် ကျွန်တော်ရောက်လာပါပြီ။ ဟောဗျာ.. တွေ့ပြန်ပါပြီ၊ ကျွန်တော့်မိတ်ဆွေများ စက်ဘီးကလေးတွေစီးလို့ သီချင်းလေးတကျော်ကျော်နဲ့ သူတို့ကိုမကျော်ဘဲ နောက်ကနေလိုက်ကြည့်မိပါသည်။

မြို့အဝင် လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ရှေ့ရောက်တော့ စက်ဘီးကလေးတွေရပ်လို့ 'ထင်းဝယ်ကြဦးမလားဗျို့၊ ထင်းကအသားလည်း ကောင်းပါတယ်၊ ခြောက်လည်းခြောက်ပါတယ်'

PDF Compressor Free Version

ပြောနေရင်း ဆိုင်ရှင်အမျိုးသမီးကြီးတစ်ဦးထွက် လာပြီး ထင်းစည်းတွေကိုင်ကြည့်လိုက် စက်ဘီးနောက် တစ်စီး ပေါ်က ထင်းကြည့်လိုက်နဲ့..

'ဘယ်လောက်လဲ' '၆ ထောင်အစ်မ'

'မျှားတယ် ၄ ထောင်ထား'

'မလုပ်ပါနဲ့အစ်မရယ်.. ၅ ထောင်တော့ပေးနော်'

'မပေးဘူး ၄ ထောင်ရရင်ယူမယ်.. မရရင်မယူဘူး' ဆိုတော့ သုံးယောက်သား တစ်ယောက်နဲ့တစ်ယောက် မေးငေါ့ကြပြီး အလင်းရောင်လေးရှိတုန်း လည်ပတ် ရောင်း မည်ထင်ပါရဲ့ မရောင်းဘဲထွက်လာကြသည်။

မြို့လယ်လမ်းဆုံရောက်တော့ တစ်ယောက် တစ်နေရာဆီလမ်းခွဲကြပါသည်။ နေရာခွဲရောင်းမယ် ထင်ပါတယ်၊ ကျွန်တော်လည်း သုံးယောက်လုံးနောက် မလိုက်နိုင်တော့ အနောက်ဘက်သွားတဲ့သူတစ်ဦးနောက်လိုက် သွားလိုက်ပါသည်။ နေလုံးကြီးကလည်းဝင်သွားပြီး ည အမှောင်ကလည်း နေရာအပြည့်ယူလာပြီ.. မြို့ပြရဲ့လျှပ်စစ်မီး အလင်းရောင်ကလည်း အစားထိုးလို့ လင်းလာနေပါပြီ သူလည်းပဲ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ နောက်ဆုံးတော့ မြို့တောင်ဘက် ထမင်းဆိုင်လေးတစ်ဆိုင်မှာ ရတဲ့ဈေးနဲ့ ရောင်းလိုက်သည်ဖြစ်မည်။

ထင်းစည်းလေးတွေ စက်ဘီးပေါ်ကချပြီး ဆိုင်နောက်ထဲထိ ဝင်ပို့ပေးခဲ့ပါသည်။ ထမင်းဆိုင်ကနေ သူလည်းထွက်ရော.. ကျွန်တော်လည်းထမင်းဆိုင်ကို မေးကြည့်တယ်၊ ဘယ်လောက်နဲ့ဝယ်လိုက်သလဲဆိုတော့ ၃၅၀၀ နဲ့တဲ့ အော် ၄၀၀၀နဲ့ မရောင်းဘဲ ဘာလို့ ၃၅၀၀ နဲ့ရောင်းလည်း တွေးကြည့်တာပေါ့၊ အချိန်ကလေးရှိတော့ ဈေးလေးများပိုရမလားဆိုပြီး မရောင်းဘဲပတ်နေတာ ဖြစ်နိုင်ပါတယ်လေ။ အခုက မိုးကလည်းချုပ်ပြီ အစောကလက်ဖက်ရည်ဆိုင်လည်း ပြန်မသွားချင်လို့ဖြစ်မယ်.. ဒါနဲ့ သူနောက် ကျွန်တော်ဆက်လိုက်ကြည့်ပါတယ်။ သူနေထိုင်ရာ ရွာဘက်အထွက် ရပ်ကွက်အိမ်ဆိုင်လေး တစ်ဆိုင်ထဲသူဝင်သွားတယ်။ ပြန်ထွက်လာတော့ ကြွပ်ကြွပ်အိတ် တစ်ထုပ် ဆွဲလာတယ်။ သူလည်းအိမ်ဆိုင်လေးကထွက်ရော ကျွန်တော်ထပ်စပ်စုပါတယ်၊ အဲ့ အစ်ကို ဘာတွေဝယ်သွားလဲဗျာဆိုတော့ ဆိုင်ရှင်ဦးလေးကြီးက 'ဆန်ရယ် ရှူးရဲ့ လက်ဖက်ရယ် ငါးသေတ္တာဗူးလေး တစ်ဗူးရယ် မုန့်ထုတ်လေး ၅ထုတ်ရယ်ပါ' 'အော် ဟုတ်ကဲ့ ကျေးဇူးပါနော်' လို့ပြောပြီး သူ့နောက်ထပ်လိုက်သွားပါသည်။

တောအရက်ရောင်းတဲ့ဆိုင်ဘက်ကို စက်ဘီးလေးနင်းသွားတယ်၊ သိပ်မကြာဘူး.. သူပြန်ထွက်လာတယ်၊ ပါဆယ်ဆွဲလာတာထင်ပါတယ်။ ပြီးတော့ သူစက်ဘီးလေးစီး သူနေထိုင်ရာရွာလေးသို့ ပြန်သွားပါတော့တယ်။ ကျွန်တော်လည်းမထူးပါဘူးဆိုပြီး .. နောက်ကနေဆက်ပြီး လိုက်ကြည့်ပါတယ်။ ညကမှောင်လာတော့ ပျောက်သွားမှာ လည်းစိုးတော့ မလှမ်းမကမ်းကနေ မြင်သာရုံလေးလိုက် သွားလိုက်ပါတယ်၊ ရွာလမ်းကွေ့ကောက်လေးစီးရင်း သူအိမ်ဝန်းလေးထဲ ဝင်သွားပါသည်။ ကျွန်တော်လည်း အိမ်နဲ့ကပ်နေသော စည်းရိုးအပင်နားကနေ ဆက်ကြည့်နေပါသည်။ ၃ပင် ပတ်လည်တဲသာသာ ယိုင်နဲ့နဲ့အိမ်ကလေး အမိုးတစ်ခြမ်းမှာလည်း မိုးကာအုပ်ထားပါသည်။ ရှေ့ကွပ်ပျစ်လေးမှာ ကလေးလေးတွေထိုင်နေကြပါသည်။

'ဟေ့ .. အဖေပြန်လာပီကွ .. အဖေကြီးမိုက်ဆာနေပြီ၊ မုန့်ပါလားအဖေ'

'အေး.. ပါပါတယ်ကွာ' ပြောပြောဆိုဆို သူ စက်ဘီးလေးကို ခေါင်းရင်းကတိုင်ခြေမှာ မှီခဲ့ပြီး အထုတ်ကလေးဆွဲလို့ မုန့်လေးတွေဝေပေးနေပါတယ်။ အိမ်နောက်ဖေးခြံစည်းရိုးမရှိတဲ့ အပင်ကြားကနေ အမျိုးသမီးတစ်ဦးရင်ခွင်ပိုက်ကလေးငယ်လေးအား ပွေ့ချီပြီးဝင်လာခဲ့ပါတယ်

'ဟဲ့.. မိန်းမမိုးချုပ်ကြီး ကလေးငယ်နဲ့ ဘယ်ထွက်နေတာလဲ'

'တော် ပြန်မလာသေးလို့ပါတော်.. တော့်လည်းပူရ ကလေးတွေက ဗိုက်ဆာလို့ တကျိကျိ၊ ဒါနဲ့ ကျုပ်လည်း ရွာလယ်ကဆိုင်က ဆန်လေး၂ ပူးလောက် အကြွေးသွားယူမလို့ .. တော်လာတာမြင်လို့ မယူတော့ဘူးလေ'

'အေးပါကွာ .. ကဲ မိန်းမ ထမင်းချက်ကွာ ကလေးငါ့ပေး တလက်စတည်း ကော်ခွက်ကလေးငါ့ပေးခဲ့ဦး' ဆိုပြီး ပါလာတဲ့ပါဆယ်လေးထည့်ကာ သူ့ရဲ့တစ်ရက်တာ ရှူးရှဲအိတ်လေးဖွင့်လို့ အပန်းဖြေဖို့ပြင်နေပါသည်။

ကျွန်တော်လည်း အကုန်မြင်ကြားနေရပြီမို့ 'အစ်ကို ရေ ခဏဝင်ခဲ့ဦးမယ်' 'ဘယ်သူလဲ လာခဲ့လေ' ဆိုတော့ ကျွန်တော်သူ့အိမ်ဝန်းလေးထဲ ဝင်လိုက်ပါသည်။ 'အော် ဘယ်သူလဲမှတ်တယ်.. မနက်ကဆရာပဲ .. လာ အပေါ်တက်လေ ဖြည်းဖြည်းတက် ကြမ်းတွေက နည်းနည်းဆွေးနေပြီ ဘာရှိလို့လဲ'

'ဘာမှမရှိပါဘူးဗျာ .. အစ်ကို့နောက် ကျွန်တော်လိုက်ကြည့်နေတာ ဒီအထိပါပဲ'

'အော် .. ဒါဆိုလည်း ကျွန်တော်တို့တဝ သိလောက်ပါပြီ၊ ဒီကလေးတွေက ကျွန်တော့်ရင်ခွင်ထဲမှာ အိပ်နေတဲ့ သမီးလေးလို ၂နှစ်လောက်ထိ စိမ်းနေကြတာ ခေါ်မရဘူး။ ဘာလို့လည်းဆိုတော့ဆရာရယ်.. သူတို့မနိုးခင် ကျွန်တော် အထွက်၊ သူတို့အိပ်မှ ကျွန်တော်ကပြန်ရောက်တာလေ အဖေမျက်နှာမှ မမြင်လိုက်ရတာ .. ဒီလိုနဲ့ ဒီအရွယ်လေးတွေရောက်လာတာပါပဲ။

ဒီလိုပဲပေါ့အစ်ကိုရာ .. စိတ်ဓာတ်မကျပါနဲ့ ရိုးသားတဲ့သူတွေအတွက် တချိန်ချိန်တော့ အစ်ကိုရဲ့အမှောင်ခြားတဲ့နေ့တွေ လင်းလက်လာမှာပါ။ ကဲ အစ်ကိုရေ ကျွန်တော်လည်းမိုးချုပ်ပြီမို့ ပြန်ဦးမယ်ဗျာ .. အစ်မရေပြန်ပြီဗျာ'

သူတို့မိသားစုလေးအားနှုတ်ဆက်ရင်း စိတ်မကောင်းစွာနဲ့ အတိတ်ကံကို ပုံချရင်း ယိုင်နဲ့နဲ့အိမ်ကလေးရှိရာမှ ပြန်ထွက်လာပါတော့လေသည်။ ။

PDF Compressor Free Version

နောက်ကျောဖုံးမှ အဆက်

မြန်မာနိုင်ငံတွင် အထက်အောက် မြန်မာနိုင်ငံ အနှံ့အပြားရှိ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၃၅၀၀ အထိ အထက်ရွက်ပြတ်ရောနှောသော–တောစိုနှင့် အောက်ရွက်ပြတ်ရောနှောသောတောစိုများတွင် သဘာဝအတိုင်း ကြီးမားသန်စွမ်းစွာပေါက်ရောက်ကြသည်။ သို့ရာတွင် ယမနေပင်များသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၀၀ ကျော်၌လည်း ရံဖန်ရံခါပေါက်ရောက်နေသည်ကို တွေ့ရတတ်သည်။

အထက်ရွက်ပြတ်ရောနှောသော ခြောက်သွေ့တောများ၌လည်း သေးကွေးကြုံလှီစွာဖြင့်လည်းကောင်း၊ အမြစ်မိမ်းတောများ၌လည်း အနည်းငယ်ပေါက်ရောက်သည်ကိုတွေ့ရှိရသည်။ ယမနေပင်များသည် မြေသြဇာ ကောင်းမွန်ထက်သန်သည့် စွတ်စိုသောမြေမျိုးကို ကြိုက်နှစ်သက်သော်လည်း ရေဝပ်သောနေရာများတွင်မူ ပေါက်ရောက်ခြင်းမရှိကြပေ။ ခြောက်သွေ့သောသဲမြေ သို့မဟုတ် မြေသြဇာညံ့ဖျင်းသောအရပ်ဒေသတို့၌ ယမနေပင်များ ပေါက်ရောက်ကြသော်လည်း အပင်များမှာကြုံလှီလျက်ကြီးမားထွားကြိုင်းခြင်းလည်းမရှိကြပေ။

ယမနေပင်များ သဘာဝအလျောက်ပေါက်ရောက်သည့်မူရင်းဒေသ၏ရာသီဥတုမှာ အရိပ်အာဝါသ အောက်တွင် အမြင့်ဆုံးအပူချိန်မှာ ၁၀၀ မှ ၁၁၈ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ အရိပ်အာဝါသ အောက်၌ ၃၀ မှ ၆၀ ဒီဂရီဖာရင်ဟိုက်အထိဖြစ်ပြီး နှစ်စဉ်ရွာသွန်းသည့်မိုးရေချိန်မှာ ၃၀ လက်မမှ ၁၈၀ လက်ကျော်အထိဖြစ်သည်။

ပုံသဏ္ဌာန်

ယမနေပင်သည် အလတ်စားအပင်ကြီးမျိုးဖြစ်ပြီး အရွယ်ရောက်သည့်အပင်ကြီးများသည် ပေ ၆၀ မှ ၈၀ အထိနှင့် ပင်စည်မှာ ရင်စို့လုံးပတ် ၆ ပေမှ ၈ ပေအထိကြီးမားကြသည်။

ယမနေပင်သည် နှစ်စဉ်ရာသီအလိုက် အရွက်ကြွေသောအပင်ကြီးမျိုးဖြစ်သည်။ အရွက်များမှာ ရွက်ရိုးရွက်ဆိုင်ဖြစ်ပြီး ဘဲဥပုံရှိ၍ ရွက်ရင်း၌ ညောင်ရွက်ကဲ့သို့ နှစ်လုံးပုံအဟိုက်ပါရှိသည်။

အရွက်များသည် ကျယ်ပြန့်ပြီး အရွက်ဝိုင်းသော်လည်းထိပ်ဖျားချွန်သည်။ အရွက်၏အောက်မျက်နှာပြင်မှာ စိမ်းပြာသောအရောင်ဖြစ်သည်။ အရွက်များမှာ အလျား ၅ လက်မကျော်ခန့်ရှိပြီး ရွက်ညှာချောမွတ်ပြီး မီးခိုးရောင်ဖျော့ဖျော့အရောင်အသွေးရှိပြီး အတွင်းအခေါက်အရောင်မှာအဝါရောင်ဖြစ်ပါသည်။ အခေါက်ကို ဓားဖြင့်ခုတ်ခွာပြီး လေသလပ်ထားပါက ခဏတာအတွင်း အခေါက်အရောင်မှာ ချက်ခြင်းအညိုရောင်သို့ပြောင်းလဲသွားသည်။ အပင်များကြီးရင့်လာသည့်အခါ ရွက်အုပ်များမှာကျဲပြီး အရွက်အရောင်မှာလည်း အရောင်ဖျော့လာ၍ ချောမွတ်သော ပင်စည်ကိုလည်း ထင်ရှားစွာ တွေ့မြင်ရသည်။ ယမနေရွက်များမှာ များသောအားဖြင့် ပိုးကိုက်ထားသည့်အတွက် အမြဲတမ်းအပေါက်များဖြစ်ပေါ်လျက်ရှိတတ်သည်။ သာမန်အားဖြင့် ယမနေရွက်များသည် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတွင် ရွက်ဟောင်းများ ကြွေကျပြီး မတ်လနှင့်ဧပြီလတွင် ရွက်နုရွက်သစ်များ ပြန်ထွက်လေ့ရှိသည်။

ယမနေပင်သည် လှပသောအပင်ဖြစ်သော်လည်း နွေရာသီအချိန်၌ နှစ်လခန့်မျှ အရွက်မရှိဘဲနေတတ်သည်။ ထိုအချိန်၌ တောက်ပသည့်ဝါညိုရောင်ရှိသော ပန်းပွင့်များ ထွက်ပေါ်လာကြသည်။ တစ်ခါတရံ ပွင့်ခက်များသည် ရွက်နုများနှင့်အတူ ထွက်ပေါ်လာတတ်သည်။ အရွယ်မညီသောယမနေပွင့်ဖတ်များတို့သည် ပန်းပွင့်ပြီးတိုတောင်းသည့်အချိန်ကာလအတွင်း ကြွေကျကုန်သည်။

အသီးများမှာ ဇပြီလတွင် စတင်သီးကြပြီး ဇူလိုင်လတွင်ရင့်မှည့်ကြသည်။ ရင့်မှည့်သည့်အသီးများမှာ တစ်လက်မခန့်ရှည်၍ ချောမွတ်ပြီး ကြက်ဥပုံသို့မဟုတ် ရှည်မျောမျောပုံဖြစ်သည်။ အသီးများနုစဉ်အခါတွင် အစိမ်းရောင်ရှိပြီး ရင့်မှည့်သည့်အခါ အဝါရောင်သို့ ပြောင်းလဲသွားကြသည်။ သားရေကဲ့သို့ မာ၍ပြောင်လက်နေသော အသီးခွံအောက်တွင် ချိုမြသောအသားဖတ်နှင့်မာကျောသောအစေ့များပါရှိသည်။ အသီးမှည့်များမှာ ခြောက်သွေ့လျှင် အရောင်မည်းသွားတတ်သည်။

အစေ့အရွယ်အစားမှာ ၀.၆ လက်မ မှ ၀.၉ လက်မခန့်ရှည်ပြီး ကြက်ဥပုံဖြစ်၍ တစ်ဖက်စွန်းတွင် အနည်းငယ်ချွန်သည်။ ယမနေသီးအမှည့်ကို ချေနှင့်ဆတ်တို့ အလွန်ကြိုက်နှစ်သက်ကြသည်။ သာမန်အားဖြင့် ယမနေသီးတွင် အစေ့အိမ်နှစ်ခုပါရှိပြီး အစေ့နှစ်စေ့သာပါရှိတတ်သော်လည်း တစ်ခါတရံအစေ့အိမ် ၃ ခုနှင့် အစေ့သုံးစေ့လည်းပါရှိတတ်သည်။ ယမနေပင်သည် နှစ်စဉ်ကောင်းစွာ အသီးသီးသောအပင်မျိုးဖြစ်သည်။

မျိုးဆက်ခြင်း

ယမနေစေ့များကိုစုဆောင်းလိုလျှင် ရင့်မှည့်ပြီး ကြွေကျသည့်အသီးများကို မြေပေါ်မှကောက်ယူ၍ အသီးခွံဖတ်များဖယ်ရှားပြီး အစေ့များကို ရေဖြင့်ပွတ်တိုက် ဆေး

PDF Compressor Free Version

ကြော နေလှန်းအခြောက်ခံရသည်။ ၄င်းနောက် ပျိုးဥယျာဉ်တွင် လိုအပ်သလိုပျိုးထောင်နိုင်ပါသည်။ အခွံနှင့် အသားဖတ်များကိုဖယ်ရှားပြီးနောက် ကောင်းမွန်စွာ ခြောက်သွေ့သောယမနေစေ့များကို တစ်နှစ်ကြာအောင် သိုလှောင်သိမ်းဆည်းထားနိုင်သည်။

လတ်ဆတ်သောယမနေစေ့များကို ပျိုးထောင်ရာတွင် ၉၀ ရာခိုင်နှုန်းခန့်အပင်များ ပေါက်ရောက်နိုင်သော်လည်း တစ်နှစ်ကြာအောင် သိုလှောင်သိမ်းဆည်းထားသည့် အစေ့များကိုပျိုးထောင်ပါက ၃၀ ရာခိုင်နှုန်းခန့်သာ အောင်မြင်သည်ကို စမ်းသပ်တွေ့ရှိရသည်။ အစေ့များကိုမပျိုးထောင်မီပြုပြင်ပေးရန်လည်းမလိုအပ်ပေ။

ယမနေစေ့တစ်တင်းသည် အလေးချိန် ၄၅ ပေါင်စီးပြီး အစေ့ပေါင်းပျမ်းမျှ ၄၈၀၀၀ ခန့်ပါရှိသည်။ အစေ့အလေးချိန် တစ်အောင်စလျှင် အစေ့ပေါင်း ၄၀ မှ ၅၀အထိပါရှိသည်။

ယမနေသီးအမှည့်များကို ကျွဲ၊ နွား၊ ချေနှင့်ဆတ်တို့စား၍ အစေ့များကို အညစ်အကြေးအဖြစ်စွန့်ပြစ်ခြင်းကြောင့် ဓမ္မတာမျိုးဆက်ပြန့်ပွားခြင်းကိုဖြစ်စေပါသည်။ ယမနေပင်သည် ဝတ်တက်ထွက်စွမ်းအားကောင်းသောကြောင့်တောမီးလောင်သည့်အခါ မီးနာသည့် အပင်ငယ်များကို ဝတ်တက်ချွန်ပေးခြင်းအားဖြင့် အပင်သစ်များ သန်စွမ်းစွာပေါက်ရောက်လာပါသည်။ ဓမ္မတာမျိုးဆက်သည့်အပင်များကို ကျွဲ၊ နွားတိရစ္ဆာန်များသည် အရွက်နှင့်ပင်စည်ရှိအခေါက်ကို စားခြင်းကြောင့်လည်း အပင်များ သေကြေပျက်စီးရလေသည်။

ယမနေစိုက်ခင်းများကို ကျွန်းစိုက်ပျိုးသကဲ့သို့ တောင်ယာစနစ်ဖြင့် စိုက်ပျိုးတည်ထောင်နိုင်ပါသည်။ ပျိုးဥယျာဉ်တွင် ယမနေစေ့များကိုပျိုးထောင်ရာ၌ ရေ ကောင်းစွာစီးဆင်းနိုင်ရန်အတွက် ပျိုးဘောင်များကို အနည်းငယ်မြှင့်တင်ထားပေးရသည်။ အစေ့များကို၃ လက်မအကွာ အဝေးနှင့် လက်မဝက်အနက်တွင်ပျိုးထောင်ရသည်။ ၁၀ ရက်မှ ၁၅ ရက်အတွင်း အစေ့များမှအပင်ငယ်များ ပေါက်ရောက်ကြပြီး အစေ့များ လတ်ဆတ်ကောင်းမွန်ပါကအပင်များ ၉၀ ရာခိုင်နှုန်းခန့်အထိပေါက်ရောက်ကြသည်။

ယမနေစေ့များ၏ အပင်ပေါက်ရောက်မှုနှုန်းမှာ ကွဲပြားခြားနားမှုရှိသောကြောင့် ပန္နက်များ၌ အစေ့များ တိုက်ရိုက်မြေချစိုက်ပျိုးခြင်းမပြုလုပ်ဘဲ ပျိုးအိတ်များဖြင့် ပျိုးထောင်ထားသည့် တစ်နှစ်သားပျိုးပင်များကိုသာ စိုက်ပျိုးသင့်သည်။ ကျွန်းပင်များကဲ့သို့ တစ်နှစ်သား ဝတ်တက်ကိုစိုက်ပျိုးရာ၌လည်း ကောင်းစွာအောင်မြင်သည်ကို တွေ့ရှိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်ကြိုးပိုင်းအတွင်း ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ယမနေစိုက်ခင်းများကို တည်ထောင်ခဲ့ဖူးပါသည်။ တည်ထောင်ရာတွင် အခက်အခဲများစွာကြုံတွေ့ရသဖြင့် ၄င်းကိုဆက်လက်မစိုက်ပျိုးတော့ဘဲ ရပ်ဆိုင်းလိုက်ရပါသည်။

တွေ့ရှိရသောပြဿနာများမှာ–(၁)ဒေသအနည်းငယ်မှလွဲ၍စိုက်ပျိုးရန် သင့်လျော်သည့်မြေနေရာများ ရရှိရန်ခဲယဉ်းခြင်း (၂) စိုက်ပျိုးထားသည့်အပင်များကိုကျွဲ၊ နွား တိရစ္ဆာန်များနှင့် ချေ၊ ဆတ်တို့ဖျက်ဆီးခြင်း (၃)ပိုးမွှားများစွာက အလွယ်တကူဖျက်ဆီးခြင်း (၄)ကျီးပေါင်းပင်များ အမြောက်အမြားဖျက်ဆီးခံရခြင်းတို့ကြောင့်ဖြစ်သည်။

၄င်းအပြင် ယမနေစိုက်ပျိုးနိုင်သော မြေနေရာများသည် ကျွန်းနှင့်ပျဉ်းကတိုးပင်များ ကောင်းစွာပေါက်ရောက်နိုင်သောနေရာများဖြစ်သည့်အတွက် ယမနေပင်ထက်ပိုမိုရှိတန်ဖိုးရှိသောကျွန်းနှင့် ပျဉ်းကတိုးပင်တို့ကို ဦးစားပေးစိုက်ပျိုးရန်လိုလားသည့်အတွက်လည်းဖြစ်သည်။ ယမနေပင်သည် မြေသြဇာကောင်းမွန်ထက်သန်ပြီး ရေစီးရေလာကောင်းသည့်မြေများတွင် ကြီးထွားမှုလျင်မြန်ပြီး အထူးသဖြင့် ဒုတိယနှစ်မှစ၍ လျင်မြန်စွာကြီးထွားပေါက်ရောက်ကြသည်။

ယမနေပင်များသည် အောက်ပေါင်းများနှင့် ယှဉ်ပြိုင်၍ ပေါက်ရောက်နိုင်သော်လည်း အောက်ပေါင်းများကိုဖယ်ရှားပေးပါက ပိုမိုကြီးထွားစွာပေါက်သည်ကိုတွေ့ရှိရသည်။ ကြပ်တည်းသော မြေစေးမြေမျိုး၌ ပေါက်ရောက်ကြသည့်ယမနေပင်များမှာ ပေါက်ရောက်မှုညံ့ဖျင်းပါသည်။ ပေါင်းများ ထူထပ်ပြီးစွတ်စိုနေပါက ယမနေပင်ငယ်များပုပ်၍သေကြေပျက်စီးတတ်သည်။ ယမနေပင်သည် အလင်းရောင် အလွန်ကြိုက်နှစ်သက်သည့်လင်းလုပင်မျိုးဖြစ်၍အရိပ်အတော်အသင့်ရှိလျှင်ပင် အပင်များပေါက်ရောက်မှုညံ့ဖျင်းပါသည်။ ယမနေပင်ငယ်များ ပေါက်စအချိန်တွင် ပုရစ်ကောင်များ ကိုက်ဖြတ်ဖျက်ဆီးခြင်းခံရပြီး အပင်များအရွယ်ရောက်သည့်အခါ၌လည်း ပုစဉ်းထိုးပိုးတစ်မျိုးဖျက်ဆီးခြင်းကိုလည်းခံရတတ်သည်။

ယမနေပင်သည် အကြီးမြန်သောအပင်မျိုးဖြစ်၍ ယင်းကို ကိုင်းဖြတ်၍လည်းစိုက်ပျိုးနိုင်သည်။ မိုးရာသီ ဇူလိုင်လနှင့်သြဂုတ်လများတွင် အကိုင်းဖြတ်၍ စိုက်ပျိုးလျှင် အမြစ်များအလွယ်တကူထွက်လာနိုင်သည်။ လမ်းဘေးအရိပ်ရသစ်ပင်များ အဖြစ်စိုက်ပျိုးလျှင် တစ်ပင်နှင့် တစ်ပင်ပေ ၄၀ ခွာ၍စိုက်ပျိုးသင့်သည်။

သစ်သား

ယမနေသားအနှစ်သားကို ကောင်းစွာမတွေ့ရှိရပေ။ ယမနေသားသည်မီးခိုးရောင် သို့မဟုတ် အဝါဖျော့ဖျော့အရောင်ရှိ၍ သစ်ကြောများမှာ ညီညာပြီးအသားစင်းသည်။

စာမျက်နှာ (၄၂) သို့

PDF Compressor Free Version

တောင်ငူခရိုင်အတွင်းရှိ ကျွန်းစိုက်ခင်းများ၏ Growth and Yield Model အား ဖော်ထုတ်ခြင်း နှင့် အဆိုပါစိုက်ခင်းများအား Regulated Forest အဖြစ်သို့ ပြောင်းလဲခြင်း (၃)

(စုစုပေါင်း ကျွန်းစိုက်ခင်း(၁၉) ခုအား သုတေသနပြုလေ့လာခြင်း)

ရန်မျိုးနိုင် ၊ ဦးစိုးဘရာဇီ

ထခင်လမှုအဆက် ➢

ထပ်မံ၍ Area Control အားဖြင့် စီမံအုပ်ချုပ်ပါက Cutting Period အလိုက် ခုတ်လှဲရမည့်ပင်ထောင်များကို ပုံ(၂) တွင်ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။ Cutting Period (၁) တွင် ခုတ်လှဲရမည့် ပင်ထောင်များမှာ ပင်ထောင် (၂) မှ (၆)အထိဖြစ်ပါသည်။ ပင်ထောင်တစ်ခုစီမှ ခုတ်လှဲရမည့် ဧရိယာအားလည်း ပုံတွင်တွေ့ရှိနိုင်ပါသည်။ ဤနေရာတွင် ပင်ထောင် (၂)မှာ Cutting Period (၃) ခုလုံးတွင် ပါဝင်နေကြောင်းတွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ဇယား (၃) အား ပြန်လည်ကြည့်မည်ဆိုပါက ပင်ထောင်(၂)အဖြစ် စုစည်းထားသောစိုက်ခင်းများအနက် Cutting Period (၁)တွင် အသက်အကြီးဆုံးစိုက်ခင်းမှစ၍ ခုတ်လှဲရပါမည်။ ပုံ (၃)တွင် အသက်အတန်းအစား အသစ်အလိုက် ဖြစ်ပေါ်လာသည့် ပင်ထောင်သစ်များအား တွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ပင်ထောင် (၂၊၃၊၄၊၅၊၆) တို့အား Cutting Period (၁) တွင် ခုတ်လှဲခဲ့သည့်အတွက် ၎င်းတို့မှာ ပင်ထောင်အသစ်(၁)ဖြစ်ပြီး Planning Horizon (Plan Period) (၃၀ နှစ်)အပြီးတွင် (၂၁–၃၀) အသက်အတန်းအစားတွင် ရောက်ရှိနေမည် ဖြစ်ပါသည်။



ပုံ–၂ Area Control t& Cutting Period အလိုက်ခုတ်လှဲရမည့် Stand များနှင့်ဧရိယာ



ပုံ–၃ Area Control အရ အသက်အတန်းအစားအသစ် အလိုက်ရှိမည့် Stand အသစ်များ

Volume Control အားဖြင့် စီမံအုပ်ချုပ်ပါက Cutting Period အလိုက် ခုတ်လှဲရမည့် ပင်ထောင်များကို ပုံ(၄) တွင်ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။ ပထမ Cutting Period တွင် ခုတ်လှဲရမည့် ပင်ထောင်များမှာ (၂၊၃၊၅၊၆) တို့ဖြစ်ပါသည်။ ဤတွင်လည်း ပင်ထောင်နံပါတ်(၂) မှာ Cutting Period (၃) ခုစလုံးတွင် ပါဝင်သည့်အတွက် အသက်အကြီးဆုံးစိုက်ခင်းမှ စတင်၍ ခုတ်လှဲရပါမည်။ ပုံ(၅)တွင် Area Control ကဲ့သို့ပင် အသက်အတန်းအစား အလိုက်ပင်ထောင်သစ်များအား တွေ့ရှိနိုင်ပါသည်။

နိဂုံး

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် (ရေတာရှည်၊ တောင်ငူ၊ အုတ်တွင်းနှင့် ဖြူးမြို့နယ်) အတွင်းရှိ သုတေသနပြုလေ့လာခဲ့သော ကျွန်းစိုက်ခင်း (၁၉) ခုမှ ကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက်များ အပေါ် အခြေခံလျက် Growth and Yield Model တစ်ခုအား Simple Linear Regression ဖြင့် သုတေသနဆန်းစစ်ခြင်းပြုလုပ်ခဲ့ပါသည်။ CAI နှင့် MAI တို့အား တွက်ယူပုံကိုလည်း ဖော်ပြခဲ့ပါသည်။ ထို့အပြင် အဆိုပါ စိုက်ခင်းများအား ထာဝစဉ် ညီတောထွက်ပေးနိုင်မည့် Regulated

PDF Compressor Free Version

Forest ဖြစ်အောင် Area နှင့် Volume Control နည်းများဖြင့် ပြောင်းလဲနိုင်ပုံနှင့် Linear Programming Problem အား ပုံဖော်၍ အဖြေရှာနိုင်ကြောင်းကို အနောက်တိုင်းစာပေများကို အခြေခံလျက်ဖော်ပြခဲ့ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံအတွင်းရှိ ကျွန်းစိုက်ခင်းများအား ထာဝစဉ်ညီတောထွက်ရရှိရန် စီမံအုပ်ချုပ်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်စေရန် ရည်ရွယ်ရေးသားအပ်ပါသည်။



ပုံ–၄ Volume Control t& Cutting Period အလိုက်ခုတ်လုံ့ရမည့် Stand များနှင့်ဧရိယာ



ပုံ–၅ Volume Control အရ အသက်အတန်းအစားအသစ် အလိုက်ရှိမည့် Stand အသစ်များ

ကျမ်းကိုးစာရင်း

Clutter J.L et.al (1983) Timber Management : A Quantative Approach, John Wiley and Sons, Inc.

Avery T.E et.al (1994) Forest Measurements, 4th edition,McGraw-Hill INC. New York

Buongiorno J and Gilless J.K. (2003) Decision Methods for Forest Resource Management, Elsevier Science

စာမျက်နှာ (၄၀) မှ အဆက်

အလေးချိန်ပေါ့ပြီးခိုင်ခံ့၍ ရုန်းကန်အားရှိသော သစ်ဖြစ်သည်။ များစွာမာကျောခြင်းမရှိဘဲ အရောင်တောက်ပြောင်လှပသောသစ်ဖြစ်သည်။ သစ်ခွဲသားများ ပေါ်တွင် နှစ်ကွင်းများပေါ်လွင်၍ အပြူရောဏ်များအဖြစ် ထင်ရှားစွာတွေ့မြင်ရသည်။ လွယ်ကူစွာဖြတ်တောက်ခွဲစိတ်လုပ်ကိုင်နိုင်ပြီး အရောင်တင်သည့်အခါ စွဲမြဲတောက်ပြောင်သည်။ ယမနေသားမှာ ခြောက်သွေ့ရန်လွယ်ကူလျင်မြန်ပြီး ခြောက်သွေ့သည့်အခါ သစ်သားမှာ အတော်ပင်ကျုံ့ဝင်သွားသော်လည်း ခြောက်သွေ့ပြီးနောက် ပြန်ပွမှုအလွန်နည်းသည်။ ယမနေသစ်သည် လိမ်ခြင်း၊ ကောက်ခြင်း၊ ကွဲအက်ခြင်းလည်းမရှိပေ။

လေဖြင့်ခြောက်သွေ့ရန် အခက်အခဲမရှိသလို ဖိုဖြင့်ခြောက်သွေ့ရန်လည်းလွယ်ကူသည်။ ယမနေသစ်အတွင်းပါရှိသော အခါးဓာတ်မကုန်မခြင်း ၄င်းသစ်ကို ခြစားခြင်းလည်းမရှိပေ။ သို့ရာတွင် မြေနှင့်ထိနေပါက ကြာရှည်စွာအသုံးမခံပေ။ ခြောက်သွေ့ပြီးသော ယမနေသစ်သည် ရေတွင်ပေါ်သော်လည်း အချိန်ကြာမြင့်စွာ ရေစိမ်ထားပါက ရေစုပ်တတ်သောသတ္တိရှိသည့်အတွက် နစ်မြုပ်တတ်သည်။ မြန်မာနိုင်ငံတွင် ယမနေသစ်ကို အခင်း၊ အကာပျဉ်၊ ပရိဘောဂများ၊ လုံးထွင်းလှေများ၊ အခြားလှေများ၊ လှော်တက်၊ သေတ္တာ၊ စည်စပ်ပျဉ်၊ ပန်းပုရုပ်လုံးများ၊ ကြမ်းခင်းတုံးများ၊ မှန်ကူကွက်များ၊ တံခါးပျဉ်ချပ်၊ ရေတွင်းဘောင်၊ ဆန်စပါးချင်သည့်ဇလားများ၊ မြေတိုင်းစားပွဲများ၊ တူရိယာပစ္စည်းများ၊ ကျွဲနွားခလောက်၊ ခုံဘီနပ်စသည်တို့ကိုပြုလုပ်ရာ၌အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင် အရက်သိုလှောင်ရန်စည်ကြီးများကို ယမနေသားဖြင့်ပြုလုပ်ကြသည်။ ယမနေသစ်ကိုသစ်ထပ်သားနှင့် သုံးထပ်သားပြုလုပ်ရန်အတွက်လည်း ကောင်းစွာအသုံးပြုနိုင်သည်။ ယမနေသားသည် ပုံနှိပ်ဘာလောက်တုံးများနှင့် စက္ကူပျော့ဖတ်များပြုလုပ်ရန်အတွက်လည်း သင့်တော်ပါသည်။ ယမနေသစ်အစိုသည် တစ်ကုဗပေလျှင် အလေးချိန် ၆၆ ပေါင်စီးသည်။ လေသွေ့ပြီး ရေငွေ့ ၁၂ ရာခိုင်နှုန်းပါရှိသည့် ယမနေသစ်သည် တစ်ကုဗပေလျှင် ပေါင် ၃၀ စီးသည်။

ကျွန်းသစ်ဂါဏာသတ္တိများကို ၁၀၀ စီထား၍ နှိုင်းယှဉ်လျှင် ယမနေသစ်သည်အလေးချိန် ၇၀၊ ရက်မအဖြစ်ခိုင်ခံ့အား ၆၀၊ ရက်မအဖြစ်တောင့်ခံအား ၇၀၊ တိုင်/ကျားကန်အဖြစ်တောင့်ခံအား ၆၀၊ ထုနှက်ခံနိုင်အား ၇၀၊လျောပြတ်အား ၈၀၊မာရည်အား ၆၀နှင့်ပုံတည်မြဲမှု စရေဖြစ်သည်။ နမ်းမတူဘော်တွင်းမိုင်း၌ ယာယီလိုင်ခေါင်းများတွင်ထောက်တိုင်အတွက် အသုံးပြုရာ စိတ်ကျေနပ်ဖွယ်ရာတွေ့ရှိရသော်လည်း အများအပြားမရရှိနိုင်သည့် အပြင် ဈေးနှုန်းမှာလည်းကြီးမြင့်သည်။

PDF Compressor Free Version

Efficient Use of Renewable Energy for Community Livelihood at Taninthayi Nature Reserve

By

U Sein Thet, Director (Retired)

Energy is a basic need. Access to the right energy fuels and services provide opportunities for development and improving wellbeing. Once fourth of humanity has no access to electricity and nearly half of the world's population cook with solid biomass using inefficient technologies keeping them trapped in poverty with little or no chance to escape from it. Furthermore, renewable will have a crucial role in any solution to mitigate climate change.

Energy comes from many sources. Some of the sources are fossil fuels (also called hydrocarbons), like coal, oil, and natural gas. These sources must be extracted from the earth before they can be used. There are also renewable sources of energy, such as water, the wind, wood and other plants (also known as *biofuels*), and the sun. Renewable energy resources are those energy sources that are naturally restored over a short period of time.

There have been significant improvements renewable energy technologies in recent times along with declines in cost. A number of success stories globally and the growing concern for the environment (Land degradation, Deforestation, climate cane) and sustainable development, have led to world-wide interest in renewable energies and bio-energy in particular. Biomass can be converted into modern energy forms such as liquid and gaseous fuels, electricity, and process heat to provide energy services needed by rural and urban populations and also by industry. Forest Department has been taking measuring to meet bio-energy demand of country within its capacity by establishing fuel-wood plantation and community forests. On the other hand, the Department has been encouraging the efficient use of energy by distributing efficient stoves and use of alternative energy sources such as agricultural wastes and briquettes as fuel-wood substitutes.

In Forestry sector of Myanmar, activities for promotion of renewable energy are being implemented in conjunction with climate change mitigation activities. Ministry of Environmental Conservation and Forestry welcome proposals for CDM projects related to dissemination of fuel-efficient stoves with a view to conserving renewable bio-energy resources in sustainable manner while providing incentives to rural communities using revenue to be obtained from CDM. In addition, Reducing Emissions from Deforestation and Forest Degradation – plus (REDD+) readiness activities are being initiated in forestry sector of Myanmar. REDD+ activities can achieve not only control of the deforestation and forest degradation and carbon enhancement of the forests but also improvement of the livelihood of the local people by means of carbon revenue and increased employment.

Biomass as a renewable energy source (RES) is considered a vital component of meeting energy and climate goals. Many renewables will probably have a place in the development plans of different countries. Bio-energy has clear advantages over other renewable and in order to convince the energy planners and entrepreneurs in developing countries its trump cards must be emphasized: being suitable to very many locations, promotion of self-reliance, possible local manufacturing base for technology, and also that it could become a part of an integrated rural development package leading to local benefits such as land reclamation and employment generation. It is common to observe rural people collecting twigs, branches, and roots of shrubs a climber as fuel. Some dominant examples are *prosopis juliflora, Lantana camara, Cassia auriculata and Tecoma stans*, where all parts of such shrubs (excluding leaves) are collected as fuel. Unfortunately, no studies are available on the distribution and growth of such shrubs or their contribution to fuel supplies.

The Taninthayi Nature Reserve (TNR) is situated in the Dawei District, Taninthayi Region, between the Dawei River and Myanmar-Thailand border, between latitudes 14^0 20' 50" and 14^0 57' 55" North and between longitudes 98^0 5' 10" and 98^0 31' 32" East. Administratively, its location is in

PDF Compressor Free Version

the Yebyu and Dawei Townships of Dawei District in the northern part of Taninthayi Region in southern Myanmar. TNR is one of the largest protected areas (PAs) in Myanmar with the total approximate area of 168,998 ha and is also a relatively large protected area compared to others in the region. There is a total of 44 villages, of which 11 villages are located within the TNR, and most communities living inside TNR are relying on the forests in somewhat and someway.

Tropical hardwood forests are home to wildlife in the TNR and provide local communities with various ecosystem services. They also act as sinks and sources of carbon contributing to global carbon cycling. It is thus crucial to improve and sustain them. But the past forest surveys had demonstrated that the forest cover had reduced and its quality declined due to a number of threats including shifting cultivation, logging, dams, mines, land-use changes, etc.

Improper way of land and resource use can be very destructive to both the lives of the community and the sustainability of the TNR. The people dependent on the reserve are very poor and uneducated mostly. So, it is important to effectively engage local communities in sustainable land and resource use. There exist a lot of threats to sustainable land and resource use such as infrastructure development, commercial fishing, intrusion of rubber and oil palm plantations, dams, mines and destructive agricultural practices.

Local people in the vicinity of TNR typically extract small-sized timber for house building and furniture making. According to the Forest Law 17 (1992), forest products may be extracted by local people, if it is for domestic or agricultural use and not on a commercial scale in an amount not exceeding the stipulated quantity without obtaining a permit. Traditionally local people extracted timber using cross-cut saws. However nowadays, local operators mostly use chainsaws for felling and logging and also for sawing timber. The mobile use of chainsaws is more destructive than normal cross-cut saws and may lead to degradation and eventually total deforestation, including loss of biodiversity, if immediate action is not taken now. NTFPs most commonly collected from within TNR include forest products such as rattan, round yam, cardamom seeds, honey, charcoal, firewood, medicinal plants, orchids, etc. Unsustainable logging and unsustainable extraction of NTFPs are noted in some areas, and are likely to continue without local management and adequate zonation.

The diverse energy resources of Myanmar consist of crude oil, natural gas, hydropower, coal, and renewable energy sources (such as biomass, geothermal, biofuel, wind, and solar energy). Biomass accounts for 66.9% of the estimated annual energy consumption of Myanmar, crude oil and petroleum products (chiefly diesel and gasoline) account for 14.9%, hydropower 6.1%, natural gas 11.1%, and coal and lignite 1%. Energy use in Myanmar traditionally depends upon energy sources such as fuelwood, charcoal, and biomass. Agricultural by-products, such as pigeon pea stocks, sugarcane burgesses, rice straws, rice husks, sesame stalks, and palm leaves, offer limited sources of energy. However, the use of energy source, such fuelwood and charcoal, aggravates forest degradation, and consequently threatens the environment. Wood is important to food security in many ways. In developing countries of Asia and the Pacific, at least 75 percent of the population has to depend on fuel-wood for cooking. Shortages of fuel-wood may mean that food is inadequately cooked, or is only cooked once a day. The excessive time and effort spent by women to gather and transport fuel-wood for cooking family meals leaves them very little time to engage in other important home tasks, such as caring for the young children, cleaning house, etc. Food security implies both physical and economic access to food. Forests in Myanmar generate huge amounts of income and employment that place people in a better position to purchase rather than produce their own food. Income and employment would generate when people become involved in family or community-oriented forestry activities such as harvesting, processing and marketing forest products.

Biomass accounts for an estimated one – third of all energy used in developing countries today. Most of this biomass is used inefficiently and with significant pollutant emissions by the more than 2 billion people who cook using direct combustion of biomass. Contrasting today's use of biomass energy, several recent major assessment of future global energy supply show much larger roles for biomass energy by the middle of the 21st Century as a part of

PDF Compressor Free Version

global strategy for reducing CO_2 emissions to the atmosphere, when biomass is grown renewably. (i.e at the same average rate at which it is used for energy). Rural household cooking accounts for by far the largest consumption of energy in Myanmar due to the large rural population and the daily cooking cycle needed for sustenance. Cooking relies on woody biomass as the most important national energy source. In 2013 cooking demand met by biomass sources – firewood, charcoal, agricultural waste, wood waste and animal dung – amounted to around 80% of total final energy consumed. Of this relatively large energy consumption, firewood is the dominant fuel used for household cooking. However other forms of woody biomass in the form of agricultural waste are also used in abundance. Agricultural waste reside includes cotton and pigeon pea stalks, sugarcane bagasse, rice straw, rice husk, sesame stalks, bamboo and palm leaves. On a dry weight basis, these forms of woody biomass account for more than half of the wood fuel used for cooking at rural household level, mostly used together with firewood.

To achieve the MDGs goals, Myanmar aims to integrate the principles of sustainable development into its policies and programs and reverse the loss of environmental resources. However, the accumulated use of solid fuels- including charcoal, fuel-wood, and their substitutes- is exerting increasing pressure on the country's natural resource base. Linkages among use of solid fuel (mainly cooking), indoor air pollution, deforestation, soil erosion and greenhouse gas emission are well known. With the majority of the population about 70% who live in rural areas are using solid fuel/wood (over 90%), the improved cook stove (ICS) are significant efforts to reduce wood fuel consumption and to promote environmental sustainability. Another system to reduce consumption of wood fuel is making briquettes and fuel sticks from agricultural crop waste and lumber waste.

Biomass, or more particularly wood, can be converted to a high-energy combustible gas for use in internal combustion engines for mechanical or electrical applications. The process is generally known as gasification and the technology has been known as gasification and the technology has been known for decades, but its application to power generation is of recent origin. A biomass gasifier consists of a reactor where, under controlled temperature and air supply, solid biomass is combusted to obtain a combustible gas (Consisting of H_2 and CH_4). This gas passes through a cooling and cleaning system before it is fed into a compression ignition engine to run in dual fuel mode for generation of mechanical power or electricity (by coupling to a generator). An assessment of its potential concluded that India presents a unique opportunity for large-scale commercial exploitation of biomass gasification technology to meet a variety of energy needs, particularly in the agricultural and rural sectors.

A biomass gasifier is the broad term for a device that turns solid biomass into gas that can subsequently be burnt in a controlled manner. Unlike in the open fire, the gas-generation is controllably separate in space and time from the gas-combustion. While open fires and most conventional cook-stoves are regulated by the fuel supply, most gasifiers are controlled by the air supply. Gasifiers offer the potential to deliberately optimize the frame-conditions of each conversion step. By controlling the inputs heat and air, an exceptionally clean combustion of biomass can be achieved. The major challenge is to get the right amounts of air to the right places. Biomass gasification means incomplete combustion of biomass resulting in production of combustible gases consisting of Carbon monoxide (CO), Hydrogen (H_2) and traces of Methane (CH_4). This mixture is called producer gas. Producer gas can be used to run internal combustion engines (both compression and spark ignition), can be used as a substitute for furnace oil in direct heat applications and can e used to produce, in an economically viable way, methanol – an extremely attractive chemical which is useful both as fuel for heat engines as well as chemical feedstock for industries. Since any biomass material can undergo gasification, this process is much more attractive than ethanol production or biogas where only selected biomass materials can produce the fuel. Consequently, more advanced technology in biomass and bio energy utilization is important to maximize their utilizations benefiting in not only energy stability but also environmental conservation as well as aa rise in life quality particularly rural areas of Taninthayi Nature Reserve.

PDF Compressor Free Version

အဖိုးတန်ရေချိုသယံဇာတအား အကျိုးရှိစွာ ချွေတာသုံးစွဲကြစို့

သက်သက်သွေ ၊ ဦးမိုးအရာရှိ
ဝတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊
တောင်ငူခရိုင်

ရေသည် လူ့ခန္ဓာကိုယ်ထဲတွင် လူသားတို့စားသုံးလိုက်သော အစားအစာများအား အူလမ်းကြောင်းတစ်လျှောက် ချောမွေ့စွာရွှေ့လျားစေခြင်း၊ အစားအစာများတွင် ပါဝင်သော သတ္တုဓာတ်၊ ဗီတာမင်၊ ဂလူးကို့စ်စသည့် အာဟာရဓာတ်များကို ဆဲလ်များဆီသို့ ပို့ဆောင်ပေးခြင်း နှင့်ခန္ဓာကိုယ်ထဲရှိဆဲလ်များမှ စွန့်ထုတ်လိုက်သော အညစ်အကြေးများကို ကျင်ကြီးကျင်ငယ်အဖြစ် ခန္ဓာကိုယ်ပြင်ပသို့ သယ်ထုတ်ပေးခြင်းများ ပြုလုပ်ပေးသည်။

ရေ

ရေသည် ၀ ဒီဂရီစင်တီဂရိတ်မှ ၁၀၀ ဒီဂရီစင်တီဂရိတ်အတွင်း အရည်အဖြစ်တည်ရှိပြီး ရေထဲတွင် ဆားခတ်လိုက်လျှင် အနုတ် ၄၅ ဒီဂရီအထိ ခံမသွားဘဲ အရည်ဘဝတွင်နေကာ ဖိအားပေးထားလျှင် ၃၄၀ ဒီဂရီ စင်တီဂရိတ်အထိ မဆူဘဲနေနိုင်သည်။

ရေ၏ထူးခြားချက်မှာ ခဲသောအခါ ကျယ်ပြန့်ပွယောင်းလာခြင်းဖြစ်သည်။ ထိုသို့ ကျယ်ပြန့်ပွယောင်းလာသောရေခဲသည် မျက်နှာပြင်ပေါ်တွင်ပေါ်နေခြင်းဖြင့် ရေခဲပြင်အောက်တွင် နေရာလွတ်ဖြစ်ပေါ်ကာ သက်ရှိများပေါက်ပွားရှင်သန်ရန် အထောက်အပံ့ဖြစ်စေသည်။ ရေသည် ကမ္ဘာပေါ်တွင် လူသားတို့အပါအဝင် သက်ရှိတို့ ဖြစ်ပေါ်ရှင်သန်နိုင်ရန်များစွာ အရေးပါသော အဖိုးတန်သော သယံဇာတဖြစ်သည်။

မြေအောက်ရေ

သဘာဝအလျောက်ပြန်လည်ပြည့်တင်းနိုင်သော မြစ်ချောင်အင်းအိုင်ရေများနှင့် မြေအောက်ရေအချို့သည် ပုံမှန်အခြေအနေတွင် မြေပေါ်ရေများစိမ့်ဝင်မှုကြောင့် မြေအောက်ရေများသည် ပြန်ပြည့်မြဲသယံဇာတတစ်မျိုးပင် ဖြစ်သည်။ မြေပေါ်ရေများသာမက မြေလွှာများကြားတွင် နှစ်ပေါင်းများစွာ ခိုအောင်းနေခဲ့ကြသော မြေအောက်ရေများသည် လူတို့အလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့် မိုးရေမြစ်ရေတို့ မြေအောက်သို့ အလျှင်မီအောင် စိမ့်ဝင်ဖြည့်တင်းပေးနိုင်ခြင်းမရှိသဖြင့် ကမ္ဘာနေရာအနှံ့တွင် မြေအောက်ရေကြောများခန်းခြောက်လာကြသည်။ ထွန်းကားလာသော မြို့ပြလူနေမှု၏ အကျိုးသက်ရောက်မှုအနေဖြင့် မြို့ပြအဆောက်အအုံများနှင့်အတူ ကွန်ကရစ်ပြင်များ၊ ကတ္တရာ

ကမ္ဘာမြေမျက်နှာသွင်ပြင်၏ ၇၀ ရာခိုင်နှုန်းသည် ရေဖုံးလွှမ်းလျက်ရှိပြီး ယင်းရေအားလုံးကို သောက်သုံး၍ မရနိုင်ပါ။ ၎င်းရေထု၏ ၉၇ ရာခိုင်နှုန်းသည် ရေငန်ဖြစ်ပြီး ၃ ရာခိုင်နှုန်းသာလျှင် ရေချိုဖြစ်သည်။ ထိုကဲ့သို့သော အဖိုးတန်သော ရေချိုသယံဇာတအား အကျိုးရှိရှိ အသုံးပြုနိုင်ရန် ချွေတာသုံးစွဲရန် အရေးကြီးပါသည်။

လူ့ခန္ဓာကိုယ်အလေးချိန်၏ ၇၀ ရာခိုင်နှုန်းသည် ရေများဖြစ်ကြပြီး ကလေးသူငယ်များတွင် ၈၀ ရာခိုင်နှုန်းမျှ ရေပါပြီး အသက်ရလာသည်နှင့်အမျှ ရေဓာတ်တဖြည်းဖြည်းချင်းလျော့နည်းသွားသည်။ ကိုယ်တွင်းရှိရေ၏ သုံးပုံနှစ်ပုံသည် ဆဲလ်များထဲတွင်ရှိပြီး ကျန်တစ်ပုံသည် ဆဲလ်များကြားရှိကွက်လပ်များနှင့် သွေးထဲတွင်ရှိသည်။ လူ့ခန္ဓာကိုယ်ထဲရှိရေများ အပြင်သို့ထွက်မကျအောင် အရေပြားအရေခွံများကဖုံးအုပ်၍ အိတ်သဖွယ်ကာကွယ်ပေးထားသည်။ အဆိုပါအိတ်ထဲမှ ရေများသည် လေပူဖောင်းကဲ့သို့ ဖောင်းပြည့်နေအောင် ထောက်ကန်ပေးထားသည့်သဘောဖြစ်ပြီးလူတို့အတွက် အမျိုးမျိုးသောအကျိုးကို ဖန်တီးပေးသည်။

PDF Compressor Free Version

ပြင်များတည်ဆောက်လာခြင်းသည်လည်း ရေပိတ်လွှာများ ဖြစ်ပေါ်ပြီး မြေအောက်ရေ လျော့နည်း ခန်းခြောက်လာခြင်း၏ အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။

မြေအောက်ရေအလွန်အကျွံထုတ်ယူသုံးစွဲခြင်း၏ အကျိုးဆက်ဖြစ်သည့် ရေမျက်နှာပြင်နိမ့်ကျလာခြင်းကြောင့် မြို့ကြီးများ၏ မြေမျက်နှာပြင်သည် ကျွံဆင်းနိမ့်ဝင်ခြင်း ဖြစ်ပေါ်လျက်ရှိသည်။ သဲလုံး၊ ကျောက်လုံးများကြားတွင် ရေများမရှိတော့သည့်အခါ ဂလိုင်ပေါက်ငယ်များ ဖြစ်လာပြီး အပေါ်မြေလွှာ၏ဝန်အားကို မခံနိုင်တော့သဖြင့် တဖြည်းဖြည်း အိကျလာကာ နောက်ဆုံးတွင် အပေါ်မြေလွှာသည် ကျွံဆင်းနိမ့်ဝင်လာကြောင်း လေ့လာသိရှိရပါသည်။ အဆိုပါဖြစ်ရပ်မျိုးကို မက္ကဆီကိုနိုင်ငံ၏မြို့တော် မက္ကဆီကိုစီးတီး၊ အမေရိကန်နိုင်ငံ ဟျူစတန်၊ တရုတ်နိုင်ငံ ပေကျင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ အာဂျင်တီးနားနိုင်ငံ ဘွေနိုင်ဇဲမြို့၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့များတွင် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် မက္ကဆီကိုမြို့တော်၏ အချို့နေရာများတွင် လွန်ခဲ့သောနှစ် ၁၀၀ အတွင်း ၂၅ ပေမျှ နိမ့်ဆင်းကျွံဝင်သွားသဖြင့် ယိုင်စောင်းနေသောဘုရားကျောင်းများ၊ တွန့်လိမ်နေသော ရေပိုက်လိုင်းများ၊ အက်ကွဲနေသော လမ်းမများဖြစ်ပေါ်လျက်ရှိသည်ဟု ဆောင်းပါးတစ်ခုတွင် ဖတ်ရှုမှတ်သားရပါသည်။ ရေထုတ်ယူသုံးစွဲမှုလွန်ကဲ၍ မြစ်ချောင်းအင်းအိုင်များ၊ မြေအောက်ရေများ လျော့နည်းလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာသဖြင့် အချို့ဒေသများတွင် မိုးရွာသွန်းမှုလျော့နည်းလာပြီး သောက်သုံးရေရှားပါး၍ ရေပြတ်လပ်ခြင်းများ ဖြစ်ပေါ်လာလျက်ရှိသည်။

ရေထုညစ်ညမ်းခြင်း

ရေချိုရေသန့်ပမာဏသည် လူတို့၏လုပ်ဆောင်ချက်ကြောင့်ပင် တဖြည်းဖြည်းလျော့နည်းလာပြီး ညစ်ညမ်းသော ရေပမာဏများလာရသည်။ ရေထုညစ်ညမ်းခြင်းဆိုသည်မှာ ရေထဲတွင် လူအပါအဝင် ရေနေသတ္တဝါများ၏ ရှင်သန်မှုကိုထိခိုက်စေပြီး အဏ္ဏဝါဂေဟာစနစ်တစ်ခုလုံးကိုပါ ပျက်စီးယိုယွင်းစေသော ပိုးမွှား၊ အနည်အနှစ်များ၊ အမှုန်အမွှားနှင့် ဓာတ်ပစ္စည်းအမျိုးမျိုးတို့ ရောနှောပါဝင်နေခြင်းပင် ဖြစ်သည်။

ရေထုညစ်ညမ်းမှုရှိမရှိ သောက်သုံးရန်သင့်မသင့် သိနိုင်ရန် ရေတွင် အနည်းဆုံး သို့မဟုတ် အများဆုံးပါဝင်ရမည့် ဓာတုဇီဝပစ္စည်းများနှင့်ပိုးမွှားများ၏ပမာဏကို သတ်မှတ်၍ သတ်မှတ်လမ်းညွှန်ချက် Guideline များဖြင့် နှိုင်းယှဉ်စစ်ဆေးလေ့ရှိကြသည်။ လူနှင့်တိရစ္ဆာန်တို့၏ မိလ္လာအညစ်အကြေးများ ရေတွင် ပါဝင်မှုရှိမရှိ စစ်ဆေးရာတွင် ရေညစ်ညမ်းမှုအညွှန်းကိန်းများဖြစ်သည့် အီကိုလိုင် (E.coli) ခေါ် ဘက်တီးရီးယားပါဝင်နေမှုကို အဓိကတိုင်းတာ စစ်ဆေးခြင်း၊ မိလ္လာအညစ်အကြေးများ၊ ဓာတ်မြေသြဇာအကြွင်းအကျန်တို့ ပါဝင်မှုရှိမရှိကို သိရှိနိုင်ရန် နိုက်ထရိုဂျင်ဓာတ်ပေါင်းများ (နိုက်ထရိတ်၊ နိုင်ထရိုက်)ကို တိုင်းတာစစ်ဆေးခြင်း၊ ဖော့စဖိတ်(Phosphate)ပါဝင်မှုအား တိုင်းတာစစ်ဆေးခြင်း၊ ရေတွင်ပါဝင်သောအပင်ငယ်များ၊ ပိုးကောင်ငယ်များ၊ ဇီဝရုပ်များနှင့် အော်ဂဲနစ်ဓာတ်ပေါင်းများက ဇီဝဓာတုနည်းဖြင့် ဓာတ်ပြုဖယ်ရှားသည့် အောက်ဆီဂျင်ပမာဏကို ဇီဝဓာတုဆိုင်ရာ အောက်ဆီဂျင်လိုအပ်မှုဟု အဓိပ္ပါယ်ရသည့် Biochemical Oxygen Demand (BOD)ပမာဏအားတိုင်းတာခြင်း၊ အောက်ဆီဂျင်ကိုစုပ်ယူဓာတ်ပြုသော ဓာတုဓာတ်ပေါင်းများက ဓာတုနည်းဖြင့် ဓာတ်ပြုဖယ်ရှားသည့် အောက်ဆီဂျင်ပမာဏကို သိလိုလျှင် ဓာတုဆိုင်ရာအောက်ဆီဂျင်လိုအပ်မှုဟု အဓိပ္ပါယ်ရသည့် Chemical Oxygen Demand (COD) ပမာဏအားတိုင်းတာခြင်း၊ ရေတွင်ပါဝင်သော PH တန်ဖိုးတိုင်းတာခြင်း၊ ရေတွင်ပျော်ဝင်နေသော အောက်ဆီဂျင်ပမာဏ Dissolved Oxygen (DO) ပါဝင်မှု၊ Total Dissolved Solids (TDS) ရေတွင်ပျော်ဝင်နေသော Inorganic ပစ္စည်းများကို တိုင်းတာခြင်းတို့ ပြုလုပ်စစ်ဆေးလေ့ရှိကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၏ ရေအရည်အသွေးအား တိုင်းတာစစ်ဆေး၍ အမျိုးသားအဆင့် ရေထုအရည်အသွေးစံချိန်စံညွှန်းထုတ်ပြန်ရာတွင် အထောက်အကူပြုစေရန်နှင့် ရေထုအရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရန် ရည်ရွယ်၍ ရေထုအရည်အသွေးအား မြေပြင်ကွင်းဆင်း၍ တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

ရေချိုသယံဇာတ ကာကွယ်ထိန်းသိမ်းရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေး

မြေအောက်ရေနှင့် ရေချိုသယံဇာတများ ပြန်လည်ပြည့်တင်းစေရေးအတွက် အထိရောက်ဆုံးနည်းလမ်းမှာ နှစ်စဉ်ရွာသွန်းသည့် မိုးရေများကို အလဟဿစီးမသွားစေဘဲ သိုလှောင်စုဆောင်းခြင်းနှင့် မြေအောက်သို့ ဖြည်းဖြည်းချင်း ပြန်လည်စိမ့်ဝင်စေကာ ဖြည့်တင်းပေးခြင်းပင် ဖြစ်သည်။ မိုးရေသည် ကမ္ဘာတည်သ၍ အဖန်ဖန်သံသရာလည်ကာ ပြန်လည်ပြည့်တင်းနေမည့် အဖိုးတန်ရေအရင်းမြစ်သယံဇာတတစ်မျိုးလည်းဖြစ်သည်။ သိုလှောင်သောနည်းစနစ်မှန်ကန်မည်ဆိုပါက မိုးရေသည် ရေမလုံလောက်သောဒေသများတွင် သန့်ရှင်းသော ရေကောင်းရေသန့်

PDF Compressor Free Version

အဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ ဂူဂျာရတ် ပြည်နယ် ဆူရတ်မြို့စည်ပင်သာယာရေးအဖွဲ့သည် ရေစိမ့်တွင်းပေါင်း ၃၀၀၀ ကျော်တူး၍ မိုးရေများကို မြေအောက် စိမ့်ဝင်စေခြင်းဖြင့် မြေအောက်ရေပြန်လည်ဖြည့်တင်းလျက်ရှိကြောင်း လေ့လာသိရှိရသည်။ မြေအောက်ရေ စိမ့်ဝင်နိုင်ရေးအတွက် သစ်တောသစ်ပင်များကိုလည်း ပြုစုပျိုးထောင်စိုက်ပျိုးခြင်းများပြုလုပ်သင့်သည်။

ရေ၏ အရေးပါပုံနှင့် ရေချိုသယံဇာတကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ နှစ်စဉ် မတ်လ (၂၂) ရက်နေ့ကို ကမ္ဘာ့ရေနေ့အဖြစ် ၂၀၁၄ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် ကျင်းပလျက်ရှိသည်။

ရေချွေတာသုံးစွဲခြင်းအနေဖြင့် ဥပမာ မျက်နှာသစ်နေချိန်တွင် ရေပိုက်ခေါင်းကို ပိတ်ထားခြင်း၊ ရေချိုးနေချိန် ဆပ်ပြာတိုက်သည့်အချိန်တွင် ရေပန်းအား ပိတ်ထားခြင်း အစရှိသော သေးသေးမွှားမွှားမှပင် စတင်၍ သတိပြုလုပ်ဆောင်သင့်သည်ဟု ထင်မြင်မိပါသည်။ ထိုသို့သော အလေ့အကျင့်မျိုးကို တစ်ဦးတစ်ယောက်မှ စတင်၍ ကျင့်သုံးမည်ဆိုပါက မြို့တစ်မြို့ရှိ လူရာပေါင်း၊ ထောင်ပေါင်းများစွာတို့သည် အဖိုးတန်ရေချိုသယံဇာတကို ကာကွယ်ထိန်းသိမ်းချွေတာရာရောက်မည်ဖြစ်သည်။ အမှိုက်သရိုက်များကို နီးစပ်ရာမြစ်ချောင်းရေကန်များအတွင်း စွန့်ပစ်ခြင်းမပြုလုပ်ရန်နှင့် ရေချွေတာခြင်းသည် မိမိ အပါအဝင် လူသားတိုင်း၏ အနာဂတ်အတွက် အရေးပါလှကြောင်း သိရှိစေရေး လက်ခံလိုက်နာကျင့်သုံးစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား အနီးဝန်းကျင် ပြည်သူလူထုထံသို့ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သည်။

လူသားတို့သည် မိမိတို့တတ်နိုင်သမျှ သစ်ပင်၊ သစ်တောများကို ပြုစုစိုက်ပျိုးခြင်း၊ ရေစိမ့်ဝင်နိုင်သော ဧရိယာပါရှိသည့် မြို့ပြတည်ထောင်မှု စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရေအသုံးချမှုကို လျှော့ချခြင်းနှင့် အကျိုးရှိရှိချွေတာ သုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် ရှိရင်းစွဲဖြစ်သော ရေချိုသယံဇာတများကို ထိန်းသိမ်းကာကွယ်ရင်း လူသားများအပါအဝင် သက်ရှိသတ္တဝါများအားလုံးသည် ကောင်းမွန်သောဂေဟာစနစ်ရှိသည့် ပတ်ဝန်းကျင်တွင် နေထိုင်သွားနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

Ref: ရေကြည်တစ်ပေါက် ကျော်ဦး
http:// en.m. widipedia. org

ကာတွန်းကဏ္ဍ

POLLUTION ညစ်ညမ်းခြင်း

APK

PDF Compressor Free Version

သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ
နိုင်ငံတကာအကူအညီဖြင့်
ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းမျှော်မှန်းရလဒ်များ

ဝန်းကျင်/သားငှက်

စီမံကိန်း (၇)

၁။ အမည် (မြန်မာ/အင်္ဂလိပ်)
ဇီဝသယံဇာတအရင်းအမြစ်နှင့် သတင်းအချက်အလက်ဆိုင်ရာပူးပေါင်းရေးစီမံကိန်း (Cooperation Concerning Biological Resources and Information)

၂။ အကူအညီ အမျိုးအစား (Grant/ Loan/TA)
Technical assistance (TA)

၃။ ကူညီသောနိုင်ငံ/အဖွဲ့အစည်း
ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားဇီဝအရင်းအမြစ်သိပ္ပံဌာန (National Institute of Biological Resources-NIBR)

၄။ အကောင်အထည်ဖော်သည့် ဌာန/ အဖွဲ့အစည်း
သစ်တောဦးစီးဌာန နှင့် NIBR

၅။ ကာလ
၁၅-၁၀-၂၀၂၀ မှ ၁၄-၁၀-၂၀၂၃ အထိ၊ (၃) နှစ်

၆။ MoU လက်မှတ်ရေးထိုးသည့်နေ့
၁၅-၁၀-၂၀၂၀

၇။ ရည်ရွယ်ချက်
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် အသုံးချရေးဆိုင်ရာသုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်၊ အရေးပါသော ဂေဟစနစ်များရှိ မျိုးစိတ်သုတေသနများ ဆောင်ရွက်ရန်၊
- တောရိုင်းတိရစ္ဆာန်များ အပင်မျိုးစိတ်များနှင့် ၎င်းတို့၏နေရင်းဒေသကို ကာကွယ်ထိန်းသိမ်းရန်၊
- အသုံးဝင် ဇီဝအရင်းအမြစ်များအား အသုံးချခြင်းဆိုင်ရာ သုတေသနပြုလုပ်ရန်၊
- ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ စာရင်းကောက်ယူခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ ဆောင်ရွက်ရန်။

၈။ မျှော်မှန်းရလဒ်
- ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် အဓိကလိုအပ်သည့် သုတေသနကွင်းဆင်းလေ့လာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရသဖြင့် ဝန်ထမ်းစွမ်းဆောင်ရည် မြင့်တက်လာခြင်း၊
- မြန်မာနိုင်ငံရှိ မျိုးစိတ်သစ်များကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခြင်း၊
- မျိုးစိတ်များ (ကျောရိုးရှိသတ္တဝါငယ်၊ နို့တိုက်သတ္တဝါ၊ ငှက်၊ ကုန်းနေရေနေ၊ တွားသွားသတ္တဝါနှင့် ရေချိုငါးစသည်ဖြင့်)နှင့်ပတ်သက်သည့် သိပ္ပံနည်းကျအချက်အလက်များအား မှတ်တမ်းတင်နိုင်ခြင်း၊
- သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် သုတေသနဆိုင်ရာ အခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်စေခြင်း။

၉။ ဆောင်ရွက်သည့်နေရာဒေသ
- ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊
- ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်မြို့နယ်၊ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
- ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
- ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာင်မြို့နယ်၊ ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
- ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့နယ်၊ နတ်မတောင်အမျိုးသားဥယျာဉ်

မှတ်ချက်။ ကိုရီးယားဘက်မှပညာရှင်များ လာရောက်၍ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများမရှိသေးပါ။

PDF Compressor Free Version

ယမနေပင်

ဦးဟုတ်လင်း

အင်္ဂလိပ်အမည်။Gamhar tree, White teak,Beachwood, Gmelina, Candahar tree,Goomar teak.

ရုက္ခဗေဒအမည် ။ *Gmelina arborea* Roxb.

မျိုးရင်း။ ယခုအခါ Lamiaceae မျိုးရင်းတွင်ပါဝင်ပြီး ယခင်အခါက Verbenaceae မျိုးရင်းတွင်ပါဝင်သည်။

မျိုးစု။ Gmelina

မျိုးစိတ်။ arborea

၄င်းမျိုးရင်းတွင်ပါဝင်သောသစ်ပင်ကြီးများမှာ--

၁။ ကျွန်းပင် Teak, *Tectona grandis.*

၂။ တောင်တန်ကြီးပင် Headache tree, *Premna integrifolia.*

၃။ ကြက်ရိုးပင် Dusky fire, *Premna latifolia*

၄။ ကျွန်းဖိုပင် Bastard teak, *Premna tomentosa*

၅။ ကြက်ရိုးပင် Chaste can *Vitex canescens*

၆။ ကျွန်းခေါက်နွယ်ပင် Chaste tree,*Vitex limonifolia*

၇။ ကြောင်ပန်းကြီးပင် Indian privet, *Vitex negundo*

၈။ ဖက်လည်စင်းပင် Blackwater fever tree, *Vitex peduncularis*

၉။ ကြက်ရိုးပင် Hemp tree, *Vitex pubescens* စသည်တို့ဖြစ်ကြသည်။

ပေါက်ရောက်ခြင်း

ကမ္ဘာပေါ်တွင် ယမနေပင်များသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့၌ သဘာဝအတိုင်းပေါက်ရောက်ကြသည်။

စာမျက်နှာ [၃၉]သို့